www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ရူးကောင်ရိုင်း

သရာကြီးစတိုင်(လ်)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
ဇန်နဝါရီလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဗိုလ်ပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်
ဆရာကြီးစတိုင်လ်/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ဆရာကြီးစတိုင်လ်

လောကကြီးတွင် ဆွံ့အနေသူများမှအပ ကျန်သည့်လူများသည် သဘာဝအရ ပါးစပ်ကြီးဖြင့် စကားပြောဆိုကြပါသည်။ ထိုသို့စကားပြောဆိုရာ၌ ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ (၁) စကားနည်းသောသူ၊ (၂) သာမန်မျှစကားပြောသောသူ၊ (၃) စကားများသောသူ ဟူ၍ဖြစ်သည်။

ထိုသုံးမျိုးသုံးစားထဲမှ စကားများသောသူစာရင်းထဲ၌ ငတီးဆိုသောကောင်သည် ထိပ်ဆုံးမှပါဝင်သည်။

ဟုတ်ပါသည် ငတီးသည် စကားအလွန်များသည်။

စကားများသည်ဆိုရာ၌ တစ်ဖက်လူအား အကြောင်းအရာမရှိ၊ တောင်စဉ်ရေမရ လျှောက်ပြောခြင်းတော့မဟုတ်။ တစ်ဖက်လူစိတ်ဝင်စားပြီး အကျိုးရှိစေမည့် အကြောင်းအရာမျိုးကို ရွေးချယ်ကာ သိုင်းဝိုင်း၍ ပြောဆိုခြင်းသာဖြစ်၏။

ထို့ကြောင့် ငတီးနှင့်စကားပြောဆိုမိပြီဆိုလျှင် ဗဟုသုတကတော့ ကျေနပ်ရမည်ဖြစ်သည်။ သို့ရာတွင် နောက်ဆက်တွဲပြဿနာလေးတွေတော့ နည်းနည်းရှိ၏။

ဒါကဘာလဲဆိုတော့…

ဥပမာ–ကိုယ်က အချိန်နှင့်သွားစရာရှိနေသည့်အချိန်မျိုးတွင် ငတီးနှင့် အမှတ်မထင်တွေ့မိကြပြီး နှုတ်ဆက်စကား တစ်ခွန်းနှစ်ခွန်းလောက် ပြောဆိုမိလိုက်ပြီဆိုပါတော့…

'ငတီး… ဘယ်လဲကွ'

ဗိုလ်ပြည့်စာပေ

www.burmeseclassic.com



'လက်ဖက်ရည်ဆိုင်လေဗျာ… ခင်ဗျားကရော'

'ဒီအချိန်ကျမှ အလုပ်သွားမလို့ပေါ့ကွ'

'ဪ… ဒါဆိုလည်း အလုပ်မှာ ဝီရိယလေးထားပြီး လုပ်ပေါ့ဗျာ'

'အောင်မယ်… မင်းက ငါ့ကို ဝီရိယမရှိတဲ့ကောင်များ ထင်နေလား'

'ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူးဗျာ၊ လူတစ်ယောက်က ဝီရိယတကယ်ရှိပြီဆိုရင် သူ့အပေါ်မှာ ကျရောက်လာမယ့် ကံကြမ္မာဆိုးတွေကိုတောင်မှ ပယ်ဖျက်ပစ်နိုင်တယ်ဗျ၊ အဲဒါကြောင့် ကျွန်တော်က တိုက်တွန်းတာသတိပေးတာ ဟဲ…ဟဲ ဒီစကားတွေကို ကျွန်တော့်ဘာသာကျွန်တော်တွင်ပြီး ပြောနေတာမဟုတ်ဘူးနော်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ဒီလိုပြောခဲ့တာဗျ××××××××××××××××××××'

ဟု အစချီပြီး မြတ်စွာဘုရားရှင်လက်ထက်တုန်းက ဖြစ်ပျက်ခဲ့သည့်ဝီရိယနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုကို မျက်စိထဲကွက်ကွက်ကွင်းကွင်းမြင်ယောင်လာပြီး စိတ်ဝင်စားစေသည်အထိ တော်ကီကောင်းကောင်းဖြင့်ပြောပါလေတော့သည်။

တစ်ဖက်လူမှာတော့ ငတီးတော်ကီမှာမျောပြီးရင်းမျော၍…

ဒီလိုနှင့် အလုပ်နောက်ကျသွားပြီး အလုပ်သို့ရောက်သောအခါ အလုပ်ရှင်ထံ…

'မင်း ဆက်တော်ဝီရိယမရှိတဲ့ကောင်ပဲကွ' ဟု အစချီ ဆူပူကြိမ်းမောင်းခြင်းကို ခံလိုက်ရပါတော့သည်။

ဒီလိုပြဿနာမျိုးလေးတွေ ရှိနေသဖြင့် ရပ်ကွက်ထဲရှိလူတော်တော်များများက သူတို့ထံတွင် အချိန်မရှိပါက ငတီးနှင့် မတွေ့ဆုံမိအောင်ရှောင်ကြ၊ ရှားကြသည်။ တွေ့ပါက သူပြောတာကို နားထောင်ကောင်းကောင်းနှင့် နားထောင်မိနေခြင်းကြောင့် ဟိုနောက်ကျ ဒီနောက်ကျတွေ ဖြစ်တတ်တာကိုး။





အဲ… ဒါပေမဲ့ အလုပ်ပိတ်ရက်လိုနေ့မျိုးကျတော့လည်း ငတီးကိုမတွေ့တွေ့အောင်လုပ်ရှာ၍ စကားလာပြောကြသည်။ ဒါမှလည်း ငတီးသိတာကိုယ်သိလိုတဲ့ ဗဟုသုတတွေ သိရပြီး အသုံးကျတာကိုး။

ထို့ကြောင့်… ငတီးဆိုသော သကောင့်သား၏အနီး၌ တနင်္လာနေ့မှသောကြာနေ့အထိ လူပါးနေတတ်ပြီး စနေ၊ တနင်္ဂနွေပိတ်ရက်များတွင်တော့လူတရှုန်းရှုန်းရှိနေတတ်သည်။

အဲ… ဒီလိုတော်ကီကောင်းပြီး ဗဟုသုတများ၍ စကားအင်မတန်ပြောချင်နေသော ငတီးဆိုသည့် တစ်ရွာကိုး တစ်ရွာတစ်ဆယ်ကောင်၏…

ဘဝတစ်ဆစ်ချိုးကတော့ … ခွတီးခွကျကြီးကို ရောက်လာခဲ့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ရပ်ကွက်နံနက်ခင်း၏ ရှုပ်ရှုပ်ထွေးထွေးသံစဉ်များ ထွက်ပေါ်နေသော လက်ဖက်ရည်ဆိုင်အတွင်းသို့ ခင်ဝင်လိုက်ချင်းမှာပင် ဝိုင်းတစ်ဝိုင်း၌ တစ်ယောက်တည်းထိုင်၍ ခေါင်းကို လက်ဖြင့်အုပ်ကိုင်ထားသော ဆိုက်ကားနင်းသည့် ကိုဝင်းမြိုင်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် မိမိ၏မနက်ခင်းပိုင်း ဈေးဦးပေါက်ပစ်မှတ်သည် ကိုဝင်းမြိုင်ဟု ခေါင်းစဉ်တပ်လိုက်ပြီး တေး ထိုဝိုင်းသို့ သွားထိုင်လိုက်သည်။

'ဟာ… တေး… လာထိုင်လေကွာ'

'အင်း… အင်း'

အခုတော့ ဝင်ထိုင်ပြီးနှင့်ပါပြီ။ စားပွဲထိုးကောင်လေးကို ပေါ့ဆိမ့် တစ်ခွက်အရင်မှာပြီးမှ ခုချိန်ထိ ခေါင်းကိုလက်ဖြင့်အုပ်ကိုင်ထားပြီး မျက်နှာ ရှုံ့မဲ့နေဆဲဖြစ်သော ကိုဝင်းမြိုင်အား…

'ဘာဖြစ်နေတာလဲ ကိုဝင်းမြိုင်… ခင်ဗျားကြည့်ရတာ နေမကောင်း ဘူးနဲ့တူတယ်'

'အေး… ငါ ညက များသွားလို့ အနာကျနေတာ'

အရက်ကို မဆင်မခြင်သောက်တတ်သူများ ဖြစ်လေ့ဖြစ်ထရှိတဲ့





ဝေဒနာမျိုးပါ။ ပြောရလျှင် အရက်နာကျခြင်းက တော်တော်ခံရခက်တဲ့ ဝေဒနာပါ။ ဘာမှလည်း မစားချင်မသောက်ချင်။ ခန္ဓာကိုယ်တစ်ခုလုံး အားအင်တွေမဲ့ပြီး ခေါင်းကလည်း တဒိန်းဒိန်းကိုက်နေတတ်သည်။

'ခင်ဗျားကလဲဗျာ ဒီလောက်အထိ အလွန်အကျွံမသောက်နဲ့ပေါ့'

'အေးကွာ သောက်ရင်းနဲ့ မူးသွားတော့လည်း အတိုင်းအဆမရှိဖြစ် ကုန်တာပါ'

'ခင်ဗျားမှာက ကလေးသုံးယောက်ရှိတယ်မဟုတ်လား'

'အေး'

'ဒီနေ့ ခင်ဗျား ဆိုက်ကားရောထွက်ဖြစ်ဦးမှာလား'

'ဒီလောက်အနာကျနေတာကွာ ဘယ်နင်းနိုင်ပါတော့မလဲ'

'ကျွတ်… အဲဒါဆို ခင်ဗျားကလေးတွေ ဘယ်ကပိုက်ဆံနဲ့ ထမင်း သွားစားကြမှာလဲ'

ကိုဝင်းမြိုင် မျက်နှာမသာမယာနှင့် ငြိမ်နေသည်။

တေးပြောတာကလည်း ဟုတ်နေတာကိုး။ တစ်နေ့လုပ်မှ တစ်နေ့ စားရတဲ့ လူတန်းစားများအဖို့ ယခုလို အလုပ်တစ်ရက်ပျက်မိပါက အိမ်က မိသားစုက ဒုက္ခရောက်ပေရော့ပဲ။ တေးက…

'ကိုဝင်းမြိုင်… ခင်ဗျား အရက်ဖြတ်လိုက်ပါလားဗျာ၊ ဒါဆိုရင် ခင်ဗျားအတွက်ရော၊ မိသားစုအတွက်ပါ အဆင်ပြေသွားမယ်'

ကိုဝင်းမြိုင်က အမှန်တကယ်နောင်တရနေသည့် လေသံမျိုးဖြင့်…

'အေးကွာ၊ ငါလည်း အဲဒီလိုမျိုးစဉ်းစားမိလို့ အရက်ဖြတ်ဖို့ ကြိုးစား ပါသေးတယ်၊ ဒါပေမဲ့ကွာ အချိန်တန်တော့လည်း ပြန်သောက်မိတာပါပဲ'

'ခင်ဗျားက ပါးစပ်နဲ့ပဲ ဖြတ်နေတာကိုးဗျ၊ အရက်ဖြတ်တယ်ဆိုတာ စိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ ဆုံးဖြတ်ပြီး ဖြတ်ရတာ'

ကိုဝင်းမြိုင် သက်ပြင်းချ၍…



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ငါကိုယ်၌ကိုက စိတ်ဓာတ်ပျော့လွန်းတာပါကွာ'

'ကဲ… ထားပါတော့ ခင်ဗျား အရက်ကို တကယ်ဖြတ်ချင်တဲ့စိတ် ရှိလား'

ကိုဝင်းမြိုင် တွေတွေဝေဝေပုံစံဖြင့်…

'အင်း… ရှိတော့ရှိတယ်ကွ၊ ဒါပေမဲ့ တုံးတိကြီးဆိုတော့…'

'ကျုပ်သိပါတယ်၊ ခင်ဗျားကိုလည်း တုံးတိကြီး မဖြတ်ခိုင်းပါဘူး။ ပုံမှန်သောက်သလို သောက်ရင်းနဲ့ပဲ ပြတ်သွားအောင် လုပ်ပေးမှာပါ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ကိုဝင်းမြိုင်၏ မျက်လုံးတို့ အရောင်လက်ခနဲဖြစ်သွားပြီး…

'တကယ်လား ငတိး'

'တကယ်ပေါ့ဗျ'

'အေးကွာ… ပုံမှန်သောက်သလို သောက်နေရင်းနဲ့ ပြတ်သွားမယ်ဆိုတော့လည်း စိတ်ဝင်စားသား'

အရက်သမားတိုင်းသည် ဒီလိုချည်းပဲ ဖြစ်သည်။ အရက်ကို ဖြတ်လည်းဖြတ်ချင်သည်။ အဲ… တစ်ချိန်တည်းမှာပဲ အသောက်ကလည်း မဖြတ်နိုင်။ ခု… ငတိးက သောက်ရင်းနဲ့ ပြတ်သွားစေရမည်ဆိုတော့ စိတ်ဝင်စားပြီပေါ့။

'ဒါနဲ့ ခင်ဗျား တစ်ရက်ကို ဘယ်လောက်လောက် သောက်လဲ'

'အင်း… တစ်လုံးလောက်တော့ ရှိတယ်'

'ဟုတ်ပြီ… ခုလည်း ခင်ဗျား တစ်ရက်ကို တစ်လုံးသောက်ရမယ်။ ဒါပေမဲ့ တစ်ထိုင်တည်းနဲ့ တစ်လုံးသောက်လို့မရဘူး၊ တစ်ခါသောက်ရင် တစ်ပိုင်းပဲ သောက်ရမယ်။ တစ်လုံးမှာ လေးစိပ်ပါတယ်ဆိုတော့ တစ်ရက်ကို ခင်ဗျား လေးကြိမ်တော့ သောက်ရမှာပေါ့'

ထိုသို့ပြောလိုက်ခြင်းကြောင့် ကိုဝင်းမြိုင် အူတူတူဟန်ဖြင့်…





'မင်းဟာက ဘယ်လိုကြီးလဲကွ'

'ဒီလိုကြီးပဲလေ၊ ခင်ဗျားပဲပြောတော့ အရက်ဖြတ်ချင်တယ်ဆို'

'အေး… အေးပါကွာ'

'ဪ… ပြောဖို့တစ်ခုကျန်နေတယ်၊ အရက်သောက်ပြီဆိုရင်လည်း ခါတိုင်းသောက်နေတဲ့ ဒီရပ်ကွက်ထဲက ဆိုင်တွေမှာ သောက်လို့မရဘူး၊ ဟိုဘက်ရပ်ကွက်က ဆိုင်မှာ သွားသောက်ရမယ်၊ ပြီးတော့ သွားရင်လည်း လမ်းလျှောက်ပြီးတော့ သွားရမယ်'

'ဟာ… အဝေးကြီးဟာကိုကွာ၊ ဆိုက်ကားလေးနဲ့တော့ သွားပါရစေ'

'ဟင့်အင်း… လုံးဝမရဘူး၊ လမ်းလျှောက်ပြီးပဲ သွားရမယ်'

ကိုဝင်းမြိုင် ခေါင်းကုတ်သည်။ ပြီးမှ…

'အဲ့ဒီလိုမျိုး သွားသောက်တာနဲ့ပဲ အရက်က တကယ်ပြတ်ရောလား'

'အချိန်တန်တော့လည်း ပြတ်သွားမှာပါဗျာ၊ ပူမနေပါနဲ့၊ ဒါပေမဲ့ ကျုပ်ပြောတဲ့အတိုင်းတော့ ခင်ဗျား တစ်သဝေမတိမ်း လိုက်လုပ်ရမယ်၊ ပြီးတော့ နေ့တိုင်း တစ်ရက်မပျက် အရက်ကို သွားပြီးသောက်ရမယ်'

'အဟား… ဒါကတော့ စိတ်ချ'

'ဟုတ်ပါပြီ၊ ကြည့်ရသေးတာပေါ့လေ'

(မှတ်ချက်။ ။ထိုနည်းလမ်းသည် စိတ်ကုဆရာဝန် ဒေါက်တာဗီလ်တာန်အဲရစ်ဆင်၏ စိတ်ကုထုံးနည်းလမ်းဖြစ်ပါသည်။ မယုံလျှင် အရက်သမားများ စမ်းသပ်ကြည့်နိုင်ကြပါသည်။)

'ဟာ… ဟိုမှာ ကျွန်တော်လိုက်စကားပြောနေတဲ့ ကောင်မလေး လာနေပြီဗျ'

ဟု ပြောရင်း အိတ်ထဲမှ ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ်ကာ…

'ရော့ဗျာ… ဒီမှာ လက်ဖက်ရည်ဖိုးရယ်၊ ခင်ဗျားကလေးတွေ မုန့်ဖိုးရယ် ထားခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အားနာစရာကြီးကွာ'

'ရတယ်… ရတယ်… ယူထား… ယူထား၊ ခင်ဗျားလည်း ကျုပ်ပြောသလို သောက်ဖြစ်အောင် သောက်လိုက်ဦးနော်၊ သွားပြီ'

ထိုသို့ပြောပြီး ငတီးဆိုင်ထဲမှ အပြေးအလွှား ထွက်သွားသည်။

ခြေလှမ်းများ ဦးတည်ရာကတော့ သူလိုက်စကားပြောနေသော ကောင်မလေးရှိရာသို့…

•

ဒီနေရာမှာ စကားနည်းနည်းတော့ ဆိုချင်ပါသည်။

ရပ်ကွက်ထဲတွင် မိန်းမလှလေးပေါင်း မြောက်မြားစွာရှိပါသည်။ ထိုမြောက်မြားစွာထဲမှ တော်တော်များများကို ငတီး ယခုကဲ့သို့ လိုက်၍ စကားပြောလေ့ရှိပါသည်။ ထို့ကြောင့် ရုတ်တရက်ကြည့်လျှင် ငတီးက တော်တော်မျက်နှာများချင်သည့်ကောင်ဟု သတ်မှတ်ချင်စရာပါ။ သူက ကောင်မလေးတစ်ယောက်ပြီးတစ်ယောက် လိုက်ပြီးစကားပြောနေတာကိုး။

ဒါပေမဲ့ အကြောင်းသိသူများကတော့ ငတီးကို ထိုကဲ့သို့ လုံးလုံး မသတ်မှတ်ပါ၊ အဲ… ဒီကောင် အကြောင်းကြောင်းပါကွာဟူ၍ သတ်မှတ်တာမျိုးတော့ ရှိသည်ပေါ့။

အဘယ့်ကြောင့် ထိုသို့သတ်မှတ်ရသနည်း?

ငတီးသည်ကောင်က ထိုသို့သော ကောင်မလေးများကို စကားချည်းပဲသက်သက် လိုက်ပြောခြင်းကြောင့်ပင် ဖြစ်သည်။

ငတီးပြောသော စကားတွေကတော့…





'ဟော… ဘဦး မင်းလမ်းလျှောက်တာက မြန်လိုက်တာကွာ၊ နိုး'

ထိုသို့ပြောပြီး သူ့မန်အားသို့ ရောက်လာသော ငတီးကို ကောင်မလေးက မျက်စောင်းကြီးကြီး ထိုးချလိုက်ပြီး ခေါ်သံဖြင့်…

'ကျွတ်… ကျွန်မကို အဲ့ဒီလို ဘဦးလို့မခေါ်ပါနဲ့လို့ ပြောထားတယ်လေ'

'ဘာဖြစ်လို့လဲကွ၊ အဲ့ဒါ မင်းနာမည်ပဲမဟုတ်လား'

'ဟုတ်တယ်လေ၊ ဒါပေမဲ့ ကျွန်မ မကြိုက်ဘူးရှင့်'

'ဒါဆို မင်းက မင်းအဖေကို သဘောမကျဘူးဆိုတဲ့ သဘောပေါ့'

'အိုး… ဘာဆိုင်လို့လဲ'

'ဟာ… ဆိုင်တာပေါ့၊ မင်းအဖေနာမည်က ဦးဘဦး၊ မင်းနာမည်က ကေသီဘဦး၊ ဒါကြောင့် ငါက မင်းနာမည်ကို အနောက်ဆွတ်ပြီး ဘဦးလို့ ခေါ်တာကို မင်းက သဘောကျပါဘူးဆိုတော့ ဘဦးဆိုတာ မင်းအဖေ နာမည်ဖြစ်တဲ့အတွက် မင်းအဖေကို မင်းသဘောမကျဘူးဆိုတဲ့ အဓိပ္ပာယ် ရောက်သွားတာပေါ့ကွ'

'ကျွတ်'

ကေသီဘဦးမှာ ဘာပြန်ပြောလို့ ပြောရမှန်းမသိဖြစ်သွားကာ စိတ်ဆော်တော်လေး ရှုပ်သွားပုံရ၏။ သူ့ခမျာ မိန်းကလေးစင်စစ်ဖြစ်လျက်နှင့် သောက်ျားနာမည်ကြီးဖြစ်သော ဘဦးဟုကလည်း အခေါ်မခံချင်။ ထိုသို့သော နာမည်မျိုးကြီးကို ပေါက်တီပေါက်ရှာ မှည့်ထားသော ဖခင်ဖြစ်သူ ဦးဘဦး ကိုလည်း ငရဲကြီးမှာကြောက်သဖြင့် အပြစ်ကလည်း မတင်ချင်။

ထိုကဲ့သို့သော အကျပ်နံကျပ်အခြေအနေကြောင့် စိတ်ကို လျှော့ချလိုက်ပြီး မိမိအား ရွှေဉာဏ်တော်စူးရောက်ပြီး ဘဦးဟုခေါ်တော်မူသော တီးဆိုသည့် ငတီအား မျက်နှာချိုသွေးရန် ပြင်ရတော့သည်။

'အဟင်း… ကိုငတီး'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး… ကြော ဘဦး'

ကောသီဘဦး မာင်းမနဲ့ သံလိပ်ဖြင်းချ၍…

'ဟိုလေ… ကျွန်မကို အနှောက်အယှက်ပြီး ဘဦးလို့မခေါ်ဘဲ အရှေ့ အွတ်ပြီး ကောသီလို့ပဲခေါ်ပါလားဟင်၊ ဒါဆို ကျွန်မအတွက် အဆင်ပြေတာပေါ့ အဟင်း…'

ဝေတီး ခေါင်းကို ခပ်လေးလေး ခါသည်။ ပြီးမှ…

'မင်းအတွက် အဆင်ပြေပေမယ့် ငါ့အတွက်ကျတော့ အဆင်မပြေ ဘူးကွ'

'ဘာဖြစ်လို့လဲ'

'ဒီလိုလေကွာ၊ ကောသီဆိုတဲ့နာမည်ကို ခေါ်လိုက်ရင် လျှာဖျားလေး ပေါ်ကထွက်လာတာဖြစ်လို့ လေးလေးနက်နက်မဖြစ်ဘူး၊ ပေါ့ရှတ်ရှတ်နဲ့ အဲ… ဘဦးဆိုတဲ့နာမည်ကတော့ ဒီလိုမဟုတ်ဘူး၊ ရင်ခေါင်းထဲက ထွက်လာတဲ့အသံ၊ လေးလေးပင်ပင်လည်းရှိသလို ခေါ်မိလိုက်တိုင်းလည်း အားပါးရကြီး… ဟီး… ဟီး ဒါကြောင့် ငါက မင်းကို ဘဦးဆိုပြီးတော့ ခေါ်ချင်တာကွ… အဟီး'

'ဘာ… ဘာ'

'မကြားလိုက်လို့လားဟင်… ဘဦး'

ဘဦး… အဲ… ကောသီဘဦး ရင်ခေါင်းသံကြီးဖြင့်…

'ကြားတယ်… ကြားတယ်၊ ခုချိန်ကစပြီး ရှင့်ဘာသာရှင် ဘဦးလို့ ခေါ်ခေါ်၊ ဘာထူးလို့ပဲခေါ်ခေါ် ကျွန်မ လုံးဝဂရုမစိုက်တော့ဘူး… ဟွန်း'

'အဟား… တကယ်နော် ဘဦး'

ကောသီဘဦး… ဝေတီးကို မျက်စောင်း ဝက်ပက်စက်ခက်ထိုးသည် အကြိတ်ပြသည်။ ပြီးနောက် ခြေလှမ်းကို ဝှန်းနိုင်းကြဲနေအောင်ပင် လျှောက်လေတော့၏။





သူ့အမျှာ ထိုးစစ်ရော ခံစစ်ပါ သုံးမရတော့ မှောက်ပုံ လက်မြှောက်အရှုံး နဲ့ ခင်းရတော့တာပေါ့လေ။

ဒါကို ဝေတီးက နည်းနည်းလေးမှ ဂွန်မသွားဘဲ ကောသီဘဦးခြေလှမ်းကို မီအောင် အရှိန်မြှင့်လိုက်လျှောက်လိုက်ပြီး…

'ဘဦး… ဘဦး'

သူ့အမေကို ခေါ်နေသည်ဟု ကောသီဘဦး မှတ်ယူပစ်လိုက်ဟန်ဖြင့် လုံးလုံးပြန်မထူးပါ။ ထို့ကြောင့် ဝေတီး မျက်နှာကို တမင်တကာငယ်ပစ်လိုက်ပြီး…

'စိတ်မဆိုးပါနဲ့ ဘဦးရယ်၊ ဘဦးကို ဘဦးလို့ခေါ်တာ ဘာဖြစ်လို့ ဘဦးက စိတ်ဆိုးရမှာလဲလို့'

'ကျွတ်'

'ကျလိ'

ကောသီဘဦး ဘုကြည့် ကြည့်သည်။

ထို့ကြောင့် ဝေတီး သွားပြန်ဖြဲပြလိုက်၏။

'အဟီး…စိတ်ဆိုးနဲ့နော် ဘဦး'

'ကျွတ်… ဒီမှာ ကိုဝေတီး'

'ဗျာ…'

'ရှင့်ပါးစပ်ကြီးကို ပိတ်ထားလို့မရဘူးလား'

'ဟင့်အင်း'

'ရရ၊ မရရ၊ ရအောင်ပိတ်ထား'

'မပိတ်ပါရစေနဲ့ဗျာ၊ ဒီမှုါးစပ်လေးနဲ့ပဲ အသက်ရှင်နေရတာပါ'

'ဒီမှာ ရှင့်ကို ကျွန်မ စကားအကုန်ပြောမယ်'

'ဟုတ်ကဲ့… ပြောပါ ဘဦး'

'ပထမ… ရှင့်အသံကို လုံးဝမကြားချင်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…'

'ဒုတိယ… ရှင့်မျက်နှာကြီးကို လုံးဝမမြင်ချင်တော့ဘူး'

'အယ်!'

'တတိယ… အဲ့ဒါတွေကြောင့် ရှင် ကျွန်မနောက်ကို လုံးဝ လုံးဝ ဆက်မလိုက်ပါနဲ့တော့'

'ပြီးပြီလား ဘဦး'

'ပြီးပြီ… ဟွန်း'

'ဒါဆိုရင် ငါ့ဘက်ကလည်း ပြောစရာတစ်ခုရှိတယ်ကွ'

ကေသီဘဦးက ပြောလေ ပြောပါဟု ပြန်၍မပြောပါ။ ပါးစပ်ကြီး ပိတ်၍ ရုပ်မာမာကြီးဖြင့် လှမ်းလျှောက်နေပါသည်။ ထို့ကြောင့် ငတီးက ဆက်၍…

'ငါ့မှာ ရောဂါတစ်ခုရှိတယ်ကွ'

စိတ်ဝင်စားသွားဟန်ဖြင့် ဆတ်ခနဲလှည့်ကြည့်ပြီး…

'ဘာရောဂါလဲ…'

'စကားမပြောရ မနေနိုင်တဲ့ရောဂါ… အဟီး…'

ကေသီဘဦး မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့ပစ်လိုက်သည်။

ငတီးက ဆက်၍…

'တကယ်ပြောတာကွ၊ ငါက အိပ်ပျော်နေရင်းတောင်မှ အိပ်မက်ထဲ… စကားတောက်လျှောက်ပြောနေတတ်တဲ့ကောင်၊ အဲ… ခုလိုမျိုး နိုးထနေ… အချိန်တွေဆိုရင် ပြောမနေနဲ့တော့၊ တွေ့ရင် တွေ့တဲ့လူနဲ့ စကားပြောလိုက်… ကို နေသာထိုင်သာ ရှိတာ… အဟင်း…အခု မင်းက ငါ့ကို စကားလို… မပြောပါနဲ့ဆိုတော့ ငါ့အတွက် စိတ်ညစ်စရာတော့ ကောင်းသွားပြီ…'

ကေသီဘဦး မျက်မှောင်ကျုံ့လိုက်မိသည်။

'နေပါဦး… ရှင်… ကျွန်မနောက်ကို အခုလိုလိုက်ပြီး စကား…





ပြောပြောနေတာ ဘာကြောင့်လဲ'

'ဒီလိုပဲစကားလိုက်ပြောချင်လို့ ပြောတာလေ'

'ဒါဆို… ရှင် ကျွန်မကို ချစ်လို့ကြိုက်လို့ လိုက်စကားပြောနေတာ မဟုတ်ဘူးပေါ့'

'အာ… ဘယ်ကလာ… ရိုးရိုးသားသား စကားပြောချင်ရုံလေး လိုက်ပြောနေတာ'

ကေသီဘဦး ရင်ထဲတွင် မျက်ခနဲပင် ဖြစ်သွားမိ၏။

အကဲခတ်သည့်အနေဖြင့် ငတီးမျက်နှာကို ဖျတ်ခနဲကြည့်မိတော့ …အရောင်အဆင်းမှ မရှိသည့် မျက်နှာသေဖြင့် အမှန်အကန်ပြောနေသည့် ပုံ။

ဒါဆို ဒင်းက ကိုယ့်ကိုမကြိုက်ဘဲနဲ့ အားအားယားယား ပါးစပ်လိုက် …ချောင်ရုံပဲ ချောင်နေခဲ့တာပေါ့။ ဒါကြောင့် ကိုယ့်နောက်ကိုလိုက်တဲ့ရက်တွေ …ာ ကြာနေပြီ၊ ခုချိန်ထိ မရိုးမသားစကားလေး တစ်ခွန်းတောင်မှ မပြောခဲ့ …ာ ထူးတော့ ထူးတယ်ဟု ထင်မိသား။

သူ လိုက်လိုက်ပြီး စကားပြောတိုင်း ကိုယ့်မှာတော့ ရင်တွေခုန်လိုက် …ား ဘဦးလို့ ကိုယ့်ကိုခေါ်တာကလည်း တမင်တကာ စချင်လို့ ခေါ်တာ …လည်း ဖြည့်ပြီးတွေးပေးပြီးသား။

ခုတော့… ဒင်းက တမင်သက်သက် လိုက်ပြီးအာချောင်တာပါတဲ့။ …ောင်းရော…။

ကေသီဘဦး၏ ရင်ထဲမှ ငတီးဆိုသည့်အကောင်အား တော်တော်ပင် …ညည်းမိသွား၏။ ထိုနာကျည်းချက်ကြောင့် ရင်ထဲမှ လက်စားချေလိုစိတ် …ည် ရုန်းကန်ထွက်လာပြီး ဦးနှောက်ကို နှိုးဆွကာ မိန်မညာဏ်တို့ စီးဆင်း… …ထွက်လာပါတော့သည်။

မျက်နှာအနေအထားကို အရင်ဆုံး ပြင်ဆင်ပစ်လိုက်သည်။ ပြီးမှ…

www.burmeseclassic.com



'တိုငတီး'

'ရှာ…'

'ရှင် စကားမပြောရ မနေနိုင်ဘူးဆိုတာ တကယ်လား'

'တကယ်ပေါ့'

'ကျွန်မကတော့ ဒီလိုထင်မထားဘူး'

'ဘာများဖြစ်လို့ပါလိမ့်'

'ရှင် တစ်လလောက်တော့ စကားလုံးဝမပြောဘဲ နေနိုင်တယ်လို့ ထင်ထားမိတယ်'

'အဟား… မဟုတ်တာ'

ငတီး ပခုံးတွန့်လိုက်မိသည်။ ဒီကောင်မလေး မိမိကို ဘာတွေပြောနေသနည်း။ နောက်ခဏကြာတော့ ရုပ်လုံးပေါ်လာသည်။

'ရှင်နဲ့ကျွန်မ ကစားပွဲလေးတစ်ခုလောက် လုပ်ရအောင်'

'ဘယ်လို… ကစားပွဲ ဟုတ်လား'

'အင်း'

ငတီး စိတ်ဝင်စားလာမိသည်။ ကေသီဘဦးက လေသံငြိမ်ငြိမ်ဖြင့် ဆက်၍…

'ကစားပွဲက သိပ်ထူးထူးဆန်းဆန်းကြီးတော့ မဟုတ်ပါဘူး၊ ကျွန်မနဲ့ ရှင်နဲ့ မေးခွန်း တစ်ယောက်တစ်ခု အပြန်အလှန် မေးကြမယ်၊ ဖြေနိုင်တဲ့လူက နိုင်ပြီး မဖြေနိုင်တဲ့လူက အရှုံးပေါ့'

'အဟား… ဘာများလဲလို့၊ ဒါဆို သရေတွေဘာတွေကျနေရင်ကော ကွာ'

'အနိုင်အရှုံးပေါ်တဲ့အထိ ဆက်မေးကြရုံပေါ့'

'ကောင်းပြီလေ၊ ဒါဆိုရင် ဘာကြေးလဲ'

'နိုင်တဲ့လူက ရှုံးတဲ့လူကို ကြိုက်ရာခိုင်းကြေး'





ငတီး သဘောကျစွာ ဟက်ခနဲပင် ရယ်မိလိုက်၏။ ဒီကောင်မလေး တော်တော် ကလေးဆန်တာပဲ။ အဲ… ပျော်ဖို့တော့ ကောင်းနေပြီ။ ဒါပေမဲ့ ကိုယ်ဘယ်လိုလူစားလဲဆိုတာကိုတော့ သိအောင်ကြိုပြောထားမှ။ ထိုသို့တွေးပြီး…

'ဒီမှာ… မင်းကို ငါ ကြိုတော့ပြောထားမယ်၊ အဲ့ဒါ ဘာလဲဆိုတော့ ငါက သိပ်အတော်ကြီးတော့ မဟုတ်ပေမယ့် ဗဟုသုတအရာမှာ တော်တော်လေးတော့ တီးမိခေါက်မိရှိတယ်နော်'

ကေသီဘဦး မဲ့ပြုံး ပြုံးသည်။ ပြီးမှ စိတ်မရှည်သောလေသံဖြင့်…

'ကဲပါ… အပိုတွေပြောမနေနဲ့၊ လောင်းကြေးကို ရှင်သဘောမတူဘူးလား၊ တူမှာလားဆိုတာကိုသာ ပြော'

'တူပါတယ်ဗျာ… တူပါတယ်'

'နိုင်တဲ့လူက ကြိုက်ရာခိုင်းကြေးနော်'

'ဟုတ်ပါတယ်'

ငတီး စိတ်ထဲမှနေ၍ ဟွန်း… ငါနိုင်မှ နားရွက်ဆွဲပြီး ထိုင်ထ ထယ်ခါလောက်ကို လုပ်ခိုင်းဦးမယ်ဟု တွေးလိုက်ပြီးမှ…

'ကဲ… မင်းအရင်မေး'

'ရှင်အရင်မေးပါ'

'မဟုတ်ဘူး၊ မင်းက မိန်းကလေးဆိုတော့ အရင်မေး'

'ကောင်းပြီ၊ ဒါဆို ကျွန်မ အရင်စမေးမယ်'

ထိုသို့ပြောပြီး ကေသီဘဦး နှုတ်ခမ်းကိုကိုက်၍ ခဏမျှစဉ်းစားလိုက်ပြီး…

'အင်း… အိုလံပစ်မီးရှူးတိုင်ကို ဘယ်လိုပုံစံမျိုးနဲ့ ထွန်းညှိရတာလဲ'

ဟုမေးလိုက်ရာ ငတီး အံ့အားသင့်သွားမိသည်။ ကိုယ်ထင်ထားသလောက် ဒီကောင်မလေး ပေါ့သေးသေးတော့မဟုတ်။ သူမေးတဲ့ မေးခွန်း

www.burmeseclassic.com



သ အနည်းငယ်တော့ အဆင့်ရှိနေသည်လေ။ ဒါပေမဲ့ စာအုပ်ပေါင်းများစွာကို အရည်ကျိုသောက်ထားသော တေးအတွက်ကတော့ အသေးအဖွဲပါ။ ချောင်းအရင်ဟန့်၍…

'အဟမ်း… အဟမ်း… အိုလံပစ်မီးရှူးတိုင်ကို ဂရိပြည်အိုလင်းပတ်တောင်ပေါ်မှာကျရောက်တဲ့နေရောင်ကို မှန်ဘီလူးနဲ့ ခံပြီး ရလာတဲ့မီးတ အိုလံပစ်ကျင်းပမယ့်တိုင်းပြည်အရောက် မီးမငြိမ်းစေဘဲ တိုင်းပြည်အသီးသီးကို ဖြတ်ကျော်ယူဆောင်လာပြီး မီးထွန်းရတယ်… အဲ… ပွဲပြီးတော့ မီးကို ပြန်ပြီးငြိမ်းရတာပေါ့'

သူ့မေးခွန်းကို မှန်အောင်ဖြေနိုင်သွားသဖြင့် ကေသီဘဦးမျက်နှာ နီကုပ်ကုပ်ဖြစ်သွားသည်။

တေးက…

'ဟဲ… ဟဲ ဘယ်လိုလဲ မှန်တယ်မဟုတ်လား'

'မှန်တယ်… မှန်တယ်၊ ရှင့်အလှည့်ပဲ… မြန်မြန်မေး'

'ဟား… ဖြည်းဖြည်းပြောပါကွ၊ မေးမှာပါ'

ထိုသို့ပြောပြီးမှ ဆက်၍…

'အင်း… မင်းကို ညှာတာတဲ့အနေနဲ့ သိပ်အခက်ကြီးတော့ မေးမှာ ပါဘူး၊ လွယ်လွယ်လေးပဲ မေးမှာပါ၊ ကဲ မေးပြီ၊ ပန်းချီဆရာ လီယိုနာဒါဗင်ချီရဲ့ နာမည်ကျော်မိုနာလီဇာပန်းချီကားအတွက် သရုပ်ပြပေးတဲ့ အမျိုးသမီးနာမည်နဲ့ သူ့မခင်ပွန်းနာမည်ကိုပြော'

'ဟွန်း… ဒါများ ကလေးကအစ သိတယ်၊ ဒါပေမဲ့ ရှင့်မေးခွန်း မပြည့်စုံတဲ့အပြင် နှစ်ခုပေါင်းပြီး မေးခွန်းတစ်ခုမေးတာဖြစ်နေတယ်၊ သရုပ်ပေးသည်ဟု ယုံကြည်ရသော အမျိုးသမီးလို့မေးမှ ပြည့်စုံမှာရှင့်'

'ဟုတ်ပါပြီ… ဟုတ်ပါပြီ၊ ဖြေကြည့်ပါဦး'

'ဟုတ်ပါပြီ… ဟုတ်ပါပြီ၊ အတိအကျဖြေမှာပါ၊ ပန်းချီကားအမည်





မှာ အဖြေတစ်ဝက်ပါပြီးသား၊ လီဇာဂါရာဒီနီတဲ့၊ ယောက်ျားနာမည်က ဇာရန်ဆက်စကိုဒယ်လ်ဂျိုယိုကွန်ဒို'

ဒီကောင်မလေး တကယ်ကို မဆိုးပါဘူး။ ထို့ကြောင့် တေးပြုံး၍…

'မင်းက မဆိုးဘူးပဲ၊ ကဲ ဒီတစ်ပွဲ သရေကျသွားပြီဆိုတော့ နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးပါဦး'

'ဟင့်အင်း၊ ဒီတစ်ခါ ရှင်အရင်မေး'

'အာ… မဟုတ်တာ'

'မဟုတ်ဘူး၊ ရှင်အရင်မေး'

ခေါင်းကြောပါ ထင်တာထက် မာပုံရသည်။ ထို့ကြောင့် တေး အလျှော့ပေးလိုက်ရင်း…

'ကောင်းပြီလေ၊ ဒါဆို ငါပဲအရင်မေးတော့မယ်'

ဒီတစ်ခါတော့ မေးခွန်းကို နည်းနည်းတင်ပစ်လိုက်၏။

'ပထမဆုံးငွေစက္ကူကို ဘယ်သူကစတင်ပြီး ပုံနှိပ်ရိုက်ထုတ်ခဲ့တာလဲ'

ကေသီဘဦး တွေတွေဝေဝေလေး ဖြစ်သွား၏။

တေးအသာအယာ လက်ပိုက်၍ စောင့်ကြည့်နေလိုက်သည်။ ဒီကောင်မလေး မဖြေနိုင်တော့ဘူးထင်သည်။ ဒါပေမဲ့ တေးအထင် တက်တက်စင်အောင်ပင် လွဲသွား၏။

ခဏမျှကြာသောအခါ ကေသီဘဦးထံမှ တုံးတိတိလေသံဖြင့်…

'ဂျွန်လောစကော့… ၁၇၂၀ ခုနှစ်က'

တေး ဟိုက်ခနဲဖြစ်သွားသည်။

'အဟား… မင်းက တကယ်တော်တာပဲ ကြည့်စမ်း'

တေးမြှောက်လိုက်ခြင်း မဟုတ်ပါ။

ထို့ကြောင့် ကေသီဘဦးကလည်း မြှောက်သွားခြင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ကဲ… မင်းအလှည့်'

ခဏကြာသည်အထိ ကေသီဘဦးထံမှ မေးခွန်းထွက်မလာသေးပါ။ တစ်စုံတစ်ခုကို ချိုတုံ့ချတုံ့ဖြင့် စဉ်းစားနေဟန်ရှိသည်။

ထို့ကြောင့် ငတီးစိတ်မရှည်နိုင်တော့ဘဲ…

'မေးလေကွာ'

ကေသီဘဦး ခုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ဟန်ရှိသည့် ရုပ်တည်ဖြင့်…

'ကျွန်မခန္ဓာကိုယ်မှာ မှဲ့ဘယ်နလုံးရှိသလဲ'

'ဟေ…'

ငတီး ကြောင်တက်တက်ဖြစ်သွားသည်။

'အဲ… အဲ့ဒါ မေးခွန်းလား'

'ဟုတ်တယ်'

ငတီး တုန့်တုန့်ယင်ယင်လေသံဖြင့်…

'တ… တခြားဟာ ပြောင်း… ပြောင်းမေးပါလားကွာ'

'မမေးဘူး၊ ဒါပဲသိချင်တယ်'

'ဟာကွာ'

ငတီး စိတ်ညစ်သွားမိသည်။ သူမခန္ဓာကိုယ်မှာ မှဲ့ဘယ်နလုံးရှိတယ်ဆိုတာ သိရအောင် အင်း… မပြောချင်တော့ပါဘူး။

'မင်း… ဒါ သက်သက်မဲ့ညစ်ပြီးမေးတာပဲကွ'

'အိုး… ဒီမေးခွန်းမမေးရဘူးလို့ စည်းကမ်းချက်မှမရှိတာ'

'ဒါတော့ ဒါပေါ့ကွ၊ ဒါပေမဲ့ မေးမှ မမေးသင့်တာ'

'အို… မသိဘူး ရှင်ဖြေနိုင်လား၊ မဖြေနိုင်ဘူးလား၊ ဒါပဲပြော'

'မဖြေနိုင်ဘူးကွာ၊ မဖြေနိုင်ဘူး… ဟွန်း'

'ဟုတ်တယ်… ညစ်လာပြီ။ ဘယ်လိုလုပ် ဖြေနိုင်မှာတဲ့လဲ ဟင်း…။





ကေသီဘဦး နှုတ်ခမ်းတွန့်သည်ဆိုရုံမျှပြုံး၍…

'ဒါဆို ရှင် အရှုံးပေးပြီပေါ့လေ'

'ဟုတ်တယ်ကွာ၊ ကဲ မင်း ငါ့ကို ဘာခိုင်းမှာလဲ၊ အဲဒါသာပြော'

ကေသီဘဦး ဝိဝိပြင်ပြင်ပြုံးလိုက်သည်။ ပြီးမှ…

'ဒီနေ့ကစပြီး တစ်လတိတိ ရှင် ဘယ်သူနဲ့မှ စကားမပြောရဘူး'

ငတီး မျက်လုံးပြူးသွားသည်။

'မင်းဟာကြီးက ဘာကြီးလဲကွ'

'ဘာလဲ… မကြားလိုက်လို့လား'

'ကြားတယ်လေ၊ ဘာတဲ့… တစ်လတိတိ ငါက ဘယ်သူနဲ့မှ စကားမပြောရဘူး၊ ဟုတ်လား… အဓိပ္ပာယ်မရှိလိုက်တာကွာ'

'ရှင်နဲ့ ကျွန်မ လောင်းထားပြီးသွားပြီနော်၊ ရှင် မလုပ်လို့မရဘူး၊ သုပ်ကို လုပ်ရမယ်'

'ကျွတ်… ဂွဲပါ ဘဦးရာ၊ နောက်မနေစမ်းပါနဲ့၊ တခြားဟာ နိုင်းခမ်းပါ'

'ရှင့်ကို ကျွန်မက ဘာကြောင့်နောက်ရမှာလဲ၊ အတည်ပြောနေတာ'

'ဟာကွာ၊ ငါမလုပ်နိုင်ဘူး၊ တခြားဟာခိုင်း'

ဟုတ်တယ်လေ၊ တစ်လလောက်လုံးမှာ ကိုယ်အလုပ်ချင်ဆုံးအရာဆိုလို့ စကားပြောတာလေးပဲ ရှိတဲ့ [illegible] များတောင် စကား မပြောရဘူးဆိုတော့ သေပြီပေါ့။ ဒီ ဘဦးဆိုတဲ့ ငကိမ ကပ်သီးကပ်သတ်နဲ့ ဘယ်လိုဟာအကြံနဲ့ကို မသိ။

ကေသီဘဦး မျက်နှာ…

'ကိုငတီး'

'ဘာလဲ'

'ရှင် ယောကျာ်းမဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ဟုတ်တာပေါ့'

'ယောကျ်ားဆိုရင် ပြောပြီးသားကိစ္စကို ကတိတည်ရတယ်ရှင့်'

'ကျွတ်... မင်းဟာက အဓိပ္ပာယ်မှမရှိတာကိုကွာ'

'ရှင့်အတွက် အဓိပ္ပာယ်မရှိလှုံးထင်ရပေမယ့် ကျွန်မအတွက်ကတော့ အဓိပ္ပာယ်ရှိတယ်ရှင့်'

'ကျွတ်... ပေါက်ကရတွေ... ဟင်း...'

'ဒီမှာ ကိုတေး'

'ဘာလဲကွာ'

'ရှင် ယောကျ်ားဆိုရင် ကျွန်မခိုင်းတဲ့အတိုင်း လိုက်လုပ်ပါ'

'မင်းကွာ'

နှစ်ယောက်သား အကြည့်ချင်းဆုံသွားကြသည်။

ထိုအကြည့်ထဲတွင် တင်းမာခက်ထန်ခြင်းတို့အပြည့်။

တေး အပြေးအလွှားစဉ်းစားနေမိသည်။

သူပြောတဲ့အတိုင်း ကိုယ်လိုက်မလုပ်လျှင် ဘာဖြစ်သွားမည်နည်း။

ပထမဦးဆုံး ကိုယ့်ရဲ့ယောကျ်ားသိက္ခာတွေအားလုံး သူမရှေ့တွင် ဝှန်းခနဲကျသွားမည်။ ပြီးတော့ သူမနှင့် ထိစပ်နေသော ပတ်ဝန်းကျင် ထိုမှတစ်ဆင့် ကိုယ့်ပတ်ဝန်းကျင်...

'မိန်းကလေးတစ်ယောက်ကို ကတိပေးပြီး လိုက်မလုပ်နိုင်တဲ့ကောင်'

ထိုနာမဝိသေသနကြီးက တော်တော်ကို ဆိုးဝါးသည်။

တေးစိတ်ထဲ လွန်အထပ်ထပ်ဆွဲနေသည်။

ယောကျ်ားသိက္ခာနှင့် စကားပြောဆိုခြင်း။

ပထမတော့ သူမသာ ကိုယ်မသာဖြစ်နေသည်။

နောက်တော့ မွေးရာပါဖြစ်တည်လာသော ယောကျ်ားသိက္ခာ အနိုင်ပိုင်းသွား၏။





တေး အံကိုကြိတ်ပစ်လိုက်သည်။

'ကောင်းပြီ... မင်းဖြစ်စေချင်တဲ့အတိုင်း ငါ တစ်လတိတိ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး'

ထိုသို့ပြောပြီး ချာခနဲလှည့်ကာ ကေသီဘဦးကို ကျောခိုင်း၍ ခြေလှမ်းလှမ်းလိုက်မိသည်။

'ကိုတေး'

တေး ရပ်တန့်ပေးလိုက်သည်။

'ကိုတေး... ရှင့်ဘက်က ကတိတည် မတည်ကို ကျွန်မ ဘယ်လိုသိနိုင်မှာလဲ'

တေး ဟက်ခနဲရယ်၍...

'ဒါတော့... ငါ့ကိုမယုံရင် မင်းဘာသာမင်း စောင့်ကြည့်ပေါ့'

'ကောင်းပြီလေ၊ နောက်ရက်တွေကစပြီးတော့ ရှင့်ကိုစောင့်ကြည့်ဖို့ ကျွန်မ လူတစ်ယောက်လွှတ်လိုက်မယ်'

'ဒါတော့ မင်းသဘောပဲ'

'တကယ်လို့ ဒီတစ်လအတွင်းမှာ ရှင် စကားပြောဖြစ်သွားတယ်ဆိုရင်တော့...'

တေးမျက်ဝန်းတို့ ပြာခနဲဖြစ်သွားသည်။

'အဲ့ဒါဆိုရင် ငါ့လျှာကိုငါ ပြန်ဖြတ်ပစ်လိုက်မယ်'

'ဟင့်အင်း... အဲ့လောက်ကတော့ မလိုပါဘူး၊ ရှင် ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲက ထွက်သွားရင်တော်ပါပြီ'

တေး အံ့သြသွားဟန်ဖြင့်...

'နေပါဦး၊ မင်းက ဘာဖြစ်လို့ ငါ့ကို ရုတ်တရက်ကြီး မုန်းသွားရတာလဲ'

ကေသီဘဦး မဲ့ပြုံးပြုံးပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ရှင့်ဘာသာရှင် ပြန်မေးကြည့်လိုက်ပေါ့'

တေီး နားမလည်ဟန်ဖြင့် ခေါင်းခါသည်။

နောက်တော့ နှစ်ယောက်သား စူးစိုက်၍ ကိုယ်စီကြည့်လိုက်ကြပြီး ဆန့်ကျင်ဘက်ခြေလှမ်းတွေဖြင့် ခွဲခွာခဲ့ကြတော့သည်။

ထိုသို့ မထင်မှတ်သော အဖြစ်အပျက်ကလေး၏ အကျိုးဆက်ကြောင့် တေီးဆိုသော သတ္တဝါမှာ တစ်လဆိုသော အချိန်အတွင်း မပြောမဆိုရသာ သစ်ထဲသို့ ခုန်ချလိုက်ရလေတော့သည်။

❐



## အခန်း(၂)

... ရက်ခန့်ကြာသော်)

'ဘယ်လိုလဲ ဆောင်းဝေ၊ နင် ငါတောင်းတဲ့အကူအညီကို ပေးနိုင်ပါ့ ...ား'

ထိုသို့အမေးခံလိုက်ရသည့် ဆောင်းဝေဆိုသည့် လှတပတကောင် ...းက ခေါင်းကို ဖြည်းညင်းစွာခါ၍...

'မဟုတ်သေးဘူး ကေသီ၊ နင်ပြောတဲ့ကိစ္စက အရမ်းကို တစ်ဘက် ...ဆန့်လွန်းမနေဘူးလား၊ ဒီလူကို အခု နင် ပညာလည်းပေးပြီးနေပြီ၊ ...ောင်မှ ဘာဖြစ်လို့ သူ့ကိုထပ်ပြီး ဒုက္ခရောက်စေချင်နေရတာလဲ'

ကေသီဘဦး မဲ့ပြုံးပြုံး၍...

'ငါ့နောက်ကွယ်မှာ သူက ကတိမတည်ဘဲ စကားတွေလျှောက်ပြော ...င် ဘယ်လိုလုပ်မလဲ'

'ဟုတ်ပြီ၊ အဲဒီအထိကို ငါလက်ခံတယ်၊ အဲ့ဒီအတွက် ငါ သူ့ကို ...င့်ကြည့်ပေးပါဆိုရင်လည်း စောင့်ကြည့်ပေးနိုင်တယ်၊ ဒါပေမဲ့ နင် ...ပြောသလို တမင်တကာကြီး သူကတိပျက်ပြီး စကားပြောရအောင် ... လုပ်ရမယ်ဆိုတာကြီးကတော့...'



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် စကားစကိုဖြတ်၍ ဆောင်းဝေ သူငယ်ချင်းဖြစ်သူ ကေသီဘဦးကို လှမ်းကြည့်သည်။

ကေသီဘဦး သက်ပြင်းချမိသည်။ ဆောင်းဝေသည် လူတစ်ဖက်သား အပေါ် ကူညီချင်စိတ်ရှိသလောက် မိမိကြောင့် တစ်ဘက်သားဒုက္ခရောက်ရ မည့်ကိစ္စဆိုလျှင် ဘယ်တော့မှ မလုပ်ချင်သောမိန်းကလေးမျိုးဖြစ်ကြောင်းကို ကေသီဘဦး ကောင်းကောင်းသိသည်။

ယခု ကေသီဘဦးက တေးနှင့် မိမိဖြစ်ပျက်ခဲ့သော ပြဿနာကို ဆောင်းဝေအား ပြောပြပြီး တေးအား စကားပြောမပြောကို စောင့်ကြည့်ရန် အကူအညီတောင်းရုံမက တေး ကတိပျက်ပြီး စကားပြောလာအောင်ပါ ဆောင်းဝေကို ပရိယာယ်သုံး၍ ပြုလုပ်စေချင်ခဲ့သည်။ ဒါမှ တေးနောင်ကြဉ် သွားပြီး အရှက်တကွဲအကျိုးနည်းဖြင့် အဝေးကို ထွက်ခွာသွားမည်လေ။

ဒါကို ဆောင်းဝေက တေးကို စောင့်ကြည့်ရုံသာ စောင့်ကြည့်ပြီး ထိုကဲ့သို့ ဒုက္ခရောက်အောင်တော့မပြုလုပ်ချင်။

ထို့ကြောင့် ကေသီဘဦးက ကိုယ်ရင်းရင်းနီးနီးပေါင်းပြီး အားကိုး ခင်ခင်ရသော ဆောင်းဝေအကြောင်းကို ကောင်းကောင်းသိသဖြင့် ကြိုတင် ပြင်ဆင်လာသော လက်နက်ကို ထုတ်ပြလိုက်သည်။

'ဒီမှာ ဒါတွေကို ဖတ်ကြည့်စမ်းဆောင်းဝေ'

ဆောင်းဝေ မျက်မှောင်ကျုံ့ကာ ကေသီလှမ်းပေးသောစာရွက်ကို ယူ၍ ဖတ်ကြည့်လိုက်မိသည်။ မိန်းကလေးအယောက်နှစ်ဆယ်လောက်၏ နာမည်တွေကို ရေးထားတာပါ။ ထို့ကြောင့် ဆောင်းဝေက...

'နင့်ဟာက ဘာတွေလဲဟ၊ သူတို့ကရော ဘယ်သူတွေလဲ'

ထိုသို့မေးလိုက်ရာ ကေသီက မျက်နှာတည်တည်ဖြင့်...

'အဲဒါ တေးဆိုတဲ့လူကြောင့် ဒုက္ခရောက်ခဲ့ရတဲ့မိန်းကလေးတွေ စာရင်းလေ'





'ဘယ်လို... ဘယ်လို'

ဆောင်းဝေ အနည်းငယ်စိတ်ဝင်စားသွားမိသည်။ ထို့ကြောင့်...

'ငါ့ကို ရှင်းအောင်ပြောစမ်း ကေသီ'

ကေသီဘဦး သက်ပြင်းချ၍...

'ဒီလိုဟာ... ဥပမာ နင့်ကို ယောကျ်ားလေးတစ်ယောက်က လိုက် စကားပြောပြီဆိုပါစို့၊ အဲ့ဒီယောကျ်ားလေးက နင့်ကို စိတ်ဝင်စားနေပြီလို့ နင်မထင်မိဘူးလား'

'ထင်တယ်လေ အဲဒါဘာဖြစ်လဲ'

'ဟုတ်ပြီ... နင်ကလည်း သူ့ကို ပြန်ပြီးစိတ်ဝင်စားချင်နေပြီဆိုရင် ဘယ်လိုအမူအရာမျိုးနဲ့ ပြန်တုံ့ပြန်မလဲ'

'အဲ့ဒါတော့ ငါလည်း ပြန်စိတ်ဝင်စားဖူးတာမရှိတော့ မသိဘူး'

'စိတ်ကူးနဲ့ပဲ ဖြစ်နိုင်ခြေကို ပြောဟာ'

'အင်း... လိုက်လိုက်လျောလျောလောက်တော့ ပြန်စကားပြောမိမယ် ထင်တာပဲ'

'အေး... နင့်ဘက်က အဲဒီလို ပြန်လိုက်လျောလိုက်တဲ့အချိန်မှာ သူက နင့်ကို အမှန်တကယ်စိတ်ဝင်စားတာမျိုးမဟုတ်ဘဲ လိုက်ပြီးအာချောင် တာမျိုး ဖြစ်နေတာကိုသိရင် နင်ဘယ်လိုလုပ်မလဲ'

'ပါးရိုက်ပစ်လိုက်မှာပေါ့'

အဖြေက ပြတ်သားပါသည်။ ကေသီဘဦးက သူလိုချင်သောပွိုင့်ကို ရောက်သွားသဖြင့် မသိမသာပြုံးလိုက်ပြီး...

'ခု နင်ကိုင်ထားတဲ့ စာရွက်ထဲကစာရင်းကလည်း တေးဆိုတဲ့လူကို နင်ပြောသလို ပါးရိုက်ချင်နေတဲ့ကောင်မလေးတွေ စာရင်းပဲ'

ဆောင်းဝေ နားလည်သွားပါပြီ။ မျက်နှာနီနီဖြင့်...

'ဒါဆို... အဲဒီ နင်ပြောတဲ့တေးက ကောင်မလေးတွေကို တအားထင်



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘဲ ချစ်ပါတယ်၊ ကြိုက်ပါတယ်ပြောပြီး လိုက်လိုက်အာချောင်တတ်တဲ့ လူစားမျိုးပေါ့ ဟုတ်လား'

'အတိအကျပဲ'

'နင်ပါ ဒီစာရင်းထဲ နေရင်းထိုင်ရင်း ပါသွားတယ်ပေါ့လေ'

'အင်း... ဆိုပါတော့'

'တောက်... မိုက်ရိုင်းလိုက်တဲ့လူ၊ မိန်းကလေးတွေကို ကိုယ်မချစ်ပါဘဲနဲ့ အာချောင်ပြီး ချစ်ပါတယ်လို့ လိုက်ပြောတဲ့လူကို နင်ပြောသလို တောလှတ်လိုက်တာပဲ အေးပါတယ် ဟွန်း...'

'ဒါဆို... နင် ဒီကိစ္စကို လက်ခံပြီပေါ့လေ'

'အေး... ဒီလိုအတိုင်းဆို သိပ်လက်ခံတာပေါ့၊ နင်စောင့်ကြည့်နေ ဒီလူကို ငါ ဒီတစ်လအတွင်း စကားမပြောပြောအောင်ကို လုပ်ပစ်မယ် ဒါမှ ကတိပျက်ပြီး မဲဇာကိုရောက်သွားမှာ ဟင်း...'

ဒေါသတွေ ဆူဝေစွာပြောနေသော ဆောင်းဝေကို ကေသီဘဦးကြည့်ပြီး...

'ဒါပေမဲ့ ဆောင်းဝေ ဟို... ပိပိရိရိတော့ ရှိပါစေနော်'

'စိတ်ချစမ်းပါဟာ၊ ဒါတွေက မိုင်နာပါ'

ဒီလိုနဲ့ပဲ...

မိုးကောင်းကင်က သူ့ရင်ခွင်ကို ထက်ခြမ်းခွဲ၍ လျှပ်စီးလက်စေကာ မျှော်လည်တို့ကို သွန်းလုပ်လိုက်လေ၏။

□



## အခန်း(၃)

တေး ရောက်နေသည်မှာ ဒီနေ့ပါဆို လေးရက်ရှိပြီဖြစ်သည်။

လူ့လောကကြီးတွင် တေးအလုပ်ချင်ဆုံးဆန္ဒမှာ တစ်စုံတစ်ယောက်နှင့် စကားပြောဆိုခြင်းပင် ဖြစ်သည်။ ဒါသည်ပင် တေး၏ဝါသနာ၊ တေး၏ အာဝ၊ တေးအတွက်ပျော်ရွှင်ခြင်းပင် ဖြစ်သည်။

တေးတွင် ငယ်စဉ်ကတည်းက အဖေမရှိ၊ အမေမရှိ၊ မောင်နှမသားချင်း မရှိ၊ နယ်တွင်နေထိုင်သော အဒေါ်အဖိုးကြီးလက်တွင်သာ ပျင်းရိခြောက်သွေ့စွာ ကြီးပြင်းခဲ့ရသူဖြစ်သည်။

အဒေါ်ဖြစ်သူက စကားများများပြောတာကို မကြိုက်။ ခပ်အေးအေးနေတတ်ပြီး ဒေါသအလွန်ကြီးသူ တေးဆိုသည့် ကောင်ကလည်း မွေးရာပါ စကားအလွန်ပြောချင်သူ။ ထို့ကြောင့် အဒေါ်နှင့်တူမှာ ဘယ်လိုမှကီးမကိုက်။ အရွယ်ရောက်လာတော့ တေးက ရန်ကုန်တွင် အခြေချနေထိုင်ရန် အဒေါ်ဖြစ်သူထံ ခွင့်တောင်းသည်။

အဒေါ်ဖြစ်သူကလည်း သူ နားအေးပါးအေးနေရမည့်အခွင့်အရေးမို့ ဆုံးဝလက်လွှတ်မခံဘဲ ရှောရှောရှူရှူ ခွင့်ပေးရုံတင်မက ယခုနေသော ခြံနှင့်တိုက်ကိုပါ ဝယ်ပေးပြီး တေးသုံးစွဲရန်အတွက် ဘဏ်စာရင်းပါ ဖွင့်ပေး ထားလိုက်သေးသည်။

ဒီတော့ တေးတို့က တိမ်တိမ်မြည်ပေါ့။

www.burmeseclassic.com



နေဖို့လည်း မပူရ၊ စားဖို့လည်း မပူရ၊ တွေ့ရင်တွေ့တဲ့လူနဲ့ ရင်းနှီးအောင်လုပ်ပြီး တော်ကီအသားကုန်ပစ်သည်။

တစ်နေ့တစ်နေ့ တီးအလုပ်က ဒါပဲရှိသည်။

အဲ… တစ်ခုတော့ ရှိသည်။ တီးက စာလေးဘာလေးဖတ်တော့ ဗဟုသုတရှိသည်။ ပြီးတော့ ပင်ကိုအသံသြဇာကလည်း ကောင်းသည်။ ထို့ကြောင့် တီးနှင့်စကားပြောလျှင် တစ်ဘက်သားမှာ ပျင်းရိသွားသည် မရှိရ။ ဒီလိုနေလာတာ ငါးနှစ်ပင်ကျော်လာပြီဖြစ်သည်။

ထိုသို့သော တီးက ယခု ဘာမဟုတ်တဲ့ကိစ္စလေးနှင့် ဒီလိုတစ်လ ကြီးတိတ် ဘယ်သူနှင့်မှ စကားမပြောရဆိုတော့ ခွအလွန်ကျသည်၊ စိတ်ညစ်ရကောင်းသည်၊ စိတ်ပျက်စရာကောင်းသည်။

ဒီရက်အတွင်း အပြင်သို့လည်း မထွက်ရဲ၊ အပြင်ထွက်လျှင် တစ်ယောက်မဟုတ်တစ်ယောက်နှင့်တွေ့ပြီး ကိုယ့်ပါးစပ်ကိုယ် ထိန်းမရသိမ်းမရ ဖြစ်ကာ စကားပြောမိသွားနိုင်သည်။ စကားပြောမိလျှင် ကတိပျက်မည်။ ကတိပျက်လျှင် နယ်ပြန်ရမည်။ နယ်ပြန်လျှင် တေမိလက်သစ်အဒေါ်ဖြစ်သူနှင့် နှစ်ပါးသွားရပေတော့မည်။

ထိုသို့တော့ဖြင့် လုံးဝအဖြစ်မခံနိုင်။

ထို့ကြောင့် တီးတစ်ယောက် အိမ်ထဲမှအိမ်ပြင်မထွက်ဘဲ ငုတ်တုတ်မေ့ကာ ကိုယ့်ကိုကိုယ် ငရဲကျနေပြီဟု ထင်မှတ်မိနေပြီဖြစ်၏။

တီး ငုတ်တုတ်ထိုင်ပြီး ပျင်းရိစွာ တီဗွီကြည့်နေ၏။ တီဗွီထဲက သရုပ်ဆောင်တွေက စကားချည်းပဲလိမ့်ပြောနေခြင်းကို ကိုယ်က စကားမပြောရဲလို့ သူတို့ကို ငုတ်တုတ်ထိုင်ကြည့်နေရတာကြာတော့ ပေါက်ကွဲလာမိသည်။

ထို့ကြောင့် တီဗွီကို ထပိတ်၍ ဧည့်ခန်းထဲတွင် စိတ်ပြေလက်ပျောက်ဖြစ်အောင် ဟိုလျှောက်ဒီလျှောက် လျှောက်နေမိချိန်တွင်…





'တီး တောင်… တီး တောင်'

ခြံဝမှ လူခေါ်ဘဲလ်နှိပ်တဲ့အသံပါ။

ထို့ကြောင့် တီး အပြင်သို့ထွက်ကြည့်မိလိုက်၏။ ခြံဝအပြင်ဘက်တွင် ရောက်နေသူကို တွေ့မြင်လိုက်ရသောအခါ တော်တော်ကြီးကို အံ့အားသင့်သွားမိ၏။ ရောက်နေသူကတော့ တခြားသူမဟုတ်ပါ။ ရန်ကုန်ကို တီးရောက်ကတည်းက တစ်ခါမှကို ပေါ်မလာတဲ့ ကိုယ့်အဒေါ်အရင်းကြီးပါ။ ရှင်းအောင်ပြောရလျှင် ကျေးဇူးရှင်အစစ်ကြီးပေါ့။

'ဟဲ့… တီး ဘာကြောင့်ကြည့်နေတာလဲ၊ ငါ့ကို တံခါးလာဖွင့်စမ်း'

ထိုသို့လှမ်းပြောမှ တီး သတိဝင်လာပြီး ခြံထဲသို့ဆင်းကာ တံခါးပြေးဖွင့်ပေးဖြစ်တော့သည်။ ကြီးတော်ပုက ဗိုးခနဲသက်ပြင်းချ၍ (မှတ်ချက်။ တီးအဒေါ်၏ နာမည်အရင်းမှာ ဒေါ်သန်းအေးပါ။ ဒါပေမဲ့ တီးအပါအဝင် ရပ်ဆွေရပ်မျိုးအကုန်လုံးက ပုတုတုဖြစ်၍နေသော အရုပ်အမောင်းကိုအစွဲပြု၍ ကြီးတော်ပုဟုသာ ခေါ်ဝေါ်ကြပါသည်။)

'ဟင်း… နင်တို့ရန်ကုန်ကလည်း ပူလိုက်တာ'

ကြီးတော်ပုက အအေးပိုင်းဒေသကလာသူဆိုတော့ ရန်ကုန်လိုဒေသမျိုးကို ပူသည်ထင်သည်ပေါ့။

တီး ကြီးတော်ပု၏ ဆိုလိုရင်းအကြောင်းကို ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြ၍ သူမလက်ထဲမှ ခရီးဆောင်အိတ်ကို အလိုက်တသိ လှမ်းယူပေးလိုက်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် ကြီးတော်ပုအား 'အကြောင်းမကြားဘာမကြားနဲ့ ဘယ်လိုဖြစ်ပြီး ရောက်လာတာတုံး'ဟု အစချီမေးမြန်းနှုတ်ဆက်ပြီး စကားတွေ ဖောင်လောက်အောင် ပြော၍ ခရီးဦးကြိုပြုမည်ဖြစ်သော်လည်း သည်ချောင်းထဲမှ ထိုးထွက်ချင်ချင်ဖြစ်၍နေသော စကားလုံးတို့ကို သတိချုပ်

www.burmeseclassic.com



၌ အတင်းမြို့ချကာ အထုပ်ဆွဲပြီး ရှေ့မှဒိုက်စိုက် ဒိုက်စိုက်လျှောက်၍သာ အိမ်ထဲသို့ ဦးဆောင်ခေါ်သွားရတော့သည်။

ကြီးတော်ပုက အိမ်ထဲသို့ ရောက်သောအခါ အမောဖြေထိုင်နေရင်း အိမ်၏အပြင်အဆင်ကို မျက်လုံးဖြင့်ဝေ့ပတ်ကြည့်ကာ...

'နင့်အိမ်ကလေးက ကောင်းသားပဲ၊ သပ်သပ်ရပ်ရပ်နဲ့'

တေး ခေါင်းညိတ်ပြသည်။

'မောလိုက်တာ၊ ငါ့ကို ရေတစ်ခွက်လောက်တိုက်စမ်း'

တေး ကြီးတော်ပုကို ရေတစ်ခွက် ယူပေးလိုက်သည်။

'ဒါနဲ့ ဒီမှာနေရတာ အဆင်ရောပြေရဲ့လား'

တေး ခေါင်းညိတ်ပြပြန်သည်။

'အေး... ကောင်းတယ် ကောင်းတယ်၊ ဒီလိုအဆင်ပြေတယ်ဆိုတော့ နင့်အတွက် ငါ စိတ်ချသွားရတာပေါ့၊ ငါ့မှာက သံယောဇဉ်တွယ်စရာ သားချင်းဆိုလို့ နင်ပဲရှိတာ၊ ခုလည်း ငါက အသက်ကြီးနေပြီ၊ အဲ့ဒီတော့ နောင်ဘဝမှာ ဒါနမျိုးစေ့လေးပါအောင် မယ်သီလရှင်ဝတ်တော့မယ်လို့ ဆုံးဖြတ်ထားတယ် တေး'

တေး မျက်လုံးကျယ်သွားသည်။ ကိုယ့်ရဲ့တစ်ဦးတည်းသော ဆွေမျိုးဖြစ်သူအဒေါ်က လူ့ဘောင်ကိုစွန့်ခွာပြီး မယ်သီလရှင်ဝတ်တော့မယ်ဆိုတာကိုး။ ကြီးတော်ပုက ဆက်၍...

'ဟုတ်တယ် တေး၊ အဲ့ဒီကိစ္စနဲ့ နင့်ဆီ ငါရောက်လာတာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါကျန်ရစ်ခဲ့တဲ့ အမွေပစ္စည်းတွေ နင့်ကို လွှဲပြောင်းပေးရမယ့်ကိစ္စက ရှိသေးတယ်'

တေးရင်ထဲတွင် နင့်ခနဲဖြစ်သွားမိ၏။ အတူနေစဉ်အခါက မတည့်မယ့်သာ မတည့်တာ။ ဒါပေမဲ့ ကြီးတော်ပု ကိုယ့်ကိုဘယ်လောက်ချစ်သလဲဆိုတာကိုတော့ သိသည်လေ။





ထို့ကြောင့် သက်ပြင်းကိုသာ မသက်မသာချ၍ ခေါင်းကို အောက်စိုက်ထားမိလိုက်တော့သည်။ သဘောကတော့ စိတ်မကောင်းဖြစ်နေပါသည်ပေါ့။ ဒါကို အဒေါ်ဖြစ်သူကလည်း ရိပ်မိဟန်ဖြင့်...

'ဟဲ့... စိတ်မကောင်းလည်း ဖြစ်မနေနဲ့ဦး၊ ဒါ... ငါလုပ်သင့်တာကို လုပ်တာ'

တေး ခေါင်းကို ခပ်လေးလေးညိတ်ပြသည်။

အဒေါ်ဖြစ်သူမှာ သူ့ကို စကားပင်ပြန်၍မပြောနိုင်မှုအောင် စိတ်မကောင်းဖြစ်နေသည်ဟု တူဖြစ်သူ တေးကို ထင်မှတ်လိုက်ပြီး...

'ဘာပဲဖြစ်ဖြစ် တေးရယ်၊ ဥစ္စာပစ္စည်းဆိုတာ သေရင် ငါ့နောက်ပါမှာမှ မဟုတ်တာ။ ဒီတော့ ငါလည်း သေရင် ငါ့နောက်ပါမယ့်ကောင်းမှုကို လုပ်ရဦးမှာပေါ့'

တေး ခေါင်းညိတ်ပြန်သည်။

ထိုအခါ ကြီးတော်ပုမှာ အားမလိုအားမရဖြစ်လာပြီး...

'ဟဲ့... တေး ငါ့ကိုစကားလေးဘာလေး ပြန်ပြောပါဦး'

တေး ခေါင်းခါပြသည်။

ပြောချင်စိတ်မရှိသလို ပြော၍လည်းမရတဲ့ဟား။

'နင်က အဲ့ဒါ ဘာဖြစ်နေရတာတုံး'

တေး ခေါင်းညိတ်မလို၊ ခေါင်းခါမလို လုပ်သည်။

ကြီးတော်ပု မျက်မှောင်ကျုံ့သွားသည်။

'တေး... ငါ့ကို စကားပြောစမ်း'

တေး ခေါင်းခါသည်။

'ဟဲ့... ငါ့ကို စကားပြန်ပြောစမ်းလို့ ပြောနေတယ်၊ ဘာခေါင်းညိတ်ခေါင်းခါ လုပ်နေတာလဲ'

တေး မျက်လုံးပေကလပ်ပေကလပ် လုပ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'တယ်… ဒီကောင်နယ်၊ ငါ့ကို စကားပြောစမ်းပါဆို၊ ဘာ ပေကလပ် ပေကလပ် လုပ်နေတာလဲ'

ဒီတစ်ခါတော့ ငတီး ပေကလပ်ပေကလပ်လုပ်မပြပါ။ ဟိုနားပဲ ယားသလို ဒီနားပဲယားသလိုနှင့် ဟိုကုပ်ဒီကုပ် လုပ်ပြသည်။

ဩော်… ဒုက္ခ… ဒုက္ခ ပြောချင်လျက်နှင့် မပြောရတဲ့ဒုက္ခ။

ထိုဒုက္ခကို မသိမြင်သော ကြီးတော်ပုကတော့ ငတီး သူ့ကို အူကြောင်ကြောင်လုပ်နေသည်ဟု အတီအကျထင်သွားသည်။

'နေစမ်းပါဦး၊ နင်က ငါ့ကိုစကားတောင်မှ ပြန်မပြောနိုင်လောက်အောင် အဲ့ဒါ ဘာဖြစ်နေရတာလဲ'

ငတီး ပေကလပ် ပေကလပ် ထပ်လုပ်ပြသည်။

'ကျွတ်… ဟဲ့အကောင် နင့်မှာ နားမပါဘူးလား၊ ဒါမှမဟုတ် ပါးစပ်မပါတော့တာလား'

ဒေါသသံက အတီအကျပါလာပြီ။ ကြီးတော်ပုက တရားသမားဖြစ်ပေမယ့် လူက ပုသလို စိတ်ကလည်း တိုတိုလေးလေ။

ဒီလိုဆက်၍နေပါက အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ကိန်း ဆိုက်တော့မည်မှန်း ငတီး ရိပ်မိလိုက်သည်။ မဖြစ်တော့… ပုံစံတစ်မျိုးဖြင့် သံချောင်းပြန်၍ ခေါက်ရတော့မည်။

ထို့ကြောင့် ကြီးတော်ပုကို ဒေါသမထွက်ရန် လက်ကာပြ၍ ထိုင်ရာမှ အမြန်ထ၊ အိမ်ရှိ တိုတိုထွာထွာမှတ်ရန်ထားသော မှတ်ဘုတ်တွင် အောက်ပါအတိုင်း စာရေးပြလိုက်မိသည်။

'စိတ်မဆိုးပါနဲ့ ကြီးတော်ပု၊ ကျွန်တော် စကားပြောလို့မရလို့ပါ'

ကြီးတော်ပု နဂေတိမ်တောင်ဖြစ်သွားပြီး…

'ဟဲ့… စကားပြောလို့မရဘူးဆိုတော့ နင် ဘာရောဂါတွေဖြစ်နေလို့လဲ'





ထိုစကားပြောသံတွင် စိုးရိမ်မှုတို့ ပါဝင်နေပါသည်။ ငတီးက ခေါင်းအရင်ခါပြ၍ ပြီးမှ စာဆက်ရေးပြသည်။

'ကျွန်တော့်မှာ ဘာရောဂါမှ ဖြစ်မနေပါဘူး ကြီးတော်ပု'

'ဟဲ့… အဲ့ဒါဆိုရင် ဘာဖြစ်လို့ စကားပြောလို့မရ ရတာတုံး'

ဒီကိစ္စကို ကြီးတော်ပုနားလည်အောင် ငတီး မည်သို့ရှင်းပြရမည်နည်း။ ရှင်းပြလျှင်လည်း လူကြီးသူမို့ လူငယ်တွေ၏စရိုက်ကို နားလည်ဆနိုင်ရန်မလွယ်။

ထို့ကြောင့် ငတီး ခေါင်းတခါခါ လည်တခါခါအရင်လုပ်ပြပြီး ထပ်ရေးပြလိုက်မိသည်။

'ကျွန်တော် ရှင်းပြလို့မရလို့ပါ၊ ကြီးတော်ပုဘာသာ သိလှရင်သွားတာစရာရှိတာ သွားဝတ်ပါတော့'

ဒီမှာတင် ကြီးတော်ပု ပေါက်ကွဲသွားပါတော့သည်။

'အောင်မာ… ဒီမယ် ငတီး၊ နင် ငါ့ကို အပိုတွေလာပြောမနေနဲ့' အမှန်တော့ စာရေးပြတာပါ။

'လက်စသတ်တော့ နင်က ရန်ကုန်မှာနေတာကြာလို့ ဘဝင်လေဟပ်ပြီး ငါလို နယ်ကအဘွားကြီးကို စကားမပြောနိုင် မဆိုနိုင် ဖြစ်နေတာပေါ့လေ… ဟုတ်လား'

ငတီး အားရပါးရ ခေါင်းခါပြသည်။ ကြီးတော်ပုကဆက်၍…

'ဟွန်း… ငါ့မှာတော့ ဒီတူလေးတစ်ယောက်တည်းရှိလို့ နယ်ကနေ ဒီကို တကူးတကလာပြီး အမွေတွေတောင် လွှဲပေးဖို့လုပ်တာ၊ နင်က သွားကြီးပြီး ငါ့ကိုတောင် စကားမပြောနိုင်ဘူးဆိုတော့လည်း နေပေါ့၊ နင့်ကိုပေးမယ့် အမွေတွေအားလုံး ဘုရားကို လှူပစ်လိုက်တော့မယ် ဟွန်း'

ငတီး မျက်လုံးပြူးသွားသည်။ ကြီးတော်ပုက ထိုသို့ပြောပြီး အိတ်ကြောင်းကြီးထိုးကာ သူ့အထုပ်သူပြန်ဆွဲ၍ ငတီးအိမ်ပေါ်မှ ဝုန်းခနဲဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ငတီး လက်ဟန်ခြေဟန်ဖြင့် ဘယ်လိုတားတား မရတော့။

နောက်တော့လည်း ငတီး စိတ်လျှော့ပြီး လွှတ်ပေးလိုက်ရတော့သည်။ ကိုယ့်ကြီးတော်အကြောင်းကို ကိုယ်သိသည်လေ။ စိတ်တိုနေသည့် အချိန်ဆိုလျှင် ဘယ်သူဘာပြောပြော နားမှမဝင်တတ်တာ။ ခုချိန်မှာ ကိုယ်တွေကလည်း စကားပြောဆိုပြီး ရှင်းခွင့်မရတာက ပိုဆိုးတာပေါ့။

ရှိစေတော့။ တစ်လပြည့်လို့ ဒီဝဋ်ကကျွတ်မှ နယ်ပြန်ပြီး ကြီးတော်ကြီးကို ပြန်တောင်းပန်လိုက်တော့မည်။ မယ်သီလရှင်မဝတ်တော့ဘူးဆိုလျှင်တော့ ကိုယ့်ကံပေါ့။

ငတီး စိတ်မောလူမောဖြင့် သက်ပြင်းမောကြီးကို ချလိုက်မိသည်။ ကိုယ့်ကိုကိုယ်လည်း ဘာတွေဖြစ်နေသလဲဆိုတာကို စဉ်းစားကြည့်မိသည်။ ကြည့်ရတာ ခုတစ်လော မိမိအကုသိုလ်အတော်များနေပုံရသည်။

ပထမ နေရင်းထိုင်ရင်းဖြင့် တစ်လတိတိ စကားမပြောရဆိုသော ဒုက္ခကို ရင်ဆိုင်ရသည်။ ထိုဒုက္ခကို ရင်ဆိုင်နေရင်းမှပင် အကုသိုလ်တရားက အိမ်ထဲထိပါလိုက်ပြီး အမွှေပါဖြတ်သွားသည်။

ဒီတော့ အိမ်တွင်းပုန်း၍ ကိုယ့်အတွက် ဘာအကျိုးရှိသွားသနည်း ဘာမှအကျိုးမရှိ။ အကျိုးတောင် ယုတ်သွားပြီ။

ထို့ကြောင့်...

အပြင်ထွက်၍ ဘုရားသွားရန်အတွက် ငတီး ရဲရဲရင့်ရင့် စဉ်းစားလိုက်မိသည်။ ဘုရားသွားပြီး အကုသိုလ်တို့ကို ဆေးကြောသုတ်သင်ရမည်။

ထိုသို့ဖြင့် ငတီးတစ်ယောက် ဘုရားသွားရန် လိုအပ်သည်များကို ပြင်ဆင်ပါတော့၏။

❒



## အခန်း(၄)

ဘုရားသွားသည်ဆိုရာ၌ အရင်တုန်းကလို ဖုတ်ဖက်ခါ၍ ထသွားလို့ရတော့။ ပြင်စရာရှိတာကို ကြိုတင်ပြင်ဆင်ရသေးသည်။(မှတ်ချက်။ အလှပြင်ခြင်းကို မဆိုလိုပါ။)

အရင်ဦးစွာ ကတ်ထူပြားလေးတွေရှာ၍ လိုအပ်မည်ထင်သည့် အကြောင်းများကို အသင့်ဖြစ်စေရန် ရေးသားသည်။ နောက်တော့ မှတ်စုအုပ်တစ်အုပ်နှင့် ဘောပင်ကို မှတ်မှတ်ရရယူသည်။

ပြီးတော့ ရေမိုးချိုးပြီး အဝတ်အစားလဲသည်။

ထိုသို့ကိစ္စရပ်များပြီးသည်နှင့် ခြံပြင်သို့ထွက်လိုက်သောအခါ ကျွန်ခဲ့သည့်ရက်များတွင် ဖြစ်ပေါ်နေခဲ့သော ပျင်းရိခြောက်သွေ့မှုတို့သည် ရုတ်တည်းပျောက်သွားသလို ဖြစ်သွားပြီး လူမှာ လတ်ဆတ်သွား၏။

'အဟား... အခုမှပဲ လန်းသွားတယ်ကွာ'

(မှတ်ချက်။ ထိုစကားကို စိတ်အတွင်းမှ ပြောသည်ဟုမှတ်ပါ။)

ထိုသို့ တက်ကြွသော ခြေလှမ်းများဖြင့် လမ်းပေါ်တွင် ဆယ်လှမ်းခန့်လှမ်းပြီးတွင်...

'ဒီမှာ... ဒီမှာ'



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မိန်းကလေးတစ်ယောက်၏ အသံကို ကြားသော်လည်း ကိုယ်က ဒီမှာဆိုတိုင်း လှည့်ကြည့်တတ်ခြင်းမရှိသောကြောင့် လှည့်၍မကြည့် ဖြစ်ပါ။

'ဒီမှာ… ဟို ဘေးလွယ်အိတ်နဲ့လူ'

ဘေးလွယ်အိတ် လွယ်ထားခြင်းဖြစ်သော်လည်း ဒီခေတ်တွင် လူတိုင်းလိုလို လွယ်နေတတ်ခြင်းကြောင့် လှည့်မကြည့်ဖြစ်ပါ။

'ကျွတ်… ကိုငတီး'

ခြေလှမ်းတန့်သွားသည်။ ကိုယ့်နာမည်အတိအကျကြီးကိုး။

လှည့်ကြည့်မိသောအခါ လှတပတကောင်မလေးတစ်ယောက် ခါးထောက်ပြီး ကိုယ့်ကို မိုက်ကြည့် ကြည့်နေကြောင်းကို တွေ့လိုက်ရသည်။

'ရှင်က ဒါ ဘာအချိုးလဲ'

ငတီး ပါးစပ်ဟောင်းလောင်းဖြစ်သွားမိသည်။ ကိုယ့်မှတ်ဉာဏ်အကောင်းအတိုင်းဖြစ်နေခြင်းကြောင့် ဒီကောင်မလေးနှင့် ကိုယ် ယခင်က သိရှိမနေကြောင်းကို သတိထားမိသည်။ ထိုကောင်မလေးက လှမိုက်လေသဖြင့်…

'ရှင့်ကို ကျွန်မ စောင့်နေတာ ၃ ရက်ရှိသွားပြီ'

ငတီး မျက်လုံးပြူးသွား၏။ ဘယ့်နှယ်ဟာကြီးလဲပေါ့။ နောက်တော့မှ ကောင်မလေးက သူမစကားကို သူမကိုယ်တိုင် ပြန်ရှင်းပြသည်။

'ခြံအပြင်မှာ ရှင်ထွက်အလာကို စောင့်နေတာကို ပြောတာရှင်းဟွန်း…'

ထိုအခါမှ ငတီးသက်ပြင်းချလို့ရသွားသည်။ ဒါပေမဲ့ သူ့ကို ကိုယ်က မသိ၊ သူက ကိုယ့်ကို ဘာကိစ္စစောင့်နေရသနည်း။

အဖြေက ချက်ချင်းပေါ်သွားပါသည်။ ငတီမလေးက ရင်ကိုကော့၍…





'ကျွန်မကို ကေသီဘဦးက ရှင့်ကိုစောင့်ကြည့်ဖို့ လွှတ်လိုက်တာ'

ငတီး နားလည်သွားသည်။ လက်စသတ်တော့ ကိုယ့်ကို စပိုင်လာလုပ်မယ့် ငတီမကိုး။ ငတီမလေးက ဆက်၍…

'အဲ့ဒါကြောင့် ဒီနေ့ကစပြီး ရှင့်အချိုးတွေကို ပြောင်းတော့'

ငတီးမျက်လုံးကျယ်သွားသည်။ ဘာတုံးပေါ့…။

'ရှင်က အိမ်တွင်းကြီးပဲပုန်းနေတော့ ရှင့်ကို မမြင်ရတဲ့အတွက် စကားပြောသလား၊ မပြောလားဆိုတာကို ကျွန်မ မသိရဘူးလေ၊ ဒါကြောင့် နောက်နေ့တွေကျရင်လည်း ဒီနေ့လို အချိုးပြောင်းပြီး အပြင်ကိုထွက်ပါ၊ ပါပဲ'

'မင်းပြောတဲ့အတိုင်း ငါ အပြင်ကို မထွက်ဘူးဆိုရင်ကောကွာ'

ငတီးရေးပြသောစာကိုဖတ်ပြီး ကောင်မလေး မဲ့တဲ့တဲ့ပြုံး၍…

'အဲ့ဒါဆိုရင် ရှင်က သူရဲဘောကြောင်တဲ့လူ ဖြစ်သွားမှာပေါ့'

ငတီး တင်းသွားသည်။(မှတ်ချက်။ ငတီးထံမှ ပြောဆိုသော စကားအားလုံးကို စာဖြင့်ရေးပြသည်ဟု မှတ်ပါ။)

'ဘာကွ'

'ဟုတ်တယ်… ကျွန်မပြောတဲ့အတိုင်းမလုပ်ရင် ရှင်က သူရဲဘောကြောင်တဲ့လူ၊ ဒါမှမဟုတ် ကလေးတွေပြောတဲ့ စကြောက်ကြီးပဲ'

ငတီး ရင်တွင်းမှ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်မိသည်။ သူပြောသလို ကိုယ်က လိုက်မလုပ်လျှင် နေရင်းထိုင်ရင်း သူရဲဘောကြောင်တဲ့သူ စကြောက်ဖြစ်ရဦးမည်။ အဲ… လိုက်လုပ်ပြန်ရင်လည်း ကိုယ့်နောက်ကို တကောက်ကောက်နှင့်လိုက်၍ စပိုင်လိုက်လုပ်ပေဦးမည်။

မည်သို့လုပ်ရမည်နည်း။

သက်ပြင်းကိုချ၍ စိတ်ကိုဆွဲဆန့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့… နဖူးက ပေါက်သွားပြီဆိုတော့လည်း သွေးကတော့ ထွက်မှာပဲလေ။ ထို့ကြောင့်…

'ကောင်းပြီလေ၊ ငါသွားတဲ့နေရာတိုင်းကို မင်း လိုက်နိုင်သပဆိုရင် လိုက်ခဲ့ပေါ့'

'အဲ့ဒါ ရှင့်အလုပ်မဟုတ်ပါဘူး'

ဟောဗျာ… ဒီလိုကျတော့လည်း ထော်လော်ကန့်လန့်နဲ့။

ထို့နောက် တေး သက်ပြင်းထပ်ချ၍ လမ်းထိပ်ဘက်သို့ ကားငှားရန် ထွက်လာခဲ့တော့သည်။ တေမလေးက တေးအားမှ တကောက်ကောက် လိုက်၍…

'ဒါနဲ့… ခု ရှင်က ဘယ်သွားမှာလဲ'

တေး ပြန်မဖြေဖြစ်ပါ။ အငှားကား တက္ကစီကိုတွေ့လျှင် လက်ဆန့်ကာ လှမ်းတားလိုက်သည်။ ကားရပ်သောအခါ ဒရိုင်ဘာအား အသင့်ရေးသားလာသော ကတ်ပြားလေးကိုထုတ်ပြလိုက်သည်။

'ရွှေတိဂုံဘုရားကို သွားမလို့ ဘယ်လောက်လဲ'

ထိုစာကိုဖတ်ကြည့်ပြီး ကားဒရိုင်ဘာ ကြောင်အမ်းအမ်းဖြင့် တေးကို မော့ကြည့်သည်။ ပြီးမှ သဘောပေါက်သွားဟန်ဖြင့် လှိုက်လှိုက်လှဲလှဲပြုံးပြကာ လက်သုံးချောင်းထောင်ပြ၏။ သူ့သဘောကတော့ သုံးထောင်ကျမည်ပေါ့။

ဈေးသင့်သဖြင့် တေးသဘောတူလိုက်ပြီး ကားရှေ့ခန်းမှာပင် ဝင်ထိုင်လိုက်သည်။ ဟိုတေမလေးကလည်း ဂျစ်ကန်ကန်မျက်နှာပေးဖြင့် မရှေ့မနှောင်းပင် ကားနောက်ခန်းတံခါးကိုဆွဲဖွင့်၍ ဝုန်းခနဲဝင်ထိုင်လိုက်သည်။

ထိုသို့ဖြင့် ကားလေးက စတင်ဘီးလိမ့်၍ ထွက်ခွာလာသည်။

ဒရိုင်ဘာမှာ ကားမောင်းနေရင်းမှ တေးအား ကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ ခဏကြာတော့ တေးအား ကတ်ပြားလေးတစ်ပြား လှမ်းပေး၏။ တေး နဝေတိမ်တောင်ဖြင့် ယူ၍ ဖတ်ကြည့်မိလိုက်သည်။





'ကျွန်တော်… စကားမပြောတတ်ဘူးဗျ'

အံ့အားသင့်စွာဖြင့် ဒရိုင်ဘာကို ကြည့်မိလိုက်သည်။ ဒရိုင်ဘာကပြုံးပြီး ခေါင်းညိတ်ပြသည်။ လက်စသတ်တော့ ဘဝတူ အ,အတွေကိုး။

တေးစိတ်ထဲတွင် ပျော်သွားသလိုလို ဘာလိုလိုဖြစ်သွားမိ၏။ ကိုယ့်ရဲ့ခံစားချက်ကို အတိအကျနားလည်ခံစားပေးနိုင်မယ့်သူကို တွေ့သွားတာကိုး။

ကားဆရာက ထပ်၍ ကတ်ပြားလေးတစ်ပြားထုတ်ပြပြန်သည်။

'ကျွန်တော်က မွေးရာပါစကားမပြောတတ်တာဗျ'

ထိုသို့သိလိုက်ရခြင်းကြောင့် တေးရင်ထဲတွင် လှိုက်ခနဲဖြစ်သွားမိသည်။ ကိုယ်က ဒီမှာသုံးလေးရက်လောက် စကားမပြောရတာနဲ့ ဒုက္ခတွေ အကြီးအကျယ်ရောက်နေတယ်ထင်မိတာ၊ သူ့လိုမျိုးဆိုရင်တော့ သေရောပဲ။ ကိုယ်ချင်းစာစိတ်ကြောင့် တေး လှိုက်လှိုက်လှဲလှဲပြုံးပြလိုက်ပြီး ယူလာသော မှတ်စုစာအုပ်ထဲမှာ စာကိုရေးပြလိုက်သည်။

'ကျွန်တော့်နာမည် တေးပါ၊ ခင်ဗျားနာမည်ကရော'

ကားဆရာကတော့ တေးလိုရေးပြစရာမလိုပါ။ မွေးရာပါဆွံ့အနေသူဖြစ်ခြင်းကြောင့် လူတွေနှင့် ဆက်ဆံပါက စကားမျိုးစုံ ပြောနိုင်အောင် ကြိုတင်စုံရေးသားထားသော ကတ်များအသင့်ရှိနေခြင်းကြောင့် လွယ်လင့်တကူပင် ကတ်ပြားတစ်ပြားကို ထုတ်ပြပါသည်။

'ဘသောင်း'

'ဒါဆို ကားဆရာကိုဘသောင်းပေါ့'

'အဟား… ဟုတ်တယ်'

နှစ်ယောက်သားကြား ရင်းနှီးမှု အတိုင်းအဆမရှိကျယ်ပြန့်သွား၏။ ထို့နောက်တော့ တေးက စာရေးပြလိုက်၊ ကိုဘသောင်းက ကတ်ပြားထုတ်ပြလိုက်ဖြင့် နှစ်ယောက်သား စာပေးစာယူလုပ်ကာ စကားတွေဖောင်ဖွဲ့ အဲ… စကားတွေဖောင်ဖွဲ့ကြပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဘသောင်းမှာ မိသားစုရှိလား'

'ကလေးနှစ်ယောက်နဲ့'

'ဟုတ်လှချည်လား'

'ကိုယ့်လိုဖြစ်ချင်ရင် မောင်ရင်လည်း ကြိုးစားပေါ့'

'ခုချိန်ထိ ရည်းစားတောင်မရှိပါဘူးဗျာ'

ဒီလိုတွေ အာလာပသလ္လာပပြောဆိုကြရင်း ကားလေးမှာ ရွှေတိ ဘုရားကြီးခြေရင်းသို့ ရောက်လာခဲ့လေသည်။

ကားပေါ်မှ အဆင်းတွင် တေးမှာ ကိုဘသောင်းကို သေသေချာချာ နှုတ်ဆက်ဖြစ်ခဲ့၏။

'ကျေးဇူးတင်တယ်ဗျာ'

ထို့နောက် ဖိနပ်အပ်သည့်နေရာတွင် ဖိနပ်အပ်လိုက်ကြပြီး ရင်ပြင်တော် ပေါ်သို့ အရှေ့ဘက်မုခ်လှေကားထစ်များအတိုင်း တက်လာခဲ့ကြသည်။

လမ်းတွင် တောက်တဲ့သဖွယ် ကပ်လိုက်လာသော ဆောင်းဝေက—

'ခုနက ကားပေါ်မှာ ရှင်နဲ့ ကားဆရာတို့နှစ်ယောက် စာတွေရေး ပြီး ဘာတွေပြောနေကြတာလဲ'

ထိုသို့စပ်စုလိုက်ခြင်းကို တေးက ဘာမှတုံ့ပြန်ခြင်းမရှိဘဲ လမ်း လျှောက်နေ၏။ လမ်းသွားရင်း စာရေးလိုက်၊ ပြလိုက်လုပ်ရမှာ ပျင်း ကောင်းသည်လေ။ ပြီးတော့ အလုပ်လည်းရှုပ်သည်။

ဒါကို ဆောင်းဝေကလည်း သိပါသည်။ တေးထံမှ သတိလက်လွှတ် ဖြစ်သွားပြီး မိမိအား စကားများပြန်ပြောလေမလားဆိုသည့် အတွေး ဤသို့ တောင်တောင်အီအီစကားတွေ လျှောက်ပြောနေတာပါ။

'ရှင်က ဒီလိုပဲ တွေ့တဲ့လူတိုင်းနဲ့ လိုက်ရေးပြီး စကားပြောတတ် လား'

ရန့်စ စကားပါ။ ဒါပေမဲ့ တေးထံမှ ဘာမှတုံ့ပြန်မှုမရ။





'ရှင့်ကိုလေ ကျွန်မ ကြည့်ရင်းကြည့်ရင်းနဲ့ တကယ်များ အ,သွားပြီ လားလို့တောင် ထင်လာမိတယ် သိလား'

ထင်ပါစေ… ထင်ပေါ့။ တေး လုံးဝဂရုမစိုက်ပါ။

'ကျွန်မကြားဖူးတာတစ်ခုရှိတယ်၊ စကားပြောတတ်တဲ့လူတစ်ယောက် က စကားပြောဖြစ်ဘဲနေတာ ကြာသွားရင် အသံအိုးက အလုပ်မလုပ်တော့ဘဲ တကယ်ကို အ,သွားနိုင်တယ်တဲ့'

ပြောစမ်းပေါက်ကရ။ ဒီကလေးမကတော့။

'ပြီးတော့ ရှိသေးတယ်၊ စကားမပြောရတဲ့အတွက် ခန္ဓာကိုယ် အောက်ဆီဂျင်ရတဲ့နှုန်း နည်းသွားပြီး ကျန်းမာရေးကိုလည်း ထိခိုက်နိုင်တယ် တဲ့'

ဟူး… ဒီကောင်မလေး တော်တော်မဟုတ်တာတွေ ပြောပါလား။ တေး စိတ်ပျက်လက်ပျက်ဖြင့် ဆောင်းဝေ့ကာ ကြည့်မိသည်။ တစ်ခြမ်းစောင်း မြင်နေရသော တေးမလေး၏ မျက်နှာလေးသည် တော်တော်လေးကို လှနေ ကြောင်းတွေ့ရသည်။ ထို့ကြောင့် တေးရင်ဘတ်ထဲတွင် ဘာလိုလိုညာလိုလို ဆင် ဖြစ်သွားမိ၏။

ဆောင်းဝေကတော့ ဒါကို မသိ။ သူမပါးစပ်ထဲရှိသမျှတွေကို ပွစိပွစိ ဖြင့် ပေါက်ပေါက်ဖောက်နေ၏။

'အင်း… စကားပြောတတ်ရဲ့သား နဲ့ စကားမပြောဘဲနေရတာက ဘာသာရေးအမြင်နဲ့ကြည့်ရင် အဲ့ဒါဝဋ်ကြွေးပဲပေါ့၊ အဲဒီဝဋ်ကြွေးကို ခံရတယ်ဆို တာလည်း အရင်တုန်းက သူများစကားကို လိမ်လည်ပြီး ပြောတတ်တဲ့ လူတွေ၊ သူများအတင်းကို လျှောက်ပြော တဲ့လူတွေ၊ သူများကို ဆဲရေး တတ်တဲ့လူတွေ၊ လူတစ်ဖက်သားကို ကဲ့ရဲ့တတ်တဲ့လူတွေဖြစ်တာ၊ ရှင်ကရော အဲ့လူတွေထဲမှာ ဘယ်အမျိုးအစားက ပါလဲဟင်'

ဒီကောင်မလေး တော်တော်တော့ ဖောင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း သူပြောတာတွေက မှန်သင့်သလောက်တော့ မှန်နေနိုင်သည်။ ဟုတ်တယ်လေ… ကိုယ်ဆိုရင် အရင်တုန်းက တစ်ဖက်သားနားထောင်ချင်မှန်းမသိ၊ နားမထောင်ချင်မှန်းမသိနဲ့ စကားတွေ ဖွတ်ဖွတ်ပြောတာ၊ ခု ဒီငတိမ ပြောတာတွေကို နားမထောင်ချင်ဘဲနဲ့ နားထောင်နေရတော့မှ နားဒုက္ခဘယ်လောက်ရောက်ပြီး စိတ်ကသိကအောက်ဖြစ်ရခြင်းကို ကိုယ်ချင်းစာမိသည်။

ဒါတွေကြောင့်လည်း ခု ကိုယ်ဝဋ်ကြွေးတွေ ခံနေရတာနေမှာပေါ့။

ထိုသို့ဖြင့် ရင်ပြင်တော်ပေါ်သို့ရောက်သောအခါ လက်ယာရစ်ပတ်၍ ပူဇော်သည်။ ထိုအချိန်ထိကို ဆောင်းဝေကလည်း သားမှလိုက်၍ စကားတွေ ချောင်းပေါက်အောင် ပြောဆဲ။ ကြာတော့လည်း ငတီး နားမခံနိုင်အောင် ဖြစ်လာမိသည်။

ငြိမ်းချမ်းချင်လို့ ဘုရားပေါ်လာပါတယ်ဆိုမှ နားမချမ်းသာတဲ့အဖြစ်။

ထို့ကြောင့် နားအေးပါးအေး နေနိုင်သည့်နေရာကို ရင်ပြင်တော်ပေါ်မှာပင် ငတီး လှည့်ပတ်၍ရှာကြည့်မိသည်။

ရှာတော့လည်း တွေ့သွားပါသည်။

အရှေ့ဘက်မုခ်အနီးရှိ စေတီဖြူလေးတစ်ဆူ။

အမျိုးသမီးများ မတက်ရဟု စာတန်းကို ထင်ထင်ရှားရှားရေးထားသည်။ ငတီး အားရပါးရပြုံးပစ်လိုက်သည်။

ပြီးနောက် ထိုစေတီလေးပေါ်သို့ ခပ်တည်တည်ဖြင့် တက်လာခဲ့တော့သည်။

ဆောင်းဝေကတော့ သူလိုက်၍မရသဖြင့် အောက်တွင်ခြေဆောင့်ကာ ကျန်ခဲ့လျက်…။

❒



## အခန်း(၅)

ထိုသို့ဖြင့် ငတီးအတွက် ငြိမ်းချမ်းသောဘုံဗိမာန်လေးတစ်ခု ရှာဖွေတွေ့ရှိသွားသည်။ နောက်ရက်တွေလည်း လက်နက်အပြည့်အစုံဖြင့် အပြင်သို့ ထွက်သည်။ လက်နက်အပြည့်အစုံဆိုသည်မှာ ကိုယ့်အတွက် စားစရာသောက်စရာတို့ကို တပါတည်းဝယ်၍ ယူဆောင်ခဲ့ခြင်းကို ဆိုလိုသည်။

ထိုသို့ဝယ်ပြီး ဘုရားသို့သွားသည်။

ဆောင်းဝေလည်း သမိုင်းပေးတာဝန်အရ ငတီးနောက်သို့ တကောက်ကောက် လိုက်သည်။ ဒါပေမဲ့ ငတီးက ဘုရားပေါ်ရောက်ပြီး ၄င်းစေတီလေးပေါ်သို့ တက်သွားသောအခါ အောက်မှာ အံတကြိတ်ကြိတ်ဖြင့် ကျန်ရစ်ခဲ့စမြဲ။

ငတီးအနေနဲ့ကလည်း ထိုသို့လုပ်သည်က မြွေမသေ၊ တုတ်မကျိုးလေ။ သူက အပြင်ထွက်ရပါမည်ဆို၍ ကိုယ်ကအပြင်ထွက်သည်။ အဲ… ကိုယ်သွားမယ့်နေရာကို သူလိုက်လို့မရတာကတော့ သူ့သမိုင်းပဲ။

ခုဆိုလျှင် ငတီးအတွက်က တော်တော်အဆင်ပြေသည်ဟုပြော၍ရသည်။ စေတီလေးပေါ်တွင် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် သဘာဝလေကိုရှူရင်းပါလာသော အစားအသောက်တွေကို စိမ်ပြေနပြေ ထိုင်စားသည်။ ဆာနွမ်းလျှင် တစ်ရေးတစ်မော အိပ်ပစ်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုငတီမကတော့ အောက်မှာ ငုတ်တုတ်။ သနားစဖွယ်ပါလား ကျွတ်… ကျွတ်။

ညနေစောင်းတော့မှ ပြန်ဆင်း၊ အိမ်ပြန်။

ထိုသို့ အဆင်ပြေအိုကေနေသည့်ရက်ပိုင်းက တာရှည်တော့ သိပ်မခံ။ သိပ်မကြာခင်ရက်ပိုင်းမှာပင် ဆောင်းဝေဆိုသည့် ငတီမက ရက်ရက်စက်စက်ကို မွေ့ပါလေတော့သည်။

ထိုနေ့… နေ့ခင်းပိုင်းက ငတီး ထုံးစံအတိုင်း စေတီလေးပေါ်တွင် သက်တောင့်သက်သာဖြင့် ရှိနေစဉ်အချိန်တွင် လူကြီးသုံးယောက်နှင့် ဘုရားလုံ့ခြုံရေးဝန်ထမ်းများရောက်လာပြီး…

'မောင်ရင်… ဦးတို့နဲ့ ခဏလိုက်ခဲ့ပါ'

ငတီး အူတူတူပင်ဖြစ်သွားသည်။ ဒီလူတွေထဲမှာ ကိုယ်နဲ့သိတဲ့လူက တစ်ယောက်မှ မပါတာ ဘာကြောင့်ကိုယ့်ကို လိုက်ခဲ့လို့ ခေါ်သလဲပေါ့။

လူကြီးတစ်ဦးက ထပ်၍ ယဉ်ကျေးတည်တံ့သောလေသံဖြင့်…

'မောင်ရင်… ဦးတို့နဲ့ ကောင်းကောင်းမွန်မွန် လိုက်ခဲ့စေချင်တယ်'

ဘာကြောင့်မှန်းမသိသော်လည်း ငတီး ခေါင်းညိတ်၍ သဘောတူလိုက်ပြီး ကင်းမြီးကောက်ထောင်ပြီးလိုက်ရန် ဆန္ဒမရှိသဖြင့် ကောင်းကောင်းမွန်မွန်ပင် ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်ကာ လိုက်ပါလာခဲ့မိသည်။

ခဏကြာသောအခါ ဂေါပကရုံးခန်းဟု ထင်ရသောနေရာသို့ ရောက်လာခဲ့သည်။ စိတ်ထဲတွင် နိုးလို့နလုဖြစ်နေ၏။

မိမိကို ဘာကြောင့် ဒီကိုခေါ်လာရသနည်း။

ပြီးတော့ စေတီတော်၏အောက်ဘက်တွင် ပုံသေနည်းအရ ရှိရမည်ဖြစ်သော ဟိုငတီမလေးကရော ဘယ်ရောက်နေသနည်း။

ငတီးအား ထိုင်ခုံတစ်လုံးထက်တွင် နေရာချပေးပြီးနောက် လူကြီးတစ်ဦးက…





'မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်မှာနေတာလဲ၊ ဘာအလုပ် လုပ်သလဲ'

ထိုမေးခွန်းသုံးခုကို ငတီး ဘာမှပြန်မဖြေပါ။ မှတ်စုစာအုပ်ထုတ်၍သာ ရေးပြလိုက်သည်။

'ငတီး၊ (၁)ရပ်ကွက်၊ မှီနို'

ထိုသို့ ငတီးရေးပြလိုက်ခြင်းကိုကြည့်ပြီး အကုန်လုံးမျက်မှောင်ကျုံ့သွားကြသည်။ ငတီးအဖြေ၌ ထူးထူးခြားခြား ဘာမှမပါသော်လည်း ဖြေပုံဖြေနည်းက တစ်မျိုးဖြစ်နေ၍ဖြစ်သည်။

'မောင်ရင်က စကားမပြောတတ်ဘူးလား'

ငတီး ရှင်းပြမနေတော့ဘဲ ခေါင်းသာညိတ်ပြလိုက်သည်။ ထိုအခါ အားလုံး၏အမြင်သည် မြန်မာလူမျိုးဖြစ်သည်နှင့်အညီ နူးညံ့ခြင်းအဖြစ်သို့ ပြောင်းသွား၏။

ဒီလိုငယ်ငယ်ရွယ်ရွယ်နှင့် ရုပ်ရည်သင့်သော လူငယ်တစ်ယောက် စကားမပြောတတ်ဘဲ အ,နေသည်ဆိုတော့ စိတ်မကောင်းတာဖြစ်ကုန်တာပါ။

ထို့ကြောင့် ပထမဦးစွာ မေးခွန်းမေးလိုက်သော လူကြီးကပင် ခေါင်းဆတ်ခနဲတစ်ချက်ညိတ်၍…

'ကောင်းပြီလေ… ဒါဆိုရင် မောင်ရင် ကိုယ်မေးသမျှကို စာနဲ့ပဲ ရေးပြပေါ့၊ ဟုတ်ပြီလား'

ငတီး ခေါင်းညိတ်ပြလိုက်သည်။ ထိုလူကြီးက…

'မောင်ရင် ဒီဘုရားကို ဘာဖြစ်လို့လာတာလဲ'

ငတီး ခပ်သွက်သွက်ပင် ရေးပြလိုက်သည်။

'ဘုရားရှိခိုးဖို့ပါ'

အဖြေက ရှင်းလွန်းလှသည်။ ထိုလူကြီးက ထပ်ရှုပ်ပစ်လိုက်၏။

'ဒါဆို ဟိုစေတီလေးမှာ နေ့စဉ်ရက်ဆက် တစ်နေကုန်တစ်နေခန်း ဘုရားရှိခိုးနေတာပဲလား'



www.burmeseclassic.com

www.burmeseclassic.com



သူမေးတဲ့ပုံစံအရဆို ကိုယ်က ဘုရားချည်းပဲလို့မှန်းရှိုးရင်း သောတာ
ပါ တည်နေလောက်ပြီ။ ဒီလိုကြီးတော့လည်း ကိုယ်က မဟုတ်ဖြ
သဖြင့်…

'ဒီလိုလည်းမဟုတ်ပါဘူး၊ ဘုရားရှိခိုးရင်းနဲ့ ဟိုတွေးဒီတွေး တွေးပြ
ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေဖြစ်နေတာပါ'

ထိုလူကြီး ခေါင်းကိုအရင်ခါ၍…

'တွေးတာများကွာ ကိုယ့်အိမ်မှာတွေးလည်း ဖြစ်တာပါပဲ၊ ဘုရား
တကူးတကလာပြီး တစ်နေကုန်နေစရာမလိုပါဘူး'

တေးစိတ်ထဲ ဖုတုတုတော့ဖြစ်လာသည်။ ကိုယ့်ဘာသာကိုယ် ဘုရ
မှာ တစ်နေကုန်မကလို့ ဘယ်လောက်ကြာအောင်နေနေ ဘာလာမေးနေစ
လိုလဲပေါ့။ ထို့ကြောင့်…

'ကျွန်တော် မသိလို့မေးပါရစေ၊ ဘုရားမှာ တစ်နေကုန်နေရင် 
စာရင်းတွေဘာတွေ တိုင်ရလို့လားခင်ဗျ'

'ဟော့… ဟော့ မောင်ရင် ဒီလိုကပ်ပြီး မမေးနဲ့လေ'

'ကျွန်တော်နဲ့ လူကြီးမင်းကြားမှာ စားပွဲခုံကြီးတစ်လုံးလုံး ကွာနေ
သေးတယ်ခင်ဗျ'

တေး လိုရင်းကို တည့်တည့်ပဲ မေးလိုက်သည်။

'ကျွန်တော့်ကို ဒီကို ဘာဖြစ်လို့ခေါ်လာပြီး ဟိုမေးဒီမေးတွေ မေး
ရတာလဲ'

အဖြေရ နည်းနည်းခက်နေဟန်ရှိသည်။ နောက်မှ…

'အင်း… မသင်္ကာလို့ဆိုပါတော့'

'ဘာဖြစ်လို့ မသင်္ကာရတာလဲမသိဘူး'

'ဘယ်လိုပြောရမလဲ၊ မင်းက ဘုရားမှာတစ်နေကုန်လာနေတ
ဆိုတော့၊ ဟိုကွာ… ဘယ်လိုပြောရမလဲ… မသင်္ကာစရာကောင်းနေ
ပေါ့'





'ဒီလိုဆို ကျွန်တော်လည်း ဦးကို မသင်္ကာပါဘူး'

'ဟော… ဘာဖြစ်လို့လဲ'

'ဘုရားမှာ နေ့စဉ်ရက်ဆက် တစ်နေကုန် လာနေနေလို့'

'ဟ… ငါက ငါ့ကိစ္စနဲ့ငါ နေရတာလေ'

'ကျွန်တော်ကလည်း ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ပဲလေ'

ထိုလူကြီး မျက်မှန်ကိုဝင့်၍…

'မင်းကိစ္စက ဘာများလဲ'

'ဦးလေးကိစ္စကရော ဘာလဲ'

'ငါက ဘုရားဂေါပကအဖွဲ့ဝင်လေကွာ'

ကျွန်တော်ကလည်း ရပ်ကွက်လူကြီးပါဟု တေးပြန်၍မပြောပါ။

'ကျွန်တော်ကလည်း မိန်းကလေးတစ်ယောက်ကို မတွေ့ချင်လို့ ဒီ
စေတီပေါ်မှာ တစ်နေကုန်လာနေမိတာ'

ပုဂ္ဂိုလ်ကြီး မျက်မှောင်ကျုံ့သွားသည်။

'မိန်းကလေးတစ်ယောက်ကို မတွေ့ချင်လို့… ဟုတ်လား'

တေးခေါင်းညိတ်ပြလိုက်သည်။

ထိုလူကြီးကလည်း နေရင်းထိုင်ရင်း အသက်ကြီးလာခြင်းမဟုတ်
ဖြင့် အခြေအနေကို ဒက်ခနဲ သဘောပေါက်လိုက်ပုံရသည်။

'နေပါဦး… မင်းက စေတီပေါ်မှာ တစ်နေကုန်နေပြီး မဟုတ်တရုတ်
ကြံနေပါတယ်ဆိုပြီး ငါတို့ကို လာတိုင်သွားတာကလဲ မိန်းကလေး
ယောက်ပဲကွ'

တေး သဘောပေါက်လိုက်ပါပြီ။ လက်စသတ်တော့ ဟိုတေးမ
ကျပ်သွားတာကိုး။

'ဒီကောင်မလေးနာမည်က ဆောင်းဝေလားခင်ဗျ'

'အေး… အစစ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သူပေါ့၊ ကျွန်တော့်နောက်ကို တောက်တဲ့လိုက်ကပ်နေလို့ စေ
ပေါ်တက်ရှောင်နေရတာ'

အကုန်လုံး ပြုံးစိပြုံးစိတွေဖြစ်ကုန်ပြီး တေးကို မနာလိုအကြည့်မျိုး
ဝိုင်းကြည့်ကြသည်။ ဒီလောက်လှတဲ့ ကောင်မလေးတစ်ယောက် ကိုယ့်အ
လာကပ်တာ ဘာရှောင်စရာလဲပေါ့။

ပုဂ္ဂိုလ်ကြီးကလည်း သဘောပေါက်သွားခြင်းကြောင့် ရယ်ရယ်ပြုံး
ပြုံးဖြစ်လာပြီး...

'အဟေး... မင်းတို့လူငယ်တွေကတော့ အဆန်းထွင်ပါလား
မင်းကလည်း မင်းပဲ၊ မိန်းကလေးတစ်ယောက်ကို ရှောင်ချင်တာများ ဒီ
တက်ရှောင်ရတယ်လို့'

'ရန်ကုန်မြို့ကြီးမှာ မိန်းကလေးတွေလိုက်လို့မရတဲ့နေရာက ကျားအိမ်
နဲ့ ဒီစေတီပဲ ရှိတာလေ၊ ဒါကြောင့် ကျွန်တော်က ဒီနေရာကို ရွေးလိုက်
တာပါ'

'ဟုတ်ပါပြီကွာ... ဟုတ်ပါပြီ၊ ဟား...ဟား'

ထိုစဉ် ဆူညံနေသော ကလေးငိုသံ စီခနဲအရင်ထွက်လာပြီး အ
သမီးကြီးတစ်ယောက် ငါးနှစ်အရွယ် ကလေးတစ်ယောက်ကို ချီပိုး၍ အ
ထဲသို့ ဝင်ရောက်လာသည်။ ငိုသံကလည်း ထိုကလေးထံမှ ထွက်ပေါ်
ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အားလုံး၏အာရုံသည် မိန်းမနှင့် ကလေးထံသို့ ကျ
သွားလေသည်။ ထိုအမျိုးသမီးက စိတ်မကြည်သာသော မျက်နှာပေးဖြင့်

'ကိုမင်းနောင်'

'ဟေ... မိန်းမ'

တေးအား စစ်မေးနေသော ပုဂ္ဂိုလ်ကြီး ကပျာကယာထ၍ ပြန်
လိုက်သည့်အသံပါ။ မိန်းမကြီးက ဆက်၍...





'ခုဆေးခန်းက ပြန်ဝင်လာတာ၊ ကလေးက သေထိသေအူဖြစ်နေ
တယ်'

'ဟုတ်လား'

ပုဂ္ဂိုလ်ကြီးက ကလေးကို သူ့မိန်းမဆီမှ လွှဲပြောင်း၍ချီလိုက်သည်။

ကလေးကတော့ တအီအီဖြင့် ငိုနေဆဲ။

ထိုသို့ငိုနေခြင်းကို မည်သူမှ အပြစ်မတင်ချင်ရက်ကြပါ။ အဘယ့်
ကြောင့်ဆိုသော် ကလေးငယ်၏ ဦးခေါင်းတစ်ခုလုံးတွင် နီရဲရောင်ကိုင်းနေ
သော အနာကြီးများ နေရာမလပ်ပေါက်နေခြင်းကြောင့် ဖြစ်သည်။

မြင်တွေ့ရသည့် လူအဖို့တောင် စိတ်မသက်မသာတော်တော်ကြီး
ဖြစ်နေရလေရာ ဝေဒနာခံစားနေရသော ကလေးငယ်အဖို့တော့ ဆိုဖွယ်ရာ
မရှိတော့ပါ။

ဘုရားလူကြီး ဦးမင်းနောင်မှာ ကလေးကို ချီပိုးထားရင်း သူတတ်
သလောက် မှတ်သလောက် နည်းလမ်းများဖြင့် အငိုတိတ်အောင်ချော့မော့
ရှာပါသည်။

ဒါပေမဲ့ ကလေးက မည်သို့မျှ အငိုမတိတ်ပါ။

အမျိုးသမီးကြီးက ညည်းညည်းညူညူလေသံဖြင့်...

'ဆေးခန်းတွေပြတာလည်း စုံနေပြီ၊ ကလေးက ခုထက်ထိ မသက်
သာသေးဘူး၊ ဒုက္ခပါပဲနော်... ဟင်း...'

ထိုအချိန်တွင် တေးက စာအနည်းငယ်ကို အမြန်ရေးလိုက်ပြီး
ကလေးချီထားသော ဦးမင်းနောင်တစ်ဖြစ်လဲ ပုဂ္ဂိုလ်ကြီးအား လှမ်းပေးလိုက်
၏။

ဦးမင်းနောင်မှာ အရေးထဲ မင်းကတစ်မျောင့်ဆိုသည့်မျက်နှာပေးဖြင့်
တေးစာကို စိတ်မပါ့တပါဖြင့် လှမ်းယူလိုက်ပြီး ဖတ်ကြည့်လိုက်လေ

'ဦးလေးသားခေါင်းမှာ ပေါက်နေတဲ့အနာတွေက အနာမီးလို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အနာတွေပဲ၊ ကျောက်မီးသွေးကို သွေးပြီး အနာပေါ်မှာလိမ်းပေးရင် ချက်ချင်း လိုလိုသက်သာတယ်၊ တစ်ပတ်လောက် ဆက်လိမ်းပေးလိုက်ရင် လုံးဝကို သက်သာသွားလိမ့်မယ်'

ဦးမင်းနောင် မျက်လုံးအနည်းငယ်ကျယ်သွားပြီး ငတီးအား...

'ဘယ်လို... အနာမီး ဟုတ်လား'

ငတီး ခေါင်းညိတ်ပြလိုက်သည်။ ဦးမင်းနောင်က ထပ်၍...

'ကျောက်မီးသွေးကို သွေးလိမ်းရမယ် ဟုတ်လား'

ငတီး ထပ်၍ခေါင်းညိတ်ပြလိုက်သည်။

ဦးမင်းနောင် ငတီးစကားကို ယုံသင့်မယုံသင့် နဝေတိမ်တောင် ဖြစ်နေဟန် ရှိသည်။ ထိုအခါ သူ့မိန်းမက မျက်မှောင်ကုပ်၍ ဦးမင်းနောင် လက်ထဲမှ စာရွက်ကိုဆွဲယူပြီး ဖတ်ကြည့်လိုက်သည်။ ဖတ်ဖတ်ပြီးချင်းပင် ထခုန်၍ အလောတကြီးလေသံဖြင့်...

'ကိုမင်းနောင် ရှင်ဘာလုပ်နေတာလဲ၊ ကျောက်မီးသွေး မြန်မြန်သွားရှာလေ'

ဦးမင်းနောင် ခေါင်းကုတ်၍...

'မင်းကလဲကွာ၊ ဟုတ်မှန်းမသိ၊ မဟုတ်မှန်းမသိဘဲနဲ့'

ဦးမင်းနောင်မိန်းမ မျက်လုံးပြူးလိုက်ပြီး...

'ဘာ... ဟုတ်မှန်းမသိ မဟုတ်မှန်းမသိနဲ့ ဟုတ်လား... ရှင်က ဘယ်လောက်သိလို့ ဝေဖန်ချင့်ချိန်နေရတာလဲ၊ ဒီမှာသိတဲ့လူက ပြောနေတဲ့ ဟာကို၊ သွား... ကျောက်မီးသွေး သွားရှာမှာသာ သွားရှာချေ'

ထိုသို့ပြောလိုက်ရာ ဦးမင်းနောင် မျက်နှာကို ရှုံ့မဲ့၍ ခေါင်းကုတ်ပြီး...

'ငါက ကျောက်မီးသွေးကို ဘယ်နားမှာ သွားရှာရမှာလဲကွ'

'ကျွတ်.... ရှင် စဉ်းစားဉာဏ်မရှိဘူးလား၊ ကျောက်မီးသွေးများ ရထားသံလမ်းဘေးတွေမှာ ပုံလို့၊ သွား... အခုသွားရှာချေ'





'အေးပါကွာ၊ အေးပါ'

ဦးမင်းနောင် သူ့မိန်းမဖြစ်သူအား ကလေးလှမ်းပေး၍ ထွက်သွားဟန် ပြုစဉ်မှာပင်...

'မြန်မြန်လည်း ပြန်လာဦးနော်... ဟွန်း'

'အေးပါကွ၊ မင်းကလဲ...'

ထို့နောက်တော့ ဦးမင်းနောင်မှာ အကြံပေးသောငတီးအား ဟုတ်ရင် ဟုတ်၊ မဟုတ်ရင် မင်းနဲ့ငါ တွေ့မယ်ဆိုသည့်အကြည့်ဖြင့် ကြည့်ပြီး ကျောက်မီးသွေးရှာရန် ထွက်သွားတော့သည်။

ထိုအခါကျမှ ငတီးလည်း ကိုယ့်နေရာကိုယ် ပြန်ထိုင်၍ ဦးမင်းနောင် မိန်းမကလည်း ကလေးကို အငိုတိတ်အောင် ချော့ရင်းမော့ရင်းဖြင့် အလုပ် ရှုပ်သွားသည်။

ကျန်သည့်လူများကတော့ ပွဲကြည့်ပရိသတ်အဖြစ်သာ ရှိနေ၏။

အချိန် နာရီဝက်ခန့် ကြာသွားပါပြီ။

ဦးမင်းနောင် မောကြီးပန်းကြီးဖြင့် ပြန်ရောက်လာပါပြီ။ လက်ထဲတွင် တော့ ကျောက်မီးသွေးလေး နှစ်တုံးခန့်နှင့် ကျောက်ပြင်တစ်ချပ်ပါ ပါလာ သည်။ ဒီတစ်ခါတော့ ဦးမင်းနောင် တော်သွားသည်ဟု ပြော၍ရသည်။ ဘုရားပေါ်မှာ ဘယ်ကလာကျောက်ပြင် ရှိမှာမို့လို့လဲ။ ဒီတော့ ကျောက်ပြင် ကို အောက်ဘက်က အရောင်းဆိုင်တွေမှာ ဝယ်လာတာနေမှာပေါ့။

ဦးမင်းနောင် ပြန်ရောက်ရောက်ချင်းပင် သူ့လက်ထဲမှ ကျောက်ပြင်နှင့် ကျောက်မီးသွေးကို ယူ၍ ရေအနည်းငယ်ထည့်ကာ ငတီး သွေးလိုက်သည်။ ၎င်းသွေးရာမှ ထွက်လာသော အရည်ကြည်လေးကိုယူ၍ ကလေးငယ်၏ ဦးခေါင်းထက်ရှိ အနာများကို ခပ်ဖွဖွလိမ်းပေးလိုက်၏။

အကုန်လုံး စိတ်ဝင်တစားဖြင့် စောင့်ကြည့်နေကြသည်။

သိပ်မကြာလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငိုသံ တစ်စတစ်စ ပျောက်သွားသည်။

နောက်တော့ ကလေးမှာ ကြည်ကြည်လင်လင် ပြန်ဖြစ်လာ၏။

ထိုအခါမှ လူကြီးများ ဟင်းချနိုင်တော့သည်။

ဦးမင်းနောင်တို့ လင်မယားမှာ တေးအား တဖွဖွဖြင့် ကျေးဇူးတင်စကား ပြော၍မဆုံးတော့။

တေးကတော့ ရုပ်တည်ကြီးဖြင့်သာ ခေါင်းတညိတ်ညိတ်လုပ်နေပြီး နောက်ရက်တွေလည်း ဆက်လက်လိမ်းပေးရန် စာဖြင့်ညွှန်ကြားသည်။

ယခင်က စကားပြော၍ရသည့်အချိန်တုန်းကဆိုလျှင် ဒီနေရာမျိုးမှာ [illegible]ဒချေလို့ ကောင်းလိုက်မည့်အမျိုး။

ထိုသို့ဖြင့် တေး ဂေါပကရုံးခန်းအပြင်သို့တိုင်အောင် ဦးမင်းနောင်က လိုက်ပို့၍ ကျေးဇူးတင်စကား တဖွဖွပြောရှာသည်။

'နောက်ရက်တွေလည်း စေတီပေါ်မှာ ငါ့ညီ ကြိုက်သလောက် လာနေနိုင်ပါတယ်ကွာ၊ ငါ့ညီကို အထင်လွဲမိတဲ့အတွက်လည်း တောင်းပန်ပါတယ်'

ရပါတယ်ဆိုသည့်သဘောဖြင့်သာ တေး ခေါင်းညိတ်ပြလိုက်သည်။

ထိုမြင်ကွင်းတွေကို တစ်စုံတစ်ယောက်က အကွယ်တစ်နေရာမှ ချောင်းကြည့်နေလျက်…။

❐



## အခန်း(၆)

သာယာနေသော နံနက်ခင်းပိုင်းတွင် တေးတစ်ယောက် အိမ်ခြံအပြင်ဘက်သို့ ထုံးစံအတိုင်း ထွက်လာခဲ့ပါပြီ။ ပြီးတော့ ထုံးစံအတိုင်း ထိုတေီမလေး ရောက်နေပြီလားဆိုသောအတွေးဖြင့် လမ်းမပေါ်သို့ မျက်လုံးဝေ့၍ကြည့်ရာ ဆောင်းဝေဆိုသောကောင်မလေးကို စူပုပ်ပုပ်မျက်နှာပေးလေးဖြင့် ချစ်စရာကောင်းလွန်းစွာ တွေ့ရသည်။

စိတ်ကျေနပ်စွာဖြင့် တေး အတွင်းကြိတ်၍ ပြုံးမိလိုက်သည်။ ဘာကြောင့်မှန်းမသိ ဒီကောင်မလေး ပါဝင်နေသော ကိုယ့်ရဲ့နံနက်ခင်းသည် ပို၍ပြည့်စုံသည်ဟု ထင်မိသည်။

ပြောမယ့်သာ ပြောရသည် ဒီကောင်မလေးက လှလေးလှသလောက် ခွဲကတော်တော်ကောင်းသည်။ ယခု ဆယ့်ငါးရက်ဆိုသော အချိန်ကာလအတွင်း ဒီကောင်မလေး မိမိနောက်ကို တောက်လျှောက်လိုက်သည်။ မိမိဘုရားပေါ်တက်နေပြန်တော့လည်း သူလည်း အောက်မှာတစ်နေကုန်ထိုင်စောင့်သည်။ ဒါကိုကြည့်ခြင်းအားဖြင့် ကိုယ်လုပ်ရမည့်ကိစ္စတစ်ခုကို ဘယ်လိုအခက်အခဲပဲတွေ့တွေ့ မဖြစ်မနေလုပ်တတ်သော စိတ်ကလေးက ခေါင်းထွင်နေပြီ။

www.burmeseclassic.com



ပြီးတော့ ညဏ်နီညဏ်နက်ကလည်း များသေးသည်။

မနေ့ကဆို ကြည့်လေ။ ကိုယ့်ကို ဘုရားလူကြီးတွေနဲ့ ချုပ်တွန်းလုပ်သွားတာ ကံကောင်းလို့ပေါ့။

နောက်တစ်ခါကျလျှင် ဒီတေ်ီမကို နည်းနည်းတော့ သတိထားမှ ဖြစ်မယ်ဟု စိတ်ထဲတွင် တွေးထားဖြစ်သည်။

ဒီနေ့ရော ဘယ်ကိုသွားရင် ကောင်းမလဲ။

ဘုရားကိုတော့ မသွားချင်တော့။ နေ့စဉ်ရက်ဆက်ဆိုတော့ ပျင်းစရာကောင်းသွားပြီ။

ဟုတ်ပြီ… ကန်တော်ကြီးကို သွားရမယ်။ ဒီတေ်ီမ လိုက်ရဲလား၊ မလိုက်ရဲလားဆိုတာကို ကြည့်ရသေးတာပေါ့။

ထိုသို့တွေးနေစဉ်အချိန့်တွင် ဆောင်းဝေ… တေ်ီးအနားသို့ ရောက်လာပြီး ခပ်တည်တည်ပုံစံဖြင့်…

'ဒီမှာ… ရှင် မနေ့က ဘုရားလူကြီးရဲ့ကုလေးကို အနှာပျောက်အောင် ကူညီပေးလိုက်တယ်ဆို'

တေ်ီး ပြုံးမိသည်။ ကြည့်ရတာ မိမိပြန်လာပြီးနောက် ဂေါပကရုံးခန်းသွားပြီး စုံစမ်းလာ၍ထင်သည်။ ထို့ကြောင့် ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ဆောင်းဝေ၏မျက်နှာ လက်ခနဲဖြစ်သွားပြီး…

'ရှင်က အဲ့ဒီလို ဆေးတွေဘာတွေ ကုတတ်တယ်ဟုတ်လား'

တေ်ီး ခေါင်းကိုထပ်၍ညိတ်ပြလိုက်သည်။

အမှန်တော့ ဒီလောက်ကြီးလည်း မဟုတ်ပါ။ ဟိုစပ်စပ် ဒီစပ်စပ် သိထားရုံလောက်သာ ရှိပါသည်။

ဒါကို ဆောင်းဝေက အမှန်အကန်ဟုထင်သွားပြီး ခါတိုင်းလို ခပ်တည်တည်မာကျောကျောရုပ်မျိုး မဟုတ်တော့ဘဲ နူးညံ့ပြေပြစ်သော လေသံနှင့် ရုပ်ကလေးဖြင့်…





'ဟိုလေ… ဒါဆို ကျွန်မကိုလည်း ဆေးနည်းတစ်ခုလောက် ရှင်သိရင် ပြောပြပါလားဟင်'

စာအုပ်ထုတ်ပြီး တေ်ီး ပြန်မေးရပါပြီ။

'ဘာဆေးနည်းလဲ'

'လိပ်ခေါင်းပျောက်တဲ့ဆေးနည်း'

တေ်ီး မျက်လုံးနည်းနည်းကျယ်သွားသည်။

'မင်းဖြစ်နေလို့လား'

ထိုသို့ တေ်ီး စာရေးပြီးမေးလိုက်သဖြင့် ဆောင်းဝေ တွန့်ခနဲဖြစ်သွားပြီး…

'ဖြစ်စရာလား၊ ကျွန်မအဘိုးဖြစ်နေတာရှင့်… ဟွန်း…'

တေ်ီး သက်ပြင်းချမိသည်။ တော်သေးတာပေါ့ အဘိုးကယ်လို့။

ခေတနာရှေ့ထား၍ ဆေးနည်းကို ခပ်လွယ်လွယ်ပင် ပေးလိုက်သည်။

'ကွမ်းရွက်ကို နွမ်းအောင်ချေပြီး ကပ်ထားလိုက်'

တေ်ီမလေး မျက်မှောင်ကုပ်၍…

'ဒါပဲလား'

တေ်ီး ခေါင်းညိတ်ပြသည်။

လွယ်လွန်းနေသောကြောင့် တေ်ီမလေး သိပ်ယုံကြည်ဟန်မတူ။

ထို့ကြောင့် လိုရမယ်ရသဘောဖြင့်သာ မှတ်ထားလိုက်ပုံရ၏။

ထိုစဉ် ပဲလှော်များကို သပ်ရပ်စွာထုပ်ပိုးပြီး လိုက်လံရောင်းချနေသော ဘုတ်တတ်တစ်ယောက်ကို တွေ့လိုက်သဖြင့် တေ်ီး ပဲလှော်တော်တော်များများကို ဝယ်လိုက်၏။

နယ်ဘက်မှလာခြင်းဖြစ်သောကြောင့် ပဲလှော်လို နယ်ထွက်စားစရာမျိုးကို တေ်ီး ကြိုက်နှစ်သက်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တက္ကစီပေါ်တွင် လမ်းတစ်လျှောက်လုံး ငတီး ပဲလျော်ကို တဖြောက်ဖြောက်ဝါးရင်း လိုက်ပါလာ၏။

ဘေးမှ ငတီမလေးကို တစ်လုံးမျှမကျွေးမိသလို သူမကလည်း ငတီးဆီမှ တစ်လုံးမျှ တောင်းစားခြင်းမရှိပါ။

ဒီလိုနှင့် တက္ကစီလေးမှာ ကန်တော်ကြီးဝင်ပေါက်ဝသို့ ရောက်လာခဲ့၏။ ထိုအခါမှ ဆောင်းဝေလည်း မျက်လုံးပြူးသွားပြီး…

'ဟင်… ရှင်က ကန်တော်ကြီးထဲကို ဝင်မလို့လား'

ငတီး ခေါင်းညိတ်ပြလိုက်သည်။

'ကျွတ်… အဓိပ္ပာယ်မရှိလိုက်တာ၊ တခြားနေရာကို သွားပါလား'

ငတီး စာရေးပြလိုက်သည်။

'မင်း မလိုက်ချင်လည်း မလိုက်နဲ့လေ'

'ဒါတော့ ရှင် သက်သက်မဲ့ညစ်တာပဲ'

'ငါ ရေချိုးလာပါတယ်'

'အဲဒါကိုပြောတာမဟုတ်ဘူး၊ ရှင့်စိတ်က ညစ်ရတ်တာကိုပြောတာ၊ ဟိုရက်တွေတုန်းကလည်း သွားလိုက်ရတဲ့ဘုရား၊ ခုကျတော့လည်း ကန်တော်ကြီးတဲ့… ဟွန်း'

ထိုသို့ဖြင့် နှစ်ယောက်သားကြား အခြေအနေက အနည်းငယ်တင်းမာသွားခဲ့သည်။ ငတီး ဘာမှပြန်ပြောမနေပါ။ ခပ်တည်တည်ဖြင့် ဝင်ကြေးပေးရသော ဂိတ်ပေါက်ဝသို့သွား၍ ဝင်ကြေးပေးပြီး ဝင်လာခဲ့သည်။

ဆောင်းဝေလည်း မတတ်သာတော့၍ စူပုပ်ပုပ်ရုပ်ဖြင့် နောက်မှ ပါလာ၏။ ထိုအချိန်တွင် ဝန်ထမ်းကောင်လေးတစ်ယောက် အပြေးအလွှားဖြင့် ဂိတ်ပေါက်ဝမှ လိုက်လာပြီး ဆောင်းဝေအား…

'အစ်မ… အစ်မ ခဏလေးနေပါဦး'

'ဘာလဲ… ဘာကိစ္စလဲ'





'ဒီထဲကိုဝင်ရင် ဝင်ကြေးပေးပြီးမှ ဝင်လို့ရပါတယ် အစ်မ'

နဂိုကတည်းက မကြည်မလင်ဖြစ်နေသော ဆောင်းဝေမှာ ဘုဆတ်ဆတ်ဖြင့်…

'ဟဲ့… အဲ့ဒါကို ငါကမသိရအောင် စာမတတ်တဲ့သူမှ မဟုတ်တာ'

'ဒါဆိုလည်း အလိုက်တသိရှိရမှာပေါ့ အစ်မရယ်'

'ကျွတ်… နင် ငါ့ကို ဘာတွေလာပြောနေတာလဲ'

ကောင်လေးက စပယ်ယာလေသံဖြင့်…

'ကျွန်တော် လက်တို့ပြီးတော့ မတောင်းချင်ဘူးနော်… အဟင်း'

ထိုအခါမှ မိမိကို ဝင်ကြေးတောင်းနေမှန်း ဆောင်းဝေရိပ်မိသွားပြီး…

'ဟဲ့… နင့်ကို သူ ငါ့အတွက်ပါ ပေးမသွားဘူးလား'

'ဟိုအစ်ကိုကြီးကိုပြောတာလား၊ မပေးသွားဘူး အစ်မ၊ သူတစ်ယောက်စာအတွက်ပဲ ပေးသွားတာ'

ဆောင်းဝေ တင်းသွားသည်။

'တောက်… ဒီလူဟာလေ ကပ်စရာမရှိ ကြံဖန်ပြီးတော့ကို ကပ်တယ်၊ တွေ့မယ်… ငါနဲ့ကို တွေ့မယ်… ဟင်း'

ထိုသို့ကြိမ်းဝါးသံကို ခပ်လှမ်းလှမ်းသို့ ဝင်ရောက်နေပြီဖြစ်သော ငတီး လုံးဝမကြားပါ။ ထို့ကြောင့်ဆောင်းဝေ ချာတိတ်လေးအား ဝင်ကြေးငွေထုတ်ပေး၍ ငတီးနောက်သို့ ဒေါသတကြီးဖြင့် ခပ်သွက်သွက်လိုက်ခဲ့၏။

'ဒီမှာ… ဒီမှာ'

ဘာလဲဆိုသောသဘောဖြင့် ငတီး မျက်ခုံးပင့်ပြလိုက်သည်။ ဆောင်းဝေက…



www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ဘာသဘောနဲ့ ကျွန်မအတွက် ဝင်ကြေးပိုက်ဆံကို မပေးသွ
တာလဲ'

တေး ဘာမှပြန်မဖြေပါ။ လက်ထဲတွင် အခုထိရှိနေဆဲဖြစ်သေ
ပဲလှော်ကိုသာ တဖြောက်ဖြောက် ဝါးနေမိ၏။ ဆောင်းဝေ မခံချိမခံသာဖ
လေသံဖြင့်…

'ပြောလေ… ပြော ရှင် နားမပါဘူးလား'

ဖွတ်ကြီးပါလားဟ။

'ကျွန်မမေးနေတာ ပြောလေ'

တေးစာအုပ်ထုတ်၍ ဖြေရတော့သည်။

'မင်းအတွက်ပါပေးရအောင် မင်းနဲ့ငါနဲ့က သမီးရည်းစားလာ

ဆောင်းဝေမျက်နှာ ရဲခနဲဖြစ်သွားပြီး တေးကျောပြင်အား အုံးခ
အောင် ထုပစ်လိုက်၏။ ထို့ကြောင့် တေးကျောကော့သွား၏။ ဒီကောင်မ
တော်တော်လက်သံပြောင်ပါလားဟ။ ပြီးတော့ လက်ရဲဇက်ရဲနဲ့ သူများသာ
ကို။ ထို့ကြောင့် တေးထပ်၍…

'မင်း ဒီလိုရိုက်တဲ့အတွက် သမီးရည်းစားတွေနဲ့ ပိုတူနေပြီ

'ဘာ… ဘာ'

ဆောင်းဝေ၏မျက်လုံး အရှေ့သို့နှစ်တောင်လောက် ပြူးထွက်
သည်။

'ရှင်… ရှင်'

တေး သဘောပေါက်လိုက်သည်။ ရာသီဥတုအနေအထားက ဖ
ပြေးနိုင်မှ လွတ်တော့မှာ။ ခုဟာက သမီးရည်းစားချင်း ကလူကျီစ
ထုရိုက်ရုံအဆင့်မဟုတ်လောက်တော့၊ လင်မယားချင်း ရန်ဖြစ်သ
အသေအကြေဖွဲ့တော့မယ်ပုံ။

ထို့ကြောင့် တေး ပြေးသည်။





'ရှင့်… ရှင် မပြေးနဲ့'

ဟင့်အင်း ပြေးမှာပဲ။

တေးကို ပါးစပ်ဖြင့်တားဍ၍မရမှန်းသိသောအခါ ဆောင်းဝေ တေး
နောက်သို့ အသားကုန်ပြေးလိုက်သည်။

'မိရင်တော့ အသေပဲ… ဟင်း'

သို့သော် ယောကျ်ားခြေလှမ်းနှင့် မိန်းမခြေလှမ်း ကွာခြားခြင်းကြောင့်
ဆောင်းဝေ တေးကို မမီပါ။ မမီသည့်အပြင် အစအနပါ ပျောက်သွား၏။

ထို့ကြောင့် ဆောင်းဝေ အံတကြိတ်ကြိတ်ဖြင့်သာ တေးကို လိုက်ရှာ
ရတော့သည်။ ကန်တော်ကြီးဧရိယာကလည်း ကျယ်ဝန်းခြင်းကြောင့် ရှာလေ
လေ မတွေ့လေဖြစ်နေပြီး ခြေထောက်ပင် တော်တော်ညောင်းလာသည်
အထိ ဖြစ်လာ၏။ မြင်လေရာမှာလည်း ငြိမ်းချမ်းရေးရနေသော စုံတွဲတွေက
ဒီစီကိုယ်စီ။

ဟိုတေးဆိုသည့်လူ **ဘယ်နေရာကို** ရောက်သွားပြီမသိ။ တွေ့လို့က
တော့ ဟင်း… ဟင်း…။ **ဒီလိုနှင့် ရှာရင်းဖွေရင်း** အချိန်တစ်နာရီခန့်ကြာ
သောအခါ အတွဲတစ်တွဲ**ကို စိတ်**ပါဝင်စားစွာဖြင့်ချောင်းနေသော တေး
ဆိုသည့် သကောင့်သားကို **တွေ့လိုက်ရသည်**။ တေးက ဆောင်းဝေကို
မမြင်ပါ။ ဘယ်မြင်ပါ့မလဲ။ သူ့အာရုံတွေအကုန်လုံးက ချောင်းနေသော
တွဲအပေါ်မှာ ရောက်နေတာကို။

ထို့ကြောင့် ဆောင်းဝေ… တေး ထပ်မံထွက်ပြေးသွားမည်စိုးသဖြင့်
ခြေကို အသာဖော့၍ တေးအနားသို့ အသာလေးတိုးကပ်သွားလိုက်သည်။

တေးကတော့ မသိ၊ ချောင်း၍ကောင်းဆဲ။

ဆောင်းဝေ… တေးနောက်တည့်တည့်သို့ရောက်ပြီး လက်ကိုမြှောက်
ကာ အသားကုန်ဖွဲ့ရန်ပြင်လိုက်စဉ်မှာပင်…

'ဒီမှာ… မောင်လေးနဲ့ ညီမလေးတို့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

နောက်တက်ဆီမှ ကပ်၍ထွက်ပေါ်လာသော ထိုအသံကြောင့် ဆောင်ဝေ တွန့်ခနဲဖြစ်သွားပြီး တေးကို မရိုက်ဖြစ်တော့ဘဲ နောက်သို့လှည့်၍ ကြည့်လိုက်မိသည်။

တေးကလည်း ထိုအသံကြားသဖြင့် နောက်သို့လှည့်ကြည့်လိုက်ရာ ဆောင်းဝေကို အနီးကပ်တွေ့လိုက်သဖြင့် လန့်ပြီး နောက်သို့ခုန်ရှောင်လိုက်၏။

ဆောင်းဝေနောက်မှ ရောက်လာပြီး လှမ်းခေါ်လိုက်တဲ့သူက သက်လတ်ပိုင်းခန့်ရှိသော စုံတွဲတစ်တွဲပါ။ ထိုစုံတွဲမှ အမျိုးသမီးဖြစ်သူက ဆောင်းဝေကို ချိုသာစွာပြုံးပြလိုက်ပြီး…

'ညီမလေးတို့အတွဲကို အစ်မတို့နှစ်ယောက်ရဲ့ ကစားပွဲအစီအစဉ်မှာ ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်'

ဆောင်းဆေနှင့် တေးကို စုံတွဲထင်ပြီး လာရောက်ပြောဆိုနေခြင်းသာ ဖြစ်သည်။

ကစားပွဲဆိုခြင်းကြောင့် ဆောင်းဝေလည်း စိတ်ဝင်စားသွားပြီး ပြန်လည်၍ဖြေရှင်းပြခြင်းမရှိလိုက်ဘဲ မေးခွန်းထုတ်လိုက်မိ၏။

'ကစားပွဲဟုတ်လား… ဘာကစားပွဲလဲ အစ်မ'

'ဒီလိုညီမလေးရဲ့၊ ဒီနေ့က အစ်မတို့နှစ်ယောက်ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့လေ၊ အဲ့ဒါအမှတ်တရလေးဖြစ်သွားအောင် ဒီကန်တော်ကြီးထဲမှာ ရှိတဲ့စုံတွဲလေးတွေကို အစ်မတို့ လက်လှမ်းမီသလောက် လိုက်ဖိတ်ပြီး ကစားပွဲလေးတစ်ခုလုပ်ဖို့ စီစဉ်ထားတယ်၊ ကစားပွဲရဲ့သဘောကတော့ အစ်မတို့လင်မယားနှစ်ယောက်က ရောက်လာတဲ့စုံတွဲလေးတွေကို ပျော်စရာမေးခွန်းလေးတွေ၊ ဗဟုသုတမေးခွန်းလေးတွေ မေးမယ်၊ အစ်မတို့မေးတဲ့ မေးခွန်းတွေထဲက အများဆုံးဖြေနိုင်တဲ့ စုံတွဲတစ်တွဲကို ဆုငွေဆယ်သိန်းပေးမယ်၊ ဒါပါပဲ'





လက်စသတ်တော့ ဒီစုံတွဲတွေ အင်တာနက်ဥယျာဉ်အစီအစဉ်ကို ဆော်တော်ကြည့်ထားပုံ ရသည်။ ဆယ်သိန်းဆိုသော ငွေပမာဏကြောင့် ဆောင်းဝေ မျက်လုံးလက်ခနဲဖြစ်သွားပြီး…

'ဆယ်သိန်းတောင်မှ… ဟုတ်လား အစ်မ'

'ဟုတ်တယ် ညီမလေး၊ စိတ်ဝင်စားရင် လာဖြစ်အောင် လာနော်'

ဆောင်းဝေ ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်ပြီး…

'လာခဲ့မယ်လေ အစ်မ၊ ဒါနဲ့ ဘယ်ကိုလာရမှာလဲဟင်'

'ပန်းကန်လုံးကျွန်းက မြက်ခင်းပေါ်မှာလုပ်မှာ ညီမ'

'ဟုတ်ကဲ့'

ယခုအချိန်ထိ စကားတစ်လုံးမျှ ဝင်ရောက်ပြောဆိုခြင်းမပြုသော အမျိုးသားဖြစ်သူက ယခုအချိန်ထိ ဘာစကားမှမပြောသော တေးအား ပြုံးပြ၍…

'ညီမလေးနဲ့အတူလာပြီး မေးခွန်းတွေဖြေနော် ညီလေး'

ထိုသို့ပြောလိုက်သဖြင့် တေး ယောင်တောင်တောင်ဖြင့် ခေါင်းညိတ်ပြလိုက်ရတော့သည်။

ဟိုစုံတွဲထွက်သွားသောအခါ တေး… ဆောင်းဝေ လက်မှလွတ်အောင် ထပ်မံပြေးရန် ကြံရွယ်လိုက်စဉ်မှာပင် ဆောင်းဝေက…

'ဟိုလူ… မပြေးနဲ့တော့၊ ကျွန်မ ရှင့်ကို ဘာမှမလုပ်တော့ဘူး'

ထိုသို့ပြောလိုက်ခြင်းကြောင့် တေးခြေလှမ်းကို တန့်၍ ဆောင်းဝေကို မသင်္ကာကြည့် ကြည့်မိသည်။

ဆောင်းဝေက တေး၏အကြည့်ကိုသဘောပေါက်သဖြင့်…

'ကျွန်မ တကယ်ပြောနေတာ၊ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ ရှင်နဲ့ ရန်ဖက်ဖြစ်ပြီး ကျွန်မရဲ့စိတ်ကို အနှောင့်အယှက်အဖြစ်မခံနိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



တေး မျက်ခုံးမြင့်တက်သွားသည်။ ဆောင်းဝေက ရုပ်တည်ကြီးဖြင့်…

'စိတ်ကိုငြိမ်ငြိမ်ထားပြီး ဦးနှောက်ကို အလုပ်ပေးရမယ့်အချိန်ကို ရောက်နေပြီလေ၊ ဒါမှ မေးခွန်းတွေကို အမှားကြီးဖြေနိုင်ပြီး ဆယ်သိန်းရ တော့မှာပေါ့'

လက်စသတ်တော့ ဒီတေးမက ကစားပွဲကိုဝင်ပြီး ကစားတော့မှာပေါ့။ ဖြစ်မှ ဖြစ်ရလေ နိုင်မှာကျနေတာပဲ။ တေးအတွေးကို ရိပ်မိဟန်ဖြင့် ဆောင်းဝေ မဲ့ပြုံးပြုံးလိုက်ပြီး…

'ရှင်… ကျွန်မကို အယုံအကြည်မရှိဘူးနဲ့တူတယ်၊ ရှင် ကျွန်မ အကြောင်း မသိသေးပါဘူး၊ ဆယ်တန်းမှာ ကျွန်မက ဂုဏ်ထူးငါးဘာသာနဲ့ တောင် အောင်ထားတာ၊ ပြီးတော့ ဗဟုသုတလည်းရှိတယ်၊ သူငယ်ချင်း တွေကြားထဲမှာဆို ကျွန်မက ဆရာကြီးပဲ… ဟင်း ဟင်း…'

ဒီတေးမ နေရင်းထိုင်ရင်း မာန်တက်နေပါလားဟ။ ဆောင်းဝေဆက် ၍…

'ရှင်ကြည့်နေ၊ အဲ့ဒီဆယ်သိန်းက ကျွန်မအတွက်ပဲ ဖြစ်ရမယ်'

တေး သက်ပြင်းချမိသည်။

ဒီဆောင်းဝေဆိုသော ကောင်မလေး ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်ရုံ နဲ့ ဆယ်သိန်းရနိုင်လို့လား။

သူငယ်ချင်းတွေအပေါ် ဆရာလုပ်လို့ရနိုင်တာနဲ့ ဆယ်သိန်းရနိုင်လို့ လား။

ဟိုကရော ဘာမေးခွန်းတွေ မေးမှာလဲ။

သူကရော ဘာမေးခွန်းတွေကို ဖြေမှာလဲ။

တေး ခေါင်းကို ခါရမ်းမိလိုက်သည်။

ဒီကိစ္စက ကိုယ်နဲ့မှ မဆိုင်တာ၊ ကိုယ်က ပွဲကြည့်ပရိသတ်ပဲလေ။



ဒီလိုနဲ့ပဲ မေးခွန်းဖြေရန်အတွက် တေးတို့နှစ်ယောက် မြက်ခင်းပြင်ရှေ့ သို့ ထွက်လာခဲ့ကြသည်။

ဆောင်းဝေက တက်ကြွသောခြေလှမ်းများဖြင့် လှမ်းလျှောက်…။

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ကစားပွဲကျင်းပရာ မြက်ခင်းပြင်သို့ရောက်သောအခါ စုံတွဲပေါင်း သုံးဆယ်ခန့်ပင်ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။

ထိုစုံတွဲများထဲမှ အချို့စုံတွဲများက မေးသမျှမေးခွန်းတိုင်းကို မရမ[က] ဖြေဆိုပြီး ဆုငွေဆယ်သိန်းကို ရအောင်ယူရန် ရည်မှန်းထားကြသလို၊ တချို့ စုံတွဲများကလည်း ကိုယ်သိထားတာလေးတွေနှင့် တိုက်ဆိုင်ပါက ဖြေလို[က်] မည်၊ မတိုက်ဆိုင်ပါကလည်း မဖြေရုံပေါ့ဆိုတာမျိုးတွေလည်း ပါသည်။

အားလုံး မြက်ခင်းပေါ်မှာပင် ထိုင်နေကြခြင်းကြောင့် ငတီးတို့နှ[စ်] ယောက်လည်း သင့်တော်ရာနေရာတွင် ဝင်ထိုင်လိုက်ကြသည်။

ဆောင်းဝေက ကျန်သည့်စုံတွဲတွေကို မျက်လုံးဝေ့၍ လိုက်ကြည့်နေ[သ] ၏။ ထိုမျက်လုံးထဲတွင် တစ်ဖက်လူအား အထင်သေးသည့်အရိပ်အငွေ့[တ] ပါဝင်နေပြီး ငါလို ဂုဏ်ထူးငါးဘာသာရှင်ကို ဘယ်သူယှဉ်နိုင်အံ့နည်း ဟူသော မာန်တက်နေခြင်းမျိုးလည်း ပါဝင်နေသည်။

ငတီးကတော့ နောက်ဆုံးလက်ကျန် ပဲလှော်တစ်ဆုပ်ကို ထုတ်၍ စိမ်ပြေနပြေ ဝါးနေသည်။





ထိုသို့သောအချိန်တွင် ငတီးတို့အား လာရောက်ဖိတ်ခေါ်သောစုံတွဲ လင်မယားက အများမြင်သာအောင် ရှေ့သို့ထွက်ပြီး အမျိုးသားဖြစ်သူ က…

'ကျွန်တော် ပထမဆုံးပြောချင်တာကတော့ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး တို့ မင်္ဂလာနှစ်ပတ်လည်နေ့ကလေးမှာ အမှတ်တရဖြစ်အောင် အခုလိုစီစဉ် လိုက်တဲ့ ကစားပွဲလေးကို လာရောက်ပြီးယှဉ်ပြိုင်ကြတဲ့ ချစ်သူစုံတွဲတွေကို ကျေးဇူးအထူးပဲ တင်ရှိပါကြောင်း ပြောချင်ပါတယ်၊ ကျွန်တော့်နာမည်က ညီဇော်ပါ၊ ကျွန်တော့်ဇနီးနာမည်က လမင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးက စာဖတ်တာကို အရမ်းဝါသနာ ပါပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို စာဖတ်ဝါသနာပါတဲ့ စုံတွဲလေးတွေကို ရှာဖွေတဲ့အနေနဲ့ စာအုပ်ထဲက ဗဟုသုတအချက်အလက်လေးတွေကို မေးမြန်းရင်း အများဆုံး ဖြေနိုင်တဲ့စုံတွဲကို ဆုငွေဆယ်သိန်းတိတိ ချီးမြှင့်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ်သိသမျှကို ကိုယ့်ချစ်သူနဲ့တိုင်ပင်ပြီး ဆုငွေရရှိအောင် အကောင်းဆုံး ဖြေဆိုနိုင်ပါစေလို့ ဆုတောင်းရင်း ကစားပွဲလေးကို စတင်ဖွင့်လှစ်လိုက်ပါ တယ်ခင်ဗျာ'

ကိုညီဇော်၏ စကားလည်းဆုံးရော အားလုံးထုံးစံတိုင်း လက်ခုပ်ထ တီးကြသည်။ လက်ခုပ်သံစဲသွားသောအခါ လမင်းကထ၍ အပြုံးလေး ဖြင့်…

'ပထမဆုံးမေးခွန်းကို ကျွန်မက စတင်မေးမြန်းမှာ ဖြစ်ပါတယ်ရှင်၊ မေးခွန်းအနေအထားကတော့ မြန်မာ့သမိုင်းနဲ့ဆိုင်တဲ့ မေးခွန်းကငါးခု၊ ကမ္ဘာ့ သမိုင်းနဲ့ဆိုင်တဲ့မေးခွန်းက ငါးခု၊ ပေါင်း ဆယ်ခုဖြစ်ပါတယ်'

လက်ခုပ်ထပ်တီးကြပြန်သည်။

ငတီးကတော့ သူ့ပဲလှော်နှင့် သူ့ပါးစပ်နှင့် အလုပ်ရှုပ်နေသောကြောင့် ဆိုသို့လက်ခုပ်တီးသည့်အထဲတွင် မပါပါ။



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်အသံငြိမ်သွားသောအခါ မလမင်း၏ ပထမဆုံးမေးခွန်း မြန်မာသမိုင်းမေးခွန်းမေးသံ ထွက်လာသည်။

'နဝရတ်လက်စွပ်ကို စီရင်တဲ့နေရာမှာ ပုလဲကို ဘာအတွက်ကြောင့် ထည့်သွင်းစီရင်ရပါသလဲရှင်၊ ဖြေဆိုနိုင်တဲ့လူ မတ်တတ်ရပ်ပြီး ဖြေပေးပါရှင်'

ထိုသို့မေးခွန်းလည်းဆုံးရော အားလုံးတစ်ယောက်တစ်ပေါက်တွေ ကိုယ်ထင်ရာလျှောက်ပြောကြသည်။ ဒါပေမဲ့ ဘယ်သူမှ မတ်တတ်ရပ်၍ အဖြေမှန်ကို ရဲရဲတင်းတင်းပြောမည့်သူတော့မရှိ။

ထိုသို့သောအချိန်တွင် ငါးဘာသာဂုဏ်ထူးရှင်ဖြစ်သော ဆောင်းဝေဆိုသည့် တေမလေး မတ်တတ်ထရပ်လိုက်သည်။ ထိုအခါ ဆူညံနေသော တစ်ယောက်တစ်ပေါက်ပြောသံများ တိခနဲတိတ်သွား၏။ ထိုအခါမှ ဆောင်းဝေက ရှင်ကိုကော့၍…

'နဝရတ်လက်စွပ်စီရင်တဲ့နေရာမှာ ပုလဲကို ဘာကြောင့်ထည့်သွင်းစီရင်ရသလဲဆိုတော့ ကျက်သရေအတွက် ထည့်သွင်းစီရင်ရတာပါ'

ဆောင်းဝေ၏အသံဆုံးသွားသောအခါ လူများက ဟုတ်လို့လားပုံစံမျိုးဖြင့် တိတ်ဆိတ်စွာ ဝိုင်းကြည့်နေကြသည်။ ထိုသို့သောအချိန်တွင် မလမင်း၏ ကြည်လင်သောအသံ ထွက်ပေါ်လာသည်။

'နဝရတ်လက်စွပ်မှာ ပုလဲကို ကျက်သရေအတွက် ထည့်သွင်းစီရင်ရတယ်ဆိုတဲ့အဖြေက…

အနည်းငယ်တုံ့ဆိုင်းသွားပြီးမှ လေသံကိုမြှင့်လိုက်ပြီး…

'မှန်ပါတယ်ရှင်'

လက်ခုပ်သံများ လျှံထွက်ကုန်ပါတော့သည်။

ဆောင်းဝေက တွေ့ပြီမဟုတ်လားဆိုသည့်ပုံစံမျိုးဖြင့် တေးကို လှမ်းကြည့်သည်။ တေး ပခုံးကို တွန့်ပြလိုက်သည်။ မလမင်းက ဆောင်းဝေအား…





'ညီမလေးရဲ့နာမည်နဲ့ ညီမလေးချစ်သူရဲ့နာမည်ကို ပြောပြပေးပါဦး'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဆောင်းဝေ အိုးတိုးအန်းတန်းဖြစ်သွားပြီး တေးကို လှမ်းကြည့်သည်။ တေး ဒုတိယအကြိမ်မြောက် ပခုံးကို တွန့်ပြလိုက်သည်။

ပြိုင်ပွဲ၏စည်းကမ်းအရ ဆုတွဲများသာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သဖြင့် တေးနှင့် မိမိ ဘာမှမဆိုင်ဟုပြောလျှင် ဆက်လက်၍ ဝင်ပြိုင်ခွင့်မရနိုင်တော့။ ထို့ကြောင့်ဆောင်းဝေမှာ ငွေဆယ်သိန်းကို လိုချင်ခြင်းကြောင့်လည်းကောင်း၊ မိမိဘယ်လောက်တော်ကြောင်း၊ တတ်ကြောင်းကို ကြွားဝါလိုခြင်းကြောင့်လည်းကောင်း စိတ်ကို လျှော့ချပစ်လိုက်ပြီး…

'ကျွန်မနာမည်က ဆောင်းဝေပါ၊ ကျွန်မချစ်သူနာမည်ကတော့ ကိုတေးပါတဲ့ရှင်'

တေးနာမည်ကို ကြားလိုက်ကြသဖြင့် အားလုံး တခွိခွိဖြင့် ရယ်သူရယ်၊ ပြုံးသူပြုံးတွေ ဖြစ်ကုန်ကြသည်။ ထို့ကြောင့် ဆောင်းဝေ စူပုပ်ပုပ်ရုပ်ဖြင့် ပြန်ထိုင်၍ မကြားတကြားလေသံဖြင့် တေးအား…

'ရှင်ကလဲ ဘယ်လိုနာမည်မျိုးကြီး မှည့်ထားတာလဲ၊ အောက်လိုက်တာ ဟွန်း…'

ထိုသို့ပြောလိုက်ခြင်းကို တေးမခံပါ။ ပြန်၍စာရေးပြီး ပြောသည်။

'ဟာ… အဲ့ဒီတေးဆိုတဲ့နာမည်က ငါ့အိမ်ခေါ်နာမည်ကွ၊ နာမည်အရင်းက ဘုန်းကံရှင်တဲ့ မှတ်ထား'

'အဲ့ဒါ ကျွန်မမှ မသိတာရှင့်၊ ရှင်အစောကြီးကတည်းက ပြောထားပါလား'

'မင်းကရော မေးလို့လား'

ထိုသို့ ကြိတ်ပြီးရန်ဖြစ်နေကြသဖြင့် နောက်ထပ်မေးခွန်းတစ်ခု လာတော့သည်။ ဒီတစ်ခါမေးသူကတော့ ကိုညီဇော်ပင်ဖြစ်၏



www.burmeseclassic.com

www.burmeseclassic.com



'ဒုတိယမေးခွန်းကတော့ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ စတင်ကြေညာတဲ့နေ့၊ စစ်ပြေငြိမ်းကြောင်းစာချုပ်ချုပ်ဆိုတဲ့နေ့နဲ့ နေရာတို့ကို ပြောပြပါ'

မေးလိုက်ချိန်တွင် ဆောင်းဝေမှာ ငတီးနှင့် ရန်ဖြစ်နေချိန်ဖြစ်သဖြင့် မတ်တတ်ရပ် နောက်ကျသွားပြီး ကောင်လေးတစ်ယောက်က ဦးသွား၏။

'ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကြေညာတဲ့နေ့က ၁၈၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့ဖြစ်ပါတယ်၊ စစ်ပြေငြိမ်းကြောင်းကို ရန္တပိုရွာမှာ ၁၈၂၆ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ စာချုပ်ချုပ်ဆိုပါတယ်'

ကိုညီဖော်က လက်ခုပ်တီးလိုက်ပြီး···

'အဲဒါဆိုရင် ညီလေးရဲ့အဖြေက မှန်ပါတယ်ခင်ဗျာ'

ဝိုင်း၍လက်ခုပ်တီးကြပြန်သည်။ ကိုညီဖော်···

'ဒီကညီလေးရဲ့နာမည်နဲ့ ငါ့ညီချစ်သူရဲ့နာမည်ကိုပြောပြပေးပါဦး'

ထိုကောင်လေးက···

'ကျွန်တော့်နာမည်က နိုင်စိုးပါ၊ ကျွန်တော့်ကောင်မလေးနာမည်က သီတာပါ'

ထိုနိုင်စိုးဆိုသော ငတီးလေး၏လေသံသည် တော်တော်ပင်မြောက်ကြွမြောက်ကြွနိုင်လွန်းလှသည်။ ကိုညီဖော်က ထပ်၍···

'အခု မေးခွန်းတစ်ခုကို မှန်အောင်ဖြေဆိုနိုင်ပြီဆိုတော့ နောက်ထပ်မေးခွန်းတွေကိုပါ မှန်အောင်ဖြေဆိုနိုင်ပြီးတော့ ဆုငွေဆယ်သိန်းကို ရယူနိုင်လိမ့်မယ်လို့ ငါ့ညီ ကိုယ့်ကိုကိုယ် ထင်ထားလား'

ယိုသို့မေးလိုက်ရာ နိုင်စိုးက ရင်ကိုကော့၍···

'ဒီဆုငွေဆယ်သိန်းက ကျွန်တော့်အတွက်ပါပဲ'

ဟု မာန်တက်နေပုံဖြင့် ပြောလိုက်၏။

သူ့ကြည့်ရသည်မှာ ဗဟုသုတထိုက်သင့်သလောက်ရှိပုံရပြီး ထိုရှိမှုသော ဗဟုသုတအပေါ်မှာလည်း ယုံကြည်မှုလွန်ကဲကာ ဘဝင်မြင့်နေပုံရသည်။





ဆောင်းဝေ အောက်မှနေ၍ မကျေမချမ်းဖြင့် ပွစိပွစိလုပ်နေသည်။

'ဟွန်း··· တော်တော်လေလုံးထွားတဲ့ရှူး၊ ငါ မတ်တတ်ရပ်တာ နောက်ကျသွားလို့ သူဖြေလိုက်ရတာများ၊ ဒီမေးခွန်းများ ကလေးသွားမေးတောင် သိတယ် ဟွန်း'

ထိုသို့သောအချိန်တွင် မလမင်းထံမှ နောက်ထပ်မေးခွန်းတစ်ခု ထပ်မံတောင်ပါသည်။

'တတိယမေးခွန်းကတော့ သိကြားမင်းထိုင်တဲ့ကျောက်ဖျာကို ဘာကျောက်ဖျာလို့ ခေါ်ပါသလဲရှင်'

မေးသံလည်းဆုံးရော ဆောင်းဝေအပါအဝင် အတွဲတော်တော်များများ ဘာဝုန်းဝုန်းဖြင့် သူ့ထက်ငါ မတ်တတ်ထရပ်ကြသည်။

ပြီးတော့ သူ့ထက်ငါ အဖြေကို ဝိုင်းအော်ကြသည်။

'မြကျောက်ဖျာ··· မြကျောက်ဖျာ··· မြကျောက်ဖျာ'

မလမင်း အပြုံးဖြင့် ခေါင်းကို ခါရမ်းလိုက်ပြီး···

'မြကျောက်ဖျာချည်းပဲဆိုရင် အဖြေက မလုံလောက်ပါဘူး၊ ဒီထက်ပြည့်စုံအောင် ပြောရမှာပါရှင်'

ထိုသို့ပြောလိုက်ခြင်းကြောင့် အကုန်လုံး ရှက်ကိုးရှက်ကန်းရုပ်များဖြင့် ပြန်ထိုင်သွားကြသည်။ မတ်တတ်ရပ်၍ ကျန်ရစ်နေသူနှစ်ယောက်တော့ ရှိပါသည်။ ထိုနှစ်ယောက်ကတော့ ဆောင်းဝေနှင့် နိုင်စိုး။

တစ်ယောက်ကိုတစ်ယောက် စောင်ပေပေဖြင့် ကြည့်ကာနေသည်။

ဘယ်သူအရင်ဖြေခွင့်ရမည်နည်း။

မလမင်းလည်း နဝေတိမ်တောင်ဖြစ်နေ၍ ကိုညီဖော်ကို အားကိုးတကြီးပုံစံဖြင့် လှမ်းကြည့်သည်။ ထိုအကြည့်ကို သဘောပေါက်သဖြင့် ကိုညီဖော်ထရပ်လိုက်ပြီး···



www.burmeseclassic.com

www.burmeseclassic.com



‘အင်း… အခုဟာက ဖြေဆိုမယ့်လူက နှစ်ယောက်ပြိုင်တူဖြစ်နေတယ်ဆိုတော့ ပြဿနာနည်းနည်းတော့ ရှိတယ်၊ ပြီးတော့ ဒီနှစ်ယောက်ကလည်း အဖြေမှန်ကို ဖြေဆိုနိုင်ခြေရှိတဲ့လူတွေချည်းပဲ’

ဆောင်းဝေက ကြားဖြတ်၍…

‘မိန်းကလေးဖြစ်တဲ့ ကျွန်မအရင်ဖြေပါရစေ’

ထိုအခါ နိုင်စိုးက နှုတ်သီးကောင်းလျှာပါးဖြင့်…

‘မိန်းဖြစ်တာနဲ့ပဲ မင်းက ဘာကိစ္စအရင်ဖြေရမှာလဲ’

‘Lady First ဆိုတာ ရှင်မကြားဖူးဘူးလား’

‘ကြားဖူးသားပဲ’

‘အဲ့ဒါဆို သဘောပေါက်လိုက်လေ’

‘နိုင်ငံကြီးသားလုပ်ဖို့ ငါ စိတ်မဝင်စားဘူး’

ထိုသို့အခြေအနေ တင်းမာလာခြင်းကြောင့် ကိုညီဇော်ကဝင်၍…

‘ကဲ ကဲ… တော်ကြပါတော့၊ ဒီကိစ္စကို ဘယ်သူမှ မနစ်နာအောင် ကျွန်တော်စီစဉ်ပေးပါ့မယ်၊ ဒီတော့ ဒီလိုလုပ်ပါ၊ ညီမလေးဆောင်းဝေက အဖြေကို ကိုယ့်အမျိုးသမီးဆီမှာ တိုးတိုးလေးသွားပြော၊ ညီလေးနိုင်စိုးကတော့ ကိုယ့်ဆီမှာ လာပြောပေါ့၊ နှစ်ယောက်စလုံးရဲ့အဖြေက မှန်ကန်နေတယ်ဆိုရင် နှစ်ယောက်စလုံးကို ကိုယ်က နောက်တစ်ပွဲစီ ဖြေဆိုနိုင်တယ်လို့ သတ်မှတ်ပေးမယ်၊ အဲ… မှားသွားတယ်ဆိုရင်တော့ ကိုယ့်ကံနဲ့ကိုယ်ပေါ့’

ကိုညီဇော်၏ အစီအစဉ်မှာ တရားမျှတပါသည်။ ထို့ကြောင့် ဆောင်းဝေနှင့် နိုင်စိုးတို့နှစ်ယောက် ကိုယ်ပြောရမည့်လူထံသွား၍ တိုးတိုးအဖြေပေးလိုက်ကြသည်။ အဖြေပေးပြီး ကိုယ့်နေရာကိုယ် ပြန်ရောက်သောအခါ ကိုညီဇော်နှင့် မလမင်းတို့ ခေါင်းချင်းဆိုင်၍ အဖြေကို ဖလှယ်လိုက်ကြပြီး ကိုညီဇော်က…

‘ညီမလေးဆောင်းဝေနဲ့ ညီလေးနိုင်စိုးတို့နှစ်ယောက်ရဲ့အဖြေတွေက





တစ်ခုတည်း ဖြစ်နေပါတယ်၊ အဲ့ဒါကတော့ သိကြားမင်းထိုင်တဲ့ကျောက်ဖျာအမည်က ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပါတဲ့’

မလမင်းက…

‘ပဏ္ဍုကမ္ဗလာမြကျောက်ဖျာဆိုတဲ့ နှစ်ယောက်စလုံးရဲ့အဖြေက မှန်ပါတယ်’

လက်ခုပ်သံများ ဝေစည်သွားခဲ့သည်။

ဆောင်းဝေနှင့် နိုင်စိုးမှာ တစ်ယောက်ကိုတစ်ယောက် စောင်းပေပေဖြင့် ကြည့်ရှုလျက်။

ယခုဆိုလျှင် သူတို့နှစ်ယောက်မှာ တစ်ယောက်ကို အဖြေမှန်နှစ်ပွဲစီဖြင့် သရေကျနေပါသည်။

ထိုသို့သရေကျနေသလို ကျန်သည့်အဖွဲ့များကလည်း မိမိတို့ကိုယ်တိုင်ဝင်၍ ဖြေဆိုရန်အစီအစဉ်မရှိကြတော့ဘဲ ပရိသတ်အဖြစ်ရောက်ရှိသွားခဲ့ပြီး ဆောင်းဝေနှင့် နိုင်စိုးတို့ထဲမှ မိမိတို့စိတ်ကူးတည့်ရာလူကို အားပေးလိုက်ကြပြီး အလိုအလျောက်ပင် နှစ်ပိုင်းကွဲသွားခဲ့သည်။

ဒီလိုနှင့် ပြိုင်ပွဲမှာ ဆောင်းဝေနှင့်နိုင်စိုးတို့နှစ်ယောက်တည်း၏ ပြိုင်ပွဲခွင် အလိုအလျောက် ဖြစ်သွားခဲ့သည်။

စတုတ္ထမေးခွန်း မေးပါပြီ။ ကိုညီဇော်က…

‘စတုတ္ထမေးခွန်းကတော့ တော်လေးဝဆိုတဲ့ အမျိုးသမီးလေးယောက်အမည်ကို ပြောပြပေးပါ’

ဆောင်းဝေ လျှင်လျှင်မြန်မြန်ပင် ထရပ်လိုက်သည်။

ထို့ကြောင့် နိုင်စိုးနောက်ကျသွားပြီး ရပ်မလိုလုပ်ပြီးမှ ကုန်းကုန်းကွကွ ပြန်ထိုင်သွား၏။

ဆောင်းဝေက တိကျသောလေသံဖြင့်…

‘အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဗူလ ဖြစ်ပါတယ်’



www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒါဆိုရင်တော့ ညီမလေးရဲ့အဖြေ မှန်ပါတယ်'

ဆောင်းဝေဘက်မှလူများ လက်ခုပ်ဝိုင်းတီးကြသည်။

နောက်တော့ ပဋ္ဌမမေးခွန်းကို မလမင်းက မေးသည်။

'ကျွန်မတို့ရဲ့ နာမည်ကျော် ပုပ္ပားတောင်ကို ဘုရားရှင်လက်ထက်တုန်း က ဘယ်လိုခေါ်ခဲ့ပါသလဲ'

မေးခွန်းက လွယ်မယောင်နှင့်ခက်သည်။

ဒါပေမဲ့ မြန်မာ့သမိုင်းကျေပုံရသော ငါးဘာသာဂုဏ်ထူးရှင်ဆောင်း တစ်ယောက် မတ်တတ်ထရပ်ပါသည်။

နိုင်စိုးကတော့ မြန်မာ့သမိုင်းကျေပုံမရသဖြင့် လုံးလုံးမတ်တတ်ထမ ပါ။ ဆောင်းဝေက အသံမာလေးဖြင့်...

'ပုပ္ပားတောင်ရဲ့အရင်နာမည်ကတော့ 'သမ္မပြဒိဣတောင်' ဖြစ် တယ်ရှင်'

'သမ္မပြဒိဣတောင်ဆိုရင် ညီမလေးရဲ့အဖြေက မှန်ပါတယ်'

ဆောင်းဝေဘက်မှလူများ ရက်ရက်စက်စက်ကို လက်ခုပ်ဝိုင်းတီး သည်။ ဆောင်းဝေက နိုင်စိုးထက် နှစ်ပွဲတောင်မှ သာသွားပြီလေ။

ထို့ကြောင့် ဆောင်းဝေတစ်ယောက် နေရင်းထိုင်ရင်း အောက်ခြေ သွားပြီး ငတီးဘက်သို့ လှည့်၍မျက်နှာကိုချီကာ...

'ကျွန်မဘယ်လောက်တော်တယ်ဆိုတာကို ရှင် တွေ့ပြီမဟုတ်လား'

ငတီးက စာတိုလေးပြန်ရေးပြလိုက်သည်။

'စောင့်ကြည့်ဦးမယ်'

'စောင့်ကြည့်စမ်းပါ၊ ဒီဘက်ခေတ်မှာ ကျွန်မတို့လိုမိန်းကလေး က ရှင်တို့လိုယောကျ်ားလေးတွေထက် ပိုတော်တာကိုသိစေရမယ် ဟင်း ဟင်း'





ငတီး နောက်ဆုံးလက်ကျန်ပဲကြီးလှော်တစ်လုံးကို ပါးစပ်ထဲထည့် လိုက်ပြီး ပခုံးတွန့်ပြလိုက်သည်။

ကိုညီဇော်က လည်ချောင်းကို အရင်ရှင်း၍...

'ခုဆို ကျွန်တော်တို့မေးခွန်းငါးခု ဖြေဆိုပြီးသွားပါပြီ၊ ဒီမေးခွန်းငါးခု စလုံးက မြန်မာ့သမိုင်းနဲ့ပတ်သက်တဲ့ မေးခွန်းတွေပါ၊ ခုမေးခွန်းခြောက်ခု မြောက်ကစတင်ပြီးတော့ ကျွန်တော် ကမ္ဘာ့သမိုင်းမေးခွန်းတွေ မေးပါတော့ မယ်၊ ဘယ်သူက ဆက်လက်ပြီး လျင်လျင်မြန်မြန်နဲ့ ဖြေဆိုနိုင်ဦးမလဲဆိုတာ ကို စောင့်ကြည့်ရဦးမှာပါ'

လေသံကို ခဏနား၍...

'ခြောက်ခုမြောက် ကမ္ဘာ့သမိုင်းမေးခွန်းကတော့ မြန်မာအခေါ်အဝေါ် သျှူးခေါင်းပြတ်လို့ခေါ်တဲ့ ဖရီးမေဆင်အသင်းက ဘယ်နိုင်ငံမှာ စတင်ဖွဲ့ ည်းခဲ့တာပါလဲ'

ဆောင်းဝေ ဝုန်းခနဲအကျင့်ပါပြီ အရင်ထရပ်သည်။ နောက်မှ ဒီမေး ခွန်းသည် သူသိသောမေးခွန်းမျိုး မဟုတ်တာကို သတိရသွားပြီး မျက်နှာ လေးဖြင့် ပြန်ထိုင်လိုက်၏။ ထိုအခါမှ နိုင်စိုးက ပမာမခန့်မျက်နှာပေးဖြင့် ထရပ်လိုက်ပြီး...

'ဖရီးမေဆင်အသင်းက ပြင်သစ်နိုင်ငံမှာ စတင်ဖွဲ့စည်းခဲ့တာပါခင်ဗျ'

ဟုပြောလိုက်ရာ ကိုညီဇော်က ခေါင်းကိုအရင်ညိတ်လိုက်ပြီး...

'ပြင်သစ်နိုင်ငံဆိုရင်တော့ ငါ့ညီရဲ့အဖြေ မှန်ပါတယ်'

သူ့ဘက်တော်သားများ လက်ခုပ်တီးကြသည်။

နိုင်စိုးက ကိုညီဇော်အား...

'မှန်ရမှာပေါ့ အစ်ကိုရာ၊ ကျွန်တော်က မေးခွန်းကို ကိုယ်သေသေ ချာချာ ဖြေနိုင်တယ်ဆိုမှ မတ်တတ်ထရပ်တာလေ၊ သူများလို ကိုယ့်ကိုကိုယ်

www.burmeseclassic.com



ဖြေနိုင်မဖြေနိုင် မစဉ်းစားဘဲ မတ်တတ်ဦးအောင်ရပ်ရရင်ပြီးရောဆိုတဲ့လူတ
မှ မဟုတ်တာ ဟင်း… ဟင်း…'

ထိုသို့ နိုင်စိုး၏ ပိုက်လက်သီးက ဆောင်းဝေအရှိက်ကို တည့်တည
ထိသည်။ အံကြိတ်သံဖြင့်…

'တောက် … မိန်းမလို့မိန်းမရကောင်း၊ ငါ့ကို လာစောင်းပြောနေသေ
တယ် ဟွန်း … တွေ့မယ် ခုလာမယ့်မေးခွန်းကျရင် ဘယ်သူဖြေနိုင်မလဲ
တာကို ကြည့်ရသေးတာပေါ့ ဟင်း…'

ထိုသို့ကြိတ်မနိုင်ခဲမရဖြင့် ရေရွတ်နေသည့်အချိန်တွင် မလမင်းထံ
နောက်ထပ်မေးခွန်းတစ်ခု မေးလာသည်။

'၁၉၆၁ ခုနှစ်မှာ အီတာလီလူမျိုး ဘာလိုတိုလီက တူရိယာတစ်မျိုး
စတင်တီထွင်ခဲ့ပါတယ်၊ အဲဒီတူရိယာက ဘာပါလဲရှင်'

ဆောင်းဝေ နဖူးကြောကြီးရှုံ့၍ အပြင်းအထန်စဉ်းစားသည်။ မ
တတ်တော့ ထမရပ်ဖြစ်သေး။ ဆောင်းဝေအတိုင်း နိုင်စိုးကလည်း စဉ်းစား
ပုံရကာ လှုပ်ရှားမှုမရှိသေး။

မျက်မှောင်ကြီးတကျုံ့ကျုံ့ဖြစ်၍နေသော ဆောင်းဝေပုံကိုကြည့်
ငတီး ရယ်ချင်နေမိသည်။ ကြည့်ရင်းနဲ့မှ ဒီကောင်မလေး မျက်မှောင်ကျ
ထားလည်း လှတာပဲဟု တွေးဖြစ်အောင် တွေးမိသည်။

ပရိသတ်ဖြစ်နေပြီဖြစ်သော စုတွဲများကလည်း ဆောင်းဝေနှင့် နိုင်စိုး
နှစ်ယောက်အနက်မှ ဘယ်သူအရင်ထဖြေမလဲဟူသော အတွေးဖြင့် ငံ့လင့်
ကြသည်။ အတန်ကြာမှ နိုင်စိုးအဖြေရသွားပုံဖြင့် မတ်တတ်ထရပ်သည်
ထိုအခါ ဆောင်းဝေမျက်နှာမှာ လေလျှော့ခံရသော ပူဖောင်း
ရှုံ့တွတွလေး ဖြစ်သွား၏။

နိုင်စိုးက ဆောင်းဝေကို ခပ်ထေ့ထေ့တစ်ချက် လှမ်းကြည့်လိုက်
သည်။ ပြီးမှ ရင်ကိုကော့၍…





'တယော'

ဟု ခပ်ပြတ်ပြတ်ဖြေချလိုက်သည်။

မလမင်းက

'တယောဆိုရင်တော့ ဟုတ်ပါတယ်ရှင်'

နိုင်စိုး … ဆောင်းဝေကိုထပ်၍ကြည့်ပြီးမှ ဝင်ထိုင်သည်။

ဒီမေးခွန်းကို ဖြေလိုက်နိုင်တဲ့အတွက် သူနဲ့ဆောင်းဝေက လေးပွဲ-
လေးပွဲ သရေဖြစ်သွားပါပြီ။ ထို့အတွက်ကြောင့်လည်း မာန်တက်သည်ပေါ့။

ဆောင်းဝေကတော့ အံတကြိတ်ကြိတ်နဲ့သာ။

နောက်ထပ်မေးခွန်းတစ်ခုကို ကိုညီဇော်က ထပ်မေးသည်။

'ပုလင်းစက်ကို စတင်တီထွင်တဲ့ အမေရိကန်နိုင်ငံသားနာမည်က
ဘယ်သူပါလဲခင်ဗျာ'

မေးခွန်းကလည်း နည်းနည်းခက်လာပါပြီ။ ထို့ကြောင့် စဉ်းစားရုံသာ
စဉ်းစားနေကြပြီး မည်သူမျှ အဖြေမှန်ကို ထ၍မပြောနိုင်ကြသေး။

ဆောင်းဝေလေ့လာထားသော ဗဟုသုတများထဲတွင် ထိုကိစ္စလုံးလုံး
မပါ။ ထို့ကြောင့် ဆောင်းဝေ လုံးလုံးကို မသိပါ။ ကိုယ့်ရဲ့မပြည့်ဝခြင်းကို
ကိုယ့်ဘာသာကိုယ် မဆင်ခြင်ဖြစ်၊ ထိုမေးခွန်းကို ထုတ်ဖော်မေးသော
ကိုညီဇော်ကိုပါ မဆီမဆိုင် ပွစိပွစိလုပ်နေ၏။

'ကျွတ် … ဘာတွေလျှောက်မေးနေမှန်းလဲ မသိဘူး၊ မေးပါလား
သိထားတဲ့ဟာကို … ဟွန်း…'

အမှန်တော့ ဆောင်းဝေက မြန်မာမိန်းကလေးတို့ဖြစ်တတ်သည့်
သဘာအတိုင်း မြန်မာလူမျိုးနှင့် သက်ဆိုင်သော ဗဟုသုတပိုင်းလောက်
သာ အတော်အတန်သိရှိပြီး ကမ္ဘာ့ဗဟုသုတမှာတော့ အားနည်းနေသော
သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ကြာသင့်ကြာထိုက်သည်ထက် ပို၍ကြာလာပါပြီ။ ဘယ်သူ့ဆီကမှ အဖြေမရသေး။

ထို့ကြောင့် ကိုညီဇော်က အဖြေမှန်ပေါ်စေရန် လမ်းကြောင်းပေးလိုက်သည်။

'အင်း… အဲဒီအမေရိကန်နိုင်ငံသားပုဂ္ဂိုလ်က အခုလက်ရှိပရိုးမီးယားလိဂ်အသင်းကြီးတစ်သင်းမှာ ကစားနေတဲ့ ရှေ့တန်းတိုက်စစ်မှူးတစ်ယောက်ရဲ့နာမည်နဲ့ ဆင်တူတယ်'

ဆောင်းဝေ မျက်မှောင်ကျုံ့သွားသည်။

ပရိုးမီးယားလိဂ်ဆိုတာ ရေထဲမှာ ယက်ကန်ယက်ကန်နဲ့ သွားတတ်တဲ့ လိပ်အမျိုးအစားထဲက တစ်မျိုးသောလိပ်ဟု ဆောင်းဝေတွေးနေဟန်တူသည်။ မြန်မာမိန်းကလေးနဲ့ ဘောလုံးဆိုတာ မိုင်နှစ်ဆယ်လောက်ကို ဝေးနေတာကိုး။ ထို့ကြောင့် ကိုညီဇော်က လမ်းထွင်ပေးသော်လည်း လမ်းကို မမြင်။

နိုင်စိုးကတော့ ယောက်ျားလေးမို့ လမ်းပေါက်သွားပါသည်။ ထို့ကြောင့်…

'ကျွန်တော်သိပြီ ပုလင်းစက်တီထွင်တဲ့လူနာမည်က အိုဝင်'

'အိုဝင်ဆိုရင် မှန်ပါတယ်ခင်ဗျာ'

နိုင်စိုးဘက်မှ လက်ခုပ်သံတွေ ဝုန်းဒိုင်းကြဲသွားသည်။ ယခုဆိုရင် နိုင်စိုးက ဆောင်းဝေထက် တစ်ပွဲတောင်သာသွားတာကိုး။

စုစုပေါင်းမေးခွန်းက ဆယ်ခုမေးမှာဆိုတော့ အခုရှစ်ခုမြောက်မေးပြီးသွားတဲ့အချိန်မှာ နိုင်စိုးက ဆောင်းဝေထက် တစ်ပွဲသာနေတော့ ကျန်တဲ့မေးခွန်းနှစ်ခုထဲက တစ်ခုကို ဖြေလိုက်နိုင်ရုံနဲ့ ပွဲကပြီးပြီ။

ဆောင်းဝေအတွက်က ကျန်တဲ့မေးခွန်းနှစ်ခုစလုံးကို ဖြေနိုင်ပါမှ အနိုင်ရတော့မှာ။

ထို့ကြောင့် ဆောင်းဝေ မျက်စိကိုစုံမှိတ်၍ 'တပည့်တော်ရသော



မေးခွန်းတွေကို မေးပါစေဘုရား' ဟု ဘုရားကို ခုတုံးလုပ်ကာ ဆုတောင်း၏။

နိုင်စိုးကတော့ ဟီးဟီးဟဲဟဲဖြစ်နေပြီး ပါးစပ်ပင် ပိတ်မရတော့။ သူ့ကောင်မလေးကလည်း ဒါမှတို့မောင်ကြီးတော့တွေ ဘာတွေ ထလုပ်သေး၏။

ထိုသို့ဖြင့် ဆောင်းဝေတစ်ယောက် ဘုရားစာတွေကို တတွတ်တွတ်ရွတ်နေသောအချိန်မှာပင် နောက်ထပ်မေးခွန်းတစ်ခုကို မလမင်းက မေးတော့သည်။

'ကမ္ဘာ့အရှည်ဆုံးဖြစ်တဲ့ နိုင်းလ်မြစ်ရဲ့အရှည် မိုင်ပေါင်းဟာ ဘယ်လောက်ပါလဲ၊ အတိအကျဖြေပေးပါ'

အထက်တန်းကျောင်းတက်တုန်းက သင်ခဲ့ရတဲ့ စာတွေပါ။ အဲဒီအချိန်တုန်းက ရကောင်းရခဲ့မှာမှန်ပေမယ့် လူလတ်ပိုင်းရောက်လာတော့ ပြန်မှတ်မိဖို့ဆိုတာ ဘယ်လိုမှကို မလွယ်တော့။

ထို့ကြောင့် ဆောင်းဝေစိတ်ပူပန်စွာဖြင့် နိုင်စိုးကို လှမ်းကြည့်သည်။ နိုင်စိုးကလည်း သူ့ကို ထိုနည်းလည်းကောင်း လှမ်းကြည့်သည်။ ထို့ကြောင့် လေထဲတွင် အကြည့်ချင်းဆုံသွားကြ၏။ ဒီမှာတင် နှစ်ဦးစလုံး သဘောပေါက်လိုက်တာကတော့ ဒီအဖြေကို သူလည်း ပြန်မမှတ်မိသလို ကိုယ်လည်း ပြန်၍မမှတ်မိသေး။

ထို့ကြောင့် နှစ်ယောက်စလုံး မျက်နှာပြန်လွှဲ၍ အပြင်းအထန် စဉ်းစားကြတော့သည်။

ထိုသို့ အဓိကဖြေဆိုမည့်လူနှစ်ဦး စဉ်းစားခန်းဝင်နေကြသဖြင့် ထောက်သည့်လူများကလည်း အလိုက်တသိ ငြိမ်သက်ကာစောင့်နေကြသည်။

ဝေါ်ကတော့ အပြင်းအထန်စဉ်းစားရင်း ချွေးတွေပျံနေသော ဆောင်းဝေကို မသိမသာကြည့်ရင်း သနားလာမိသည်။

www.burmeseclassic.com



ဒီမေးခွန်းကို ဆောင်းဝေမဖြေနိုင်ဘဲ နိုင်စိုးဖြေနိုင်သွားပါက ဆောင်းဝေ အဖို့ ငွေဆယ်သိန်းဆုံးရှုံးရတာက အသာထား၊ ဂုဏ်သိက္ခာပိုင်းအရ တော်တော်ကြီးကို ရှုံးကာ အရှက်ရပေတော့မည်။

ပြီးတော့ ဆောင်းဝေပုံစံကိုကြည့်ရတာလည်း အခြေအနေက သိပ်မကောင်း။

ထို့ကြောင့် ငတီးမှတ်စုစာအုပ်လေးကိုထုတ်၍ ဂဏန်းလေး လေးလုံးကို ရေးခြစ်လိုက်သည်။

ထိုသို့ရေးပြီးနောက် ဆောင်းဝေအား ပြမည့်ဆဲဆဲတွင် . . .။

❒



## အခန်း(၈)

ငတီး မိုက်ထဲကလေတွေက ပဲလှော်တန်ခိုးနှင့် နှစ်ဆတိုးပြီး အပြင်ဘို ရှန်းကန်ထွက်သွားတာပါ။ အသံက တော်တော်ကျယ်ပါသည်။

ထို့ကြောင့် ဆောင်းဝေအပါအဝင် နံဘေးရှိ ကြားလိုက်သူအပေါင်းတို့အား ကြောင်တောင်တောင်ဖြင့် ဝိုင်းကြည့်ကြသည်။

ငတီး ရှက်ကိုးရှက်ကန်းတော်တော်ဖြစ်သွားပြီး အကုန်လုံးကို သွားဖြဲလိုက်မိသည်။

'ဟီး . . . ဟီး'

ဆောင်းဝေက နှာခေါင်းရှေ့တွင် လက်ကလေးကို ခါရမ်းရင်း ရှုံ့မဲ့...

'အရေးထဲမှာ ရှင်ကလည်း တစ်မျိုး'

ငတီး ထပ်မံသွားဖြဲပြလိုက်ပြီး ရှေ့မျက်နှာ ရှေ့မှာပဲထားကာ ဆောင်းဝေအား မှတ်စုစာအုပ်ပေါ်တွင် ရေးထားသော ဂဏန်းလေးများကို ပြလိုက်သည်။

ထိုဂဏန်းတွေကိုကြည့်ပြီး ဆောင်းဝေမျက်မှောင်ကျုံ့သွားသည်။

'အဲ့ဒါဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးပြောရန် တေး နှုတ်ခမ်းပေါ်တွင် လက်ညှိုးကို ကန့်လန့်လုပ်ပြလိုက်၏။

ဆောင်းဝေမျက်နှာ လက်ခနဲဖြစ်သွားပြီး လေသံတိုးတိုးဖြင့်…

'အဲဒါ ဘာလဲ အဖြေလား…'

တေး ခေါင်းညိတ်၍…

'ရှင့်ဟာက သေရောသေချာလို့လား'

လေသံတွင် မယုံသင်္ကာဟန်နည်းနည်းစွက်နေ၏။

တေးက လေးလေးနက်နက်ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ဆောင်းဝေမျက်လုံးထောင့်ကပ်၍ တစ်ချက်မျှ စဉ်းစားကြည့်မိလိုက်သည်။ ကိုယ်လည်း မသိတဲ့အတူတူ တေးပေးသောအဖြေကို ဖြေလိုက်ခြင်းက အရှုံးမရှိနိုင်ဟု တွေးမိလိုက်ပြီး ဆုံးဖြတ်ချက်ကို ချက်ချင်းချ၍ မတ်တတ်ထရပ်လိုက်သည်။

BURMESE CLASSIC

နိုင်စိုးက ဟုတ်မှလည်း လုပ်ပါဆိုသည့်မျက်ဝန်းမျိုးဖြင့် လှမ်းကြည့်သည်။ လုံးဝမဖြေနိုင်တာက အကြောင်းမဟုတ်။ ကိုယ်ဖြေလိုက်တာ အလွဲကြီးဖြစ်နေရင် ရမ်းတုတ်ပါတယ်ဆိုပြီး အရှက်ကွဲ ပိုက်မှာလေ။

ထို့ကြောင့် ဆောင်းဝေ ချီတုံချတုံ အနည်းငယ်ဖြစ်နေသေးသည်။ နောက်မှ စိတ်ကို ဒုံးဒုံးချပြီး ကိုယ့်ကံကြမ္မာကို တေးအား ပုံအပ်လိုက်ပြီး…

'ကမ္ဘာအရှည်ဆုံးမြစ်ဖြစ်တဲ့ နိုင်းလ်မြစ်ရဲ့အရှည်က မိုင်ပေါင်း ၄၁၆ ပါရှင်'

ဟု ဖြေလိုက်ရာ မေးခွန်းထုတ်သူ မလမင်း နှစ်ခြိုက်စွာအရင်ပြုံးသည်။ ပြီးမှ တစ်လုံးချင်းပင်…

'နိုင်းလ်မြစ်ရဲ့အရှည်က မိုင်ပေါင်း ၄၁၆၀ ဆိုရင် မှန်ပါတယ်ရှင်'

လက်ခုပ်သံတွေ ဆူညံသွားကြသည်။





ဆောင်းဝေ သက်ပြင်းကြိတ်ချ၍ အားရပါးရပြုံးလိုက်မိသလို… နိုင်စိုးမျက်နှာ တော်တော်ကြီးကို ရှုံ့မဲ့သွား၏။

ဆောင်းဝေ ပြန်ထိုင်၍ တေးအနားသို့ကပ်ကာ လေသံတိုးတိုးဖြင့်…

'ရှင်ကတော်သားပဲ'

တေး ရှက်ကိုးရှက်ကန်းဖြင့် ရယ်ပြလိုက်မိသည်။

'အဟီး'

လက်ခုပ်သံများ ငြိမ်သက်သွားသောအခါ ကိုညီဇော်က နောက်ဆုံးမေးခွန်းကို မေးရန် စတင်သည်။

'ဒီတစ်ခါမေးမယ့်မေးခွန်းကတော့ နောက်ဆုံးမေးခွန်းဖြစ်ပါတယ်၊ နောက်ဆုံးမေးခွန်းလည်းဖြစ်သလို အရမ်းကိုစိတ်လှုပ်ရှားစရာကောင်းနေတဲ့ အခြေအနေပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မေးခွန်းတွေကို မှန်အောင်ဖြေဆိုနိုင်ခဲ့တဲ့သူက နှစ်ဦးပဲရှိပါတယ်၊ အဲဒီနှစ်ဦးကတော့ ညီမလေးဆောင်းဝေနဲ့ ညီလေးနိုင်စိုးတို့နှစ်ယောက်ပါပဲ၊ ဒီနှစ်ယောက်က ဗဟုသုတကြွယ်ပြီး ထက်မြက်တာခြင်းလည်း တူညီနေသလို ဖြေဆိုနိုင်တဲ့မေးခွန်းအရေအတွက်ကလည်း တိုက်တိုက်ဆိုင်ဆိုင် တူညီနေပါတယ်၊ ဒါကြောင့် အခုမေးမယ့်မေးခွန်းကို ဖြေဆိုနိုင်သူက ငွေဆယ်သိန်းကို ဆုအဖြစ်ချီးမြှင့်ခြင်းခံရမှာဖြစ်ပါတယ်'

လက်ခုပ်တွေ တဖြောင်းဖြောင်း ထတီးကြသည်။

အားလုံးရဲ့စိတ်ဝင်စားမှုသည် အမြင့်ဆုံးသို့ ရောက်သွားခဲ့ပြီဖြစ်သည်။ ကိုညီဇော်က မေးခွန်းကို တည်ငြိမ်သောအသံဖြင့် တစ်ခွန်းချင်းပြောသည်။

'ရန်ကုန်မြို့မှာ နံနက် ၆ နာရီရှိနေတဲ့အချိန်မှာ စင်္ကာပူ၊ တိုကျို၊ လန်ဒန်၊ ပဲရစ်နဲ့ လော့စ်အိန်ဂျလိစ်မြို့တွေမှာ ဘယ်နှနာရီရှိနေပြီလဲဆိုတာကို ဖြေပေးစေလိုပါတယ်'

ဟု မေးလိုက်ရာ ဆောင်းဝေရော၊ နိုင်စိုးပါ ဖြေဆိုရန်အတွက် အပြိုင်အဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထရပ်ရန် ဟန်ပြင်ကြသေးသည်။ နောက် ဘယ်သူမှ မရပ်ဖြစ်တော့ဘဲ မျက်မှောင်ကြီးတွေကျုံ့ကာ ပြန်ထိုင်သွားကြသည်။

မေးခွန်းက လွယ်မယောင်နဲ့ ခက်နေတာကိုး။

ဒီလို နိုင်ငံတကာမြို့တွေရဲ့ စံတော်ချိန်ကို ပညာတတ်သူတိုင်းလို တစ်ခုစနှစ်ခုစ သိထားတာမျိုးတော့ရှိသည်။ ဒါပေမဲ့ အခုလိုနေရာအနှံ့က မြို့ငါးမြို့စလုံး၏အချိန်ကို လက်တန်းပြောနိုင်ဖို့အတွက်ကျတော့ တော်တော်ကြီးကို ဇဝေဇဝါဖြစ်စေပြီး သေချာရေရာခြင်းမရှိတော့။

ထို့ကြောင့် နှစ်ယောက်စလုံး မျက်မှောင်တကျုံ့ကျုံ့ဖြင့် တိုင်ပင်နေကြသည်။ ဒါပေမဲ့ တိုင်ပင်နေသူချင်းမှာတောင် ဆောင်းဝေက နံဘေးမှာ ငုတ်တုတ်ထိုင်နေသည့် ဝစီပိတ်ကိုယ်တော်ကြီးက ခန့်ခန့်ညားညားကြီးရှိနေ တော့ ပြဿနာမရှိပါပေ။

ထို့ကြောင့် တေးနားကပ်၍ လေသံတိုးတိုးဖြင့်…

'ရှင် ဒီအဖြေကို သိသေးလား'

တေး ခေါင်းညိတ်ပြသည်။

ဆောင်းဝေကထပ်၍…

'ဒါဆို ကျွန်မကို ဖြေပေးပါလား'

တေးထပ်၍ ခေါင်းညိတ်ပြသည်။

'ဖြေပဲဖြေနော် အီးတော့မပေါက်နဲ့၊ ကြားလား'

တေး ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး ဘောပင်ကို ကိုက်နေမိသည်။

'အို… ဘောပင်ကို ကိုက်မနေနဲ့လေ၊ အဖြေကိုရေးတော့'

ထိုအခါမှ တေး ခေါင်းကြီးငုံ့၍ အဖြေကိုရေးကာ ဆောင်းဝေအား ပေးလိုက်သည်။

ဆောင်းဝေ အဖြေကိုတစ်ချက်ကြည့်၍ ယုံကြည်မှုရှိစွာဖြင့် ထရပ် သည်။ ပြီးနောက် လေသံအေးအေးဖြင့်…





'ရန်ကုန်မြို့မှာ နံနက် ၆ နာရီရှိနေတဲ့အချိန်မှာ စင်္ကာပူမြို့မှာက နံနက် ၇ နာရီ၊ တိုကျိုမြို့မှာက နံနက် ၈ နာရီခွဲ၊ လန်ဒန်မြို့မှာက နံနက် ၁ နာရီခွဲ၊ ပဲရစ်မြို့မှာက နေ့ခင်း ၁၂ နာရီခွဲ၊ လော့စ်အိန်ဂျလိစ်မြို့မှာကတော့ နေ့လယ် ၃ နာရီခွဲ ဖြစ်ပါတယ်ရှင်'

ထိုသို့ဖြေပြီးနောက် ကိုညီဇော်ထံမှ ပြန်လည်တုံ့ပြန်သည့်အသံ ထွက်လာသေးခြင်းကြောင့် ဆောင်းဝေ ခပ်ကြောင်ကြောင် ဖြစ်နေပြီး မတ်တတ် ဆက်ရပ်နေမိ၏။

ခဏနေမှ ကိုညီဇော်က အပြုံးဖြင့်…

'အခုဆိုရင် ဆုငွေကျပ်ဆယ်သိန်းကို ညီမလေးဆောင်းဝေနဲ့ ညီလေး တေးတို့က ပိုင်ဆိုင်သွားပါပြီခင်ဗျား'

'ဝေး… ဝေး… ဝေး'

'ဖြောင်း… ဖြောင်း… ဖြောင်း'

ဆောင်းဝေဘက်မှ လူများသာမက နိုင်စိုးဘက်မှလူများကပါ အဝေးဝေး ထအော်၍ လက်ခုပ်တီးကြပါတော့သည်။ လူဆိုသည်မှာက အောင်မြင်ဆုံးလူနောက်ကိုသာ လိုက်တတ်စမြဲမဟုတ်လား။

ဆောင်းဝေမှာတော့ ဝမ်းသာလွန်းသဖြင့် ဖွေ့ဖွေ့ခုန်နေသည်။

အသံများငြိမ်သွားမှ ကိုညီဇော်က…

'ကဲ ညီမလေးဆောင်းဝေနဲ့ ညီလေးတေးတို့နှစ်ယောက် ဆုငွေယူရန် ရှေ့သို့ ထွက်လာခဲ့ပေးပါ'

ထိုသို့ပြောလိုက်ခြင်းကြောင့် တေးပါ ကန့်လန့်ကန့်လန့်ဖြင့် ရှေ့သို့ ထွက်လာခဲ့ရသည်။ ခုချိန်မှာက မိမိနဲ့ဆောင်းဝေကို သမီးရည်းစားဟု သတ် မှတ်ထားခြင်းကြောင့် စိတ်ထဲမှာ ရှက်နေမိသလိုလို ဘာလိုလိုကြီးပါ။ ဆိုင်တီမကတော့ ငွေဆယ်သိန်းမျက်နှာကြောင့် ရှက်ရကောင်းမှန်းသိပုံမရ၊ မျက်နှာကိုက မှီရတဲ့မျက်နှာမျိုးနဲ့ ဟွန်း…။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ ကိုညီဇော်က ဆုငွေပေးသည်။

ဆောင်းဝေလက်ခံယူသည်။

ဇေတီးလည်း လက်ဆွဲနှုတ်ဆက်ရသည်။

ကိုညီဇော်က…

'အခု ညီမလေးဆောင်းဝေနဲ့ ညီလေးဇေတီးတို့နှစ်ယောက် ဆုငွေရရှိတဲ့အတွက် ဘယ်လိုခံစားရသလဲဆိုတာကို ပြောပေးပါဦး'

ထိုသို့ပြောခိုင်းလိုက်ခြင်းကြောင့် ဆောင်းဝေ ဝမ်းအားရဖြင့် အာဘောင်အာရင်းသန်သန် ဖြေသည်။

သူသည် ငယ်စဉ်ကပင် စာကိုအလွန်ကြိုးစားခဲ့ကြောင်း၊ စာဖတ်ဝါသနာလည်း အလွန်ပါကြောင်း၊ ထို့ကြောင့် အလွန်ထက်မြက်၍ မှတ်ဉာဏ်လည်း အလွန်ကောင်းကြောင်း၊ ဒီဆုငွေကိုလည်း ရသင့်ရထိုက်၍သာ ရကြောင်း၊ ရခဲ့၍လည်း ဝမ်းသာကြောင်း၊ ကိုညီဇော်နှင့် မလမင်းကိုလည်း အလွန်ကျေးဇူးတင်ကြောင်း စသည်ဖြင့် အလွန်တွေ များပြားစွာ အလွန်ဝင်ပြော၍ နိဂုံးချုပ်ခဲ့သည်။

ကိုညီဇော်က ထပ်၍…

'ညီမလေးဆောင်းဝေ ပြောပြီးသွားပြီဆိုတော့ ညီလေးဇေတီးကလည်း တစ်ခုခုပြောပေးပါဦး'

ဇေတီးခေါင်းခါပြသည်။ ထို့ကြောင့်…

'ပြောပါကွ၊ ငါ့ညီကလည်း ရှက်မနေပါနဲ့'

ဇေတီး ထပ်မံခေါင်းခါပြသည်။ ကိုညီဇော်ကိုလည်း အားတော့နာပါသည်။ ဒါပေမဲ့ ကိုယ့်အခြေအနေက စကားတစ်လုံးတောင်မှ ဟဖို့မဖြစ်နိုင်တာ။ ထို့ကြောင့် ကိုညီဇော်မျက်မှောင်ကျုံ့၍…

'ပြဿနာတစ်ခုခုများရှိလို့လား ငါ့ညီ'

ဇေတီး ခေါင်းညိတ်ပြလိုက်သည်။





'ဘာပြဿနာလဲကွ၊ အစ်ကိုတို့ကို ပြောပြလို့ရမလား'

ခက်တော့ခက်နေပါပြီ။ ထို့ကြောင့် ဇေတီးလည်း မထူးတော့ပြီမို့ ဆောင်းဝေမမြင်အောင် ကိုညီဇော်အား စာလေးတစ်ကြောင်း ရေးခြစ်ပြလိုက်သည်။

'ကျွန်တော့်ကောင်မလေးက ကျွန်တော့်ကို စိတ်ဆိုးပြီး ဒီနေ့တစ်နေ့လုံး ဘယ်သူနဲ့မှ စကားမပြောရဘူးလို့ အမိန့်ချထားလို့ပါ အစ်ကို'

ထိုစာကိုဖတ်ကြည့်ပြီးနောက် ကိုညီဇော် ဟဟားဟား ထရယ်၍…

'ဟား ဟား ဖြစ်မှဖြစ်ရလေကွာ၊ အစ်ကို သဘောပေါက်ပြီ၊ ပေါက်ပြီ… ဟား ဟား ဟား'

ဆောင်းဝေ မသင်္ကာအကြည့်ဖြင့် မလမင်းနှင့် စကားပြောနေရင်း လှမ်းကြည့်သည်။ ထို့ကြောင့် ဇေတီးက ကိုညီဇော်အား မျက်ရိပ်လှမ်းပြလိုက်သည်။

ကိုညီဇော် သဘောပေါက်စွာဖြင့် မျက်နှာပိုးသတ်သွားသည်။

ထိုသို့နားလည်မှုရသွားပြီးနောက် ဇေတီးတို့နှစ်ယောက် ကိုညီဇော်တို့ လင်မယားကို လိုက်လံနှုတ်ဆက်၍ ကန်တော်ကြီးအတွင်းမှ ငြိမ်းအေးစွာ ထွက်ခွာလာခဲ့ကြသည်။

ငွေဆယ်သိန်းတန်ခိုးကြောင့် နှစ်ယောက်သားကြား ဒီနေ့အဖို့ ရာသီဥတု သာယာနေသည်ဟု ပြော၍ရသည်။

လမ်းတွင် ဇေတီးက ဆောင်းဝေအား စာတိုလေးတစ်စောင်ရေး၍ ပြလိုက်သည်။

'အင်း၊ အဲ၊ ဟို၊ အဟင်း၊ အဟဲ၊ ဟိုက်…ဆိုတဲ့ စကားလုံးလေးများတွေ ငါ့မှာထွက်ခွင့်ရှိနိုင်တယ်လို့ မင်းထင်လား'

ဆောင်းဝေ ထိုစာကိုဖတ်ကြည့်ပြီး ဟက်ဟက်ပက်ပက်ရယ်သည်။

'ခစ်… ခစ်… ခစ်… ခစ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လှိုက်လှဲစွာရယ်မောနေသော ဆောင်းဝေကို အမှတ်မထင်ကြည့်မိရင်း တေဇ ငေးခနဲပင်ဖြစ်သွားသည်။

'ဒီကောင်မလေးရယ်နေတာ လှလိုက်တာ'

ထိုအတွေးက ရင်ခွင်တစ်ခုလုံးကို ဟင်းလင်းပွင့်သွားအောင် ဖွင့်ပစ်လိုက်သည်။ ဆောင်းဝေရယ်တာကို တေဇမမြင်ဖူးပါ။ ယခုမြင်လိုက်ရသောခဏ၌ ချစ်ခြင်းမေတ္တာတရားသည် လှုပ်နှိုးခံလိုက်ရသလို ရှုတ်တရက်ကြီး ခေါင်းထောင်ထလာသည်။

လောကကြီးတစ်ခုလုံး၌ ငုံနေသော ပန်းပွင့်တိုင်းသည် အစွမ်းကုန် ဖူးပွင့်ကုန်သည်။

တေဇ၏ရင်သည်လည်း ထိန်းမရနိုင်လောက်အောင်ကိုပင် ဗုန်းဒိုင်းကြဲကာ ခုန်လာသည်။

ရင်ခုန်လွန်းသောကြောင့် နှလုံးသားသည် အမြင့်သို့ ပေါက်ထွက်သွားမည်စိုးသဖြင့် ဘယ်ဘက်ရင်အုံကို အလျင်အမြန်ပင် တေဇလက်ဖြင့်အုပ်ထားလိုက်ရသည်။

ဆောင်းဝေကတော့ ထိုသို့အချိန်ခဏအတွင်း တေဇဖြစ်ပျက်ပြောင်းလဲသွားသည်ကို လုံးဝမသိလိုက်ရဘဲ အရယ်မျက်နှာလေးဖြင့်...

'ဟင်း... ဟင်း... ဒီအာမေဋ္ဌိတ်စကားလုံးလေးတွေလောက်တော့ ရှင် ထွက်ခွင့်ရှိတယ်လို့ ကျွန်မ ထင်ပါတယ်၊ ရပါတယ် ထွက်ပါ'

တေဇ ရင်ဘတ်ကိုသာ လက်ဖြင့်အုပ်ထားပြီး ဘာအမူအရာမှကို ပြန်၍ပြသနိုင်ခြင်း မရှိသေးပါ။ ဆောင်းဝေက...

'ဒါနဲ့ ရှင့်ကို ကျွန်မ ကျေးဇူးတင်တယ်သိလား'

မလိုပါဘူးကောင်မလေးရယ်ဟု တေဇရင်ထဲမှ ပြောမိသည်။

'ရှင့်ကြောင့် ကျွန်မ ဒီပွဲကို နိုင်သွားတယ်လို့လည်း ပြောလို့ရတယ်လေ'





'အင်း'

'ရှင်က ဆိုးတော့မဆိုးပါဘူး၊ ဗဟုသုတတော့ ရှိသားပဲ'

'အင်း'

'ရှင်... ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးတွေဘာတွေရော ပါသေးလား'

'အင်း'

'တကယ်... ဘယ်နှဘာသာပါလဲ'

တေဇ လက်ခြောက်ချောင်း ထောင်ပြလိုက်သည်။

ထို့ကြောင့် ဆောင်းဝေ မျက်လုံးဝိုင်းသွားပြီး...

'ခြောက်ဘာသာဂုဏ်ထူးတောင်မှ ပါတယ်လို့ ရှင်ပြောချင်တာလား'

'အင်း'

'တကယ်'

တကယ်လည်း တေဇ ဆယ်တန်းတုန်းက ခြောက်ဘာသာလုံး ဂုဏ်ထူးပါရုံမက မြန်မာတစ်နိုင်ငံလုံးပါ ဒုတိယချိတ်ခဲ့တာပါ။

ဆောင်းဝေမယုံသင်္ကာဟန်ဖြင့် တေဇကို လှမ်းကြည့်သည်။

တေဇ၏ တည်တံ့သောရုပ်ဟန်က သူ၏မယုံသင်္ကာစိတ်ကို ဖျောက်ဖျက်ပစ်လိုက်မှ သက်ပြင်းချပြီး...

'လက်စသပ်တော့ ရှင်က ဒါကြောင့်တော်နေတာကိုး'

တော်ခြင်းတတ်ခြင်းသည် ဆယ်တန်းတွင် ဂုဏ်ထူးအများကြီးပါရုံလောက်ဖြင့် သတ်မှတ်၍မရနိုင်ကြောင်းကို ဆောင်းဝေအား တေဇမပြောပြခဲ့သော့။

ထိုသို့ဖြင့် ဆောင်းဝေနှင့်တေဇ လမ်းခွဲခဲ့ကြပြီးနောက် အိမ်သို့ပြန်

www.burmeseclassic.com



ရောက်ချိန်တွင် ယခုထိခုန်နေဆဲဖြစ်သော နှလုံးသားကို တေီးဖေးဖေးမမဖြင့် ထိန်းကိုင်ထားရသည်။

ညအိပ်ချိန်သို့ရောက်သောအခါ တေီး ကဗျာမဆန်သော အိပ်မက်ကြီးတစ်ခုကို မက်သည်။

ထိုအိပ်မက်ကတော့…

□





## အခန်း(၉)

အိပ်မက်ထဲတွင် တေီးထံ၌ ကြီးမားသော အပြောင်းအလဲကြီးတစ်ခု ဖြစ်ပေါ်နေ၏။

ထိုအပြောင်းအလဲမှာ တေီး၏နှုတ်မှထွက်သော အသံနေအသံထားပင် ဖြစ်သည်။

တေီးပါးစပ်မှ ပုံမှန်လေသံမျိုးဖြင့် စကားပြောလိုက်လျှင်ပင် ထိုအသံသည် ဟိန်းခနဲဖြာထွက်သွားပြီး နှစ်မိုင်အကွာမှ နေသောလူတစ်ယောက်၏ နားထဲ၌ ပီပီသသကြားရသည်အထိ ဖြစ်နေ၏။

ထိုသို့စကားပြောသံ ကျယ်လောင်လွန်းနေသော်လည်း ဘယ်သူမှတေီးကို ဆူညံသည်ဟု မပြောကြ။ ထိုသို့မပြောသည့်အပြင် နားထောင်၍ကောင်းလှပါသည်ဆိုပြီး အချိန်ပြည့် အနားတွင် လူတရုန်းရုန်းဖြစ်နေသည်။

တေီး၏အသံဟိန်းဟိန်းကြီးကို ကြားလိုက်ရတိုင်း လူတိုင်း၏နားထဲတွင် ဆက်ကာဆက်ကာကြားလိုသည့်စိတ်လည်း ဖြစ်ကြရ၏။

လူအများကြားထဲတွင် ထိုသို့သော အသံပါရမီကြောင့် တေီးမှာ မျက်နှာပွင့်လန်းလှပြီး အတူးပင် ကျော်ကြားလှသည်။

တေီးအတွက်လည်း ထိုအသံပါရမီကြောင့်ပင် ဝင်ငွေလမ်းကြောင်း အလွန်ဖြောင့်လျက်ရှိသည်။ မည်သို့ဝင်ငွေရရှိသနည်းဆိုသော် **အစီအစဉ်**



www.burmeseclassic.com

www.burmeseclassic.com



တင်ဆက်သူ (Presenter) အဖြစ်လည်းကောင်း၊ အခမ်းအနားမှူးအဖြစ်လည်းကောင်း၊ အလှူခံဌာနများတွင် ဟောရပြောရသော နိမ္မာန်ဆော်အဖြစ်လည်းကောင်း စသည့် အသံဖြင့်လုပ်စားရသောနေရာများ၌ တေးအသံကသာ လွှမ်းမိုး၍နေလေသည်။

ထိုသို့ တေးအသံကို နေရာတကာ၌ ကျယ်လောင်စွာကြားနေကြရသော်လည်း ဘယ်သူမှ အပြစ်တင်ခြင်းမရှိ။ နားငြီးသည်ဟု မယူဆ။ နားထောင်ကောင်းလွန်းလို့ ကျယ်ကျယ်လေးပြောပေး၊ ဟောပေးပါဟုဆိုကြသူချည်းသာ ဖြစ်သည်။

ထိုအသံပါရမီကြောင့်လည်း မိန်းကလေးများ ဝိုင်းဝိုင်းလည်နေသည်။ သို့ရာတွင် တေးကတော့ ထိုဝိုင်းဝိုင်းလည်နေသော မိန်းကလေးများကို တစ်ယောက်မှ သဘောမကျ။

တေးရင်တွင်းမှ နှစ်နှစ်ကာကာ သဘောကျနေသည်မှာ ဆောင်းဝေ တစ်ယောက်ကိုသာ ဖြစ်၏။

အိပ်မက်ထဲတွင် ပါဝင်သော ဆောင်းဝေကလည်း တေးကို အပြင်မှာလို ဘုဆတ်ဆတ်စကားလုံးများဖြင့်မပြော။ ချိုကြည်သောလေသံဖြင့် ကိုတေး... ကိုတေးဟုခေါ်ကာ တေးအနားတွင် တွတ်တီးတွတ်တာနှင့်။

ပြောရလျှင် ဆောင်းဝေက တေးကို မျှော်လင့်နေပြီး တေးကသာ ဖွင့်ပြောပါက လက်သင့်ခံရန် အသင့်ရှိနေသောအချိန်ဖြစ်သည်။

ဒီလိုနှင့် အိပ်မက်ထဲတွင် တေးတစ်ယောက် ဆောင်းဝေကို ရည်းစားစကားပြောရန် ကန်တော်ကြီးသို့ ခေါ်ဆောင်သွားခဲ့သည်။

'ဆောင်းဝေ'

'ရှင်... ဘာပြောမလို့လဲဟင် ကိုတေး'

'ပြောစရာစကားတော့ရှိတယ်၊ ဒါပေမဲ့ ပြောသင့်မပြောသင့် ချိန်နေမိလို့ပါ အဟီး'





ထိုသို့ပြောပြီး တေးတစ်ယောက် လက်နှစ်ဖက်ကို ပေါင်ကြားထဲတွင် ရှက်ပြီးဖွက်ထားလိုက်မိသည်။ ထိုသို့ကျက်သရေတုံးလွန်းလှသော ကိုယ့်အမူအရာကို ကိုယ်အိပ်မက်မက်နေရင်းမှပင် နားရင်းအုပ်ချင်မိသွား၏။

ဆောင်းဝေက...

'ပြောပါ ကိုတေးရဲ့၊ ကိုတေးပြောရင် အရမ်းနားထောင်ကောင်းလွန်းလို့ပါ'

'အဟင်း... အဲ့ဒါတော့ ကိုယ့်ကိုကိုယ်သိတယ်၊ ဒါပေမဲ့ ရှက်နေသလားလို့ အဟင်း...'

ဒီတစ်ခါတော့ ပေါင်ကြားထဲ လက်မဖွက်ဖြစ်တော့ဘဲ လက်ချောင်းအချင်းချင်းကို လိမ်ချိုးနေမိ၏။ ထို့ကြောင့် အိပ်မက်ထဲက ကိုယ့်ကိုကိုယ်အား နားရင်းတင်မဟုတ်ဘဲ ဖနောင့်နဲ့ပါ ပေါက်ပစ်လိုက်ချင်တော့၏။

ဆောင်းဝေက...

'ရှက်နေရအောင် ကိုတေးက ဆောင်းဝေကို ရည်းစားစကားပြောလို့လားဟင်'

'ဟင်... ဟုတ်... ဟုတ်တယ်၊ ဆောင်းဝေဘယ်လိုရိပ်မိတာလဲဟင်'

'မိန်းကလေးဆိုတော့ ဒီလိုပဲ ရိပ်မိတာပေါ့... အဟင်း'

'ဟုတ်လား... အဟီး...ချက်...အဲ... ရှက်...လိုက်တာနော်'

ဆောင်းဝေက အပြုံးဖြင့်...

'ဒါပေမဲ့ ဆောင်းဝေကို ရည်းစားစကားပြောရင် ကိုတေး အကျယ်ကြီးအော်ပြောမှ ဆောင်းဝေလက်ခံမယ်၊ ဘယ့်နှယ်လဲ ပြောနိုင်ပါ့မလား'

'ဆောင်းဝေကလည်း ကိုယ့်အသံက ဒီအတိုင်းပုံမှန်ပြောရင်[illegible] [illegible]မိုင်လောက်အကွာမှာရှိတဲ့လူတွေတောင် ကြားရတဲ့ဥစ္စာ ဘာ[illegible]ရာလိုတော့လို့လဲ'

www.burmeseclassic.com



ဆောင်းဝေက နှုတ်ခမ်းကိုစူ၍…

'ဆောင်းဝေက ကိုတေး ဆောင်းဝေကို ချစ်တဲ့အကြောင်းပြောတာကို နှစ်မိုင်အကွာလောက်ကလူတွေတင်မကဘူး တစ်ကမ္ဘာလုံးမှာရှိတဲ့လူတွေကိုပါ ကြားစေချင်လို့ ပြောခိုင်းတဲ့ဟာကို'

'သြော်… ဒီလိုလား'

'ဟုတ်တယ်၊ ပြောမှာလားဟင် ကိုတေး'

'အဟင်း… ဆောင်းဝေက တစ်ကမ္ဘာလုံးမှာရှိတဲ့လူတွေကို ကြားစေချင်မှတော့ ကိုယ်ပြောရတော့မှာပေါ့'

'တကယ်'

'စိတ်သာချ'

ဒီလိုနှင့် တေးတစ်ယောက် မ,ဘက်လိုက်ပြီး မိုက်ဖက်ပါကာ ပေါ်ကြောင်ကြောင်ဖြင့် တစ်ကမ္ဘာလုံးရှိလူများ ကြားသိစေရန်အတွက်…

ပထမဦးစွာ အသက်ကို ပြင်းပြင်းရှူ၍ ဝမ်းခေါင်းထဲတွင် လေကို အပြည့်အသိပ်ထည့်လိုက်သည်။ ပြီးနောက် တစ်ကိုယ်လုံးရှိ ခွန်အားကို အပြည့်အဝသုံးကာ ပြင်းပြစွာ အော်ချလိုက်၏။

'ဆောင်းဝေကို ချစ်တယ်… တယ်… တယ်… တယ်… တယ်'

တေး၏အော်သံသည် လေထဲတွင် လှိုင်းတွန့်ကလေးများအဖြစ် ပြောင်းလဲသွားပြီး အဆင်သင့်ထိခတ်မှုဖြင့် ကမ္ဘာတစ်ဝှမ်းရှိ လူတိုင်း၏နားထဲသို့ စီးဝင်သွားသည်။

ထိုသို့အော်ဟစ်လိုက်ပြီးနောက် မိမိအား ပေကလပ် ပေကလပ်ဖြင့် ကြည့်နေသော ဆောင်းဝေအား ပြုံး၍…

'ကဲ… ဘယ်လိုလဲ ဆောင်းဝေ… ကျေနပ်ပြီလား'

ဆောင်းဝေက နဝေတိမ်တောင်ရုပ်ကလေးဖြင့်…

'ဘာကိုကျေနပ်ရမှာလဲ'





'ဟာဗျာ… ဆောင်းဝေပြောတဲ့အတိုင်း ကိုယ် တစ်ကမ္ဘာလုံးကြားအောင် အော်ပြီးသွားပြီလေ'

'ဘာ… ကိုတေးကလဲ ဘယ်မှာအော်ရသေးလို့လဲ'

'အခုလေးတင် အော်လိုက်တာလေ'

ဆောင်းဝေ နှုတ်ခမ်းကိုစူ၍…

'ကိုတေးနော်… ပါးစပ်လေးပဲ လှုပ်ရုံလှုပ်တဲ့ဟာကို ဂါနောက်နေနဲ့ ဟွန်း'

'ဟာဗျာ… မနောက်ပါဘူး၊ တကယ်အော်လိုက်တဲ့ဟာကို'

'မအော်ပါဘူး၊ အော်ရင်ဆောင်းဝေကြားရမှာပေါ့'

'ဟောဗျာ… ဆောင်းဝေမကြားရဘူးလား'

'ဟင့်အင်း… လုံးဝမကြားလိုက်ဘူး'

'တကယ်'

'တကယ်ပြောနေတာပေါ့'

တေးစိတ်ရှုပ်သွားပြီး ဆောင်းဝေကိုကြည့်မိ၏။

ဆောင်းဝေပုံစံက နောက်နေသည့်ဟန်၊ လိမ်နေသည့်ဟန် လုံးဝမပေါက်။ တကယ့်ကို တည်တည်ငြိမ်ငြိမ် ဖြူဖြူစင်စင်လေး။

မိမိ ဒီလောက်အကျယ်ကြီးအော်တာကို ဆောင်းဝေဘာကြောင့်မကြားဘဲဖြစ်နေရသနည်း။

တေး ခေါင်းကို ရှုပ်ထွေးစွာ ကုပ်ပစ်လိုက်သည်။

ပြီးမှ…

'ဟူး… ဒါဆိုလည်း ထားတော့ကွာ၊ နောက်ထပ်တစ်ခါ ထပ်အော်ပေးမယ်၊ ဟုတ်ပြီလား'

'အင်း… ကျယ်ကျယ်လေးနော်'

'အင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ငတီးထပ်အော်ရန်အတွက် လေကိုအရင်စုသည်။ ပြီးနောက် ခုနကထပ် ပို၍ကျယ်လောင်စေရန် ပို၍အားစိုက်၍…

'ဆောင်းဝေကို ချစ်တယ်… တယ်… တယ်… တယ်… တယ် … တယ်… တယ်…'

ပြင်းထန်သောပဲ့တင်သံဖြစ်ပေါ်သွားပြီး တစ်ကမ္ဘာလုံးအနှံ့ ဟိန်းသွား၏။ အားအင်တော်တော်သုံးလိုက်ရခြင်းကြောင့် ငတီး မောပန်းသွားပြီး ဆောင်းဝေဘက်သို့လှည့်၍…

'ကဲ… ဘယ်လိုလဲ ကြားပြီမဟုတ်လား'

ထိုသို့မေးလိုက်ခြင်းကြောင့် ဆောင်းဝေအူတူတူဟန်လေးဖြင့်…

'ဘာလဲ…ဘာမှမကြားရပါဘူး'

'ဟာကွာ… မနောက်နဲ့တော့ ဆောင်းဝေရာ'

'မနောက်ပါဘူး၊ တကယ်ကိုမကြားရတာပါ'

'မဖြစ်နိုင်တာကွာ၊ ဒီလောက်အကျယ်ကြီးအော်လိုက်တဲ့ဟာကို'

ဆောင်းဝေမျက်နှာ နည်းနည်းတည်သွားသည်။

'ကိုငတီးပြောတဲ့ပုံစံက ဆောင်းဝေကပဲ လိမ်နေသလိုလို ဘာလိုလို'

ချစ်ရသူ စိတ်ဆိုးသွားမည့်အရေးတော့ ငတီးမလိုလားပါ။ ထို့ကြောင့် ကပျာကယာဖြင့်…

'အာ… ဒီလိုသဘောနဲ့ ပြောတာမဟုတ်ရပါဘူး၊ ဆောင်းဝေမကြားဘူးဆိုတော့လည်း ကိုယ်ထပ်အော်ပေးမှာပေါ့'

'ဒီလိုဆိုလည်း ပြီးရောဗျာ… ဟွန်း'

ငတီး သက်ပြင်းကို လေးပင်စွာချပစ်လိုက်သည်။ ပေါက်သည့်နှမ မထူးတော့သဖြင့် ထပ်သာအော်ရပါတော့သည်။ ထုံးစံအတိုင်း အားစိုက်၍

'ဆောင်းဝေကို ချစ်တယ်… တယ်… တယ်… တယ်… တယ်'

အော်ပြီးနောက် …





'ကြားရလားဟင်'

'ဟင့်အင်း… လုံးဝကိုမကြားရဘူး'

စိတ်လျှော့၍ သက်ပြင်းကို ထပ်ချရသည်။

'ဒါဆိုလည်း ထပ်အော်မယ်လေ နော်'

'အင်း'

'ဆောင်းဝေကိုချစ်တယ်'

'ကြားရလား'

'ဟင့်အင်း'

'ဆောင်းဝေကိုချစ်တယ်'

'ကြားရလား'

'ဟင့်အင်း'

'ဆောင်းဝေကိုချစ်တယ်'

'ကြားရလား'

'ဟင့်အင်း'

'××××××'

'××××××'

ဒီလိုနှင့် ငတီးတစ်ယောက် အာခေါင်တွေခြောက်ပြီး လည်ချောင်းတွေ ဆောင် ကွဲလာပါပြီ။ ထိုအချိန်ထိ ဆောင်းဝေတစ်ယောက် ငတီးထံမှ ချစ်တယ်ဆိုသည့်စကားသံကို မကြားရသေး။

ဘယ်ကြားရပါ့မလဲ။ လူတစ်ယောက်ရဲ့ အကြားအာရုံဆိုတာက သူလက်ခံနိုင်လောက်တဲ့ အတိုင်းအတာထက် တိုးညင်းလွန်းသောအသံကို ကြားရသလို…

လက်ခံနိုင်လောက်တာထက် ကျယ်လောင်လွန်းသော အသံမျိုးကို လည်း မကြားရတတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငတီးရဲ့ ပင်ကိုအသံကိုက သာမန်စကားပြောရင်တောင်မှ အရမ်းကို ကျယ်လွန်းနေရာ အခုလိုအားကုန်အော်လိုက်တော့(over voice)ဖြစ်သွားပြီး အနီးဆုံးမှာရှိနေခဲ့တဲ့ ဆောင်းဝေတစ်ယောက် မကြားရတော့တာပါ။

ဒီလိုနဲ့ ဝေးကွာလွန်းတဲ့တစ်ကမ္ဘာလုံးရှိလူများက ငတီး ဆောင်းဝေကို ချစ်ကြောင်းသိရှိခဲ့ကြရပြီး အနီးဆုံးမှာရှိတဲ့ ဆောင်းဝေတစ်ယောက်သာ ငတီးရဲ့ အချစ်တွေကို မသိရှိခဲ့တော့ပါ။

❐



## အခန်း(၁၀)

အိပ်မက်မှ လန့်နိုးလာသောအခါ ငတီးတစ်ယောက် အမှန်တကယ် ပင် အာခေါင်တွေခြောက်ပြီး ရင်တွေပူနေသည်။

တလှပ်လှပ်တုန်နေသော ရင်ကို အနိုင်နိုင်ထိန်းရင်း ကိုယ်မက်ခဲ့သော အိပ်မက်ကို ပြန်တွေးမိကာ တော်တော်ကြီးစိတ်ဆင်းရဲသွားမိ၏။

မွန်းကျပ်နေသောစိတ်ကို ပေါ့ပါးပြောင်းလဲစေရန်အတွက် အခန်း ပြတင်းပေါက်ကိုဖွင့်လိုက်မိသည်။ ထိုအခါ နံနက်ခင်း၏ လေနုအေးက ငတီးကို ပြေးလွှားထိခတ်ပြီး နှစ်သိမ့်သည်။

ငတီး အမောမပြေသွားပါ။ ရင်ခွင်တစ်ခုလုံး နွမ်းလျလျက်သာရှိ သည်။ ဘာကြောင့်ထိုသို့ဖြစ်နေရသနည်း။ ရောက်ရှိနေသော အသက်အရွယ် အတွင်း အိပ်မက်တစ်ခုကြောင့် ထိုသို့ဖြစ်ရသည်မှာ ပထမဆုံးပင် ဖြစ်သည်။

ဒီအိပ်မက်က ကိုယ့်ကို ဘာကြောင့်များ ဒီလောက်ထိ တုန်လှုပ်ချောက် ချားသွားစေနိုင်ရတာလဲ။

'ကိုယ်ပြောတဲ့ ချစ်တယ်ဆိုတဲ့စကားကို ဆောင်းဝေကမကြားဘူး'

ထိုအိပ်မက်က ရိုးစင်းသလို ရယ်စရာပင်ကောင်းနေသေးသည်။

ဒါပေမဲ့ ငတီး လုံးဝလုံးဝကို မရယ်နိုင်သည့်အပြင် ပြန်တွေးမိလျှင်ပင် ရင်ထဲ၌ ယပ်ခါထပ်ခါ နာကျင်နေမိ၏။

ဘာကြောင့်လဲ…?



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတွေကြောင့်လဲ…?

ငတီး နက်နက်နဲနဲ စဉ်းစားမိ၏။

ထိုစဉ် စတင်ထွက်ပေါ်ခေါင်းပြူလာသော ရောင်နီဦး၏ အလင်းစက်တစ်စက်က ငတီး၏ ဘယ်ဘက်ရင်အုံတည့်တည့်ပေါ်သို့ ကျရောက်လာသည်။

ငတီးနှလုံးသား လှုပ်ခနဲဖြစ်သွား၏။

'လက်စသတ်တော့ ငါ ဒီကောင်မလေးကို ချစ်နေမိပြီပဲ'

ထိုအတွေးက အနာနှင့်ဆေးတည့်သွားသလို ဖြစ်သွားကာ ရင်ထဲတွင် ငြိမ့်ခနဲ နွေးထွေးသွား၏။

'အား… ငါ ဆောင်းဝေကို ချစ်မိနေပြီ… ဟုတ်တယ်'

ပိုမိုခိုင်မာသွားကာ လှသည်လည်း ပေါ့ပါးသွား၏။

ငတီး နှစ်နှစ်ကာကာပြုံးလိုက်မိသည်။

လောကကြီးကလည်း ငတီးကို ပြုံး၍ကြည့်နေသလိုပင်။

အချစ်ဆိုတာက သူက ကိုယ့်ကို ပြန်ချစ်ဖို့တောင်မဆိုထားနဲ့ ကိုယ်က သူ့ကို ချစ်မိသွားပြီဆိုတာလောက်နဲ့တင် လောကတစ်ခြမ်း ငြိမ်းချမ်းစေနိုင်တာပဲ မဟုတ်လား။

ထို့နောက်တော့ ငတီး ကိုယ့်စာမျက်နှာသစ်ကို ဆွဲဖွင့်ပစ်လိုက်ပါတော့သည်။

'ဆောင်းဝေကို ချစ်တယ်ဟေ့'

◆





'ဒီမှာ မိဆောင်းဝေ ညည်း တစ်နေ့တစ်နေ့ မိုးလင်းကနေ မိုးချုပ် အပြင်ကိုထွက်ပြီး ဘာတွေများလုပ်နေတယ်ဆိုတာကို ငါ့ကိုပြောပါဦး'

ဆောင်းဝေရဲ့ မာတာမိခင်ဖြစ်သူ ဒေါ်မြင့်ဆွေက ဆောင်းဝေကို မျက်စိစပါးမွေးစူးစွာဖြင့် ပြောနေတာပါ။

ထို့ကြောင့် အပြင်ထွက်ရန် တာစူနေသော ဆောင်းဝေတစ်ယောက် တန့်ခနဲဖြစ်သွားပြီး အမေဖြစ်သူ ဒေါ်မြင့်ဆွေအား မျက်နှာသေဖြင့်…

'သမီးက ဟိုစကားပုံအတိုင်း ကျင့်သုံးနေတာပါ အမေရဲ့'

'အောင်မယ်… ရာရာစစ နင်က ဘယ်စကားပုံအတိုင်း ကျင့်သုံးနေ ရတာတုံး'

'သမီးတစ်ကောင် နွားတစ်ထောင်ဆိုတဲ့စကားပုံလေ အမေရာ၊ သမီးကို နွားတစ်ထောင်နဲ့တောင် နှိုင်းထားတယ်ဆိုတော့ နွားဆိုတဲ့အမျိုးက ကိုယ်သွားချင်ရာကို ခြေဦးတည့်ရာ လျှောက်သွားနေတာမဟုတ်လား၊ ဒါကြောင့် သမီးလည်း အပြင်ကို လျှောက်ထွက်နေတာ… ဟင်း…'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဒေါ်မြင့်ဆွေ ရင်ဘတ်ကိုဖိ၍…

'အမယ်လေးတော်… အဲ့ဒါ နင့်ကို ဘယ်ပညာရှိက ပြောလိုက်တာလဲ'

'ဘယ်ပညာရှိမှပြောတာမဟုတ်ပါဘူး၊ သမီးဘာသာသမီး တွေးထားတာ'

'တယ်လေ ငါလုပ်လိုက်ရ သေတော့မယ်၊ မိန်းကလေးဖြစ်ပြီးတော့ [illegible]တ်လျှားလတ်လျှားနဲ့ ငါမပြောလိုက်ချင်ဘူး… ဟင်း…'

'အမေကလည်းနော်၊ သမီးလည်း သမီးကိစ္စရှိလို့ အပြင်ထွက်နေတာ [illegible] ပြီးတော့ အခု နှစ်ဆယ့်တစ်ရာစုကြီးမှာ မိန်းကလေးတွေ အိမ်တွင်း[illegible]မနေတော့ဘဲ ယောက်ျားလေးတွေနဲ့ရင်ဘောင်တန်းနေနိုင်ပါပြီ'

'တော်စမ်း၊ ဘယ်ရာစုပဲရောက်ရောက် မိန်းမက မိန်းမပဲ၊ ငါ့တို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေတွေ လာပေးမနေနဲ့၊ နင် ဒီနေ့ ဘယ်အပြင်မှကို မထွက်နဲ့၊ ငါသွားစရာရှိတယ်၊ အိမ်စောင့်··· ဒါပဲ'

'အမေကလဲ'

'အမေကလဲ··· ဘာလဲ လုပ်မနေနဲ့နော်၊ နင့်ကို ငါ အိမ်စောင့်လို့ ပြောပြီးသွားပြီ··· ဟွန်း···'

ထိုသို့ဖြင့် ဒေါ်မြင့်ဆွေတစ်ယောက် သမီးဖြစ်သူကို ဗီတိုအာဏာသုံးပြီး အိမ်စောင့်လုပ်နိုင်းကာ အပြင်သို့ထွက်သွားသည်။

ဆောင်းဝေအဖေက ဆောင်းဝေငယ်စဉ်ကပင် ဆုံးပါးသွားခဲ့သည်။ ထို့ကြောင့် လက်ရှိတွင် ဆောင်းဝေတို့မိသားစုတွင် မိခင်ဖြစ်သူဒေါ်မြင့်ဆွေ မမာနေသော အဘိုးဖြစ်သူနှင့် ဆောင်းဝေတို့သုံးယောက်သာ ရှိပါသည်။ အဘိုးဖြစ်သူက ကျန်းမာရေးသိပ်မကောင်းခြင်းကြောင့် အိမ်တွင် ဆောင်းဝေဖြစ်ဖြစ်၊ ဒေါ်မြင့်ဆွေဖြစ်ဖြစ် တစ်ယောက်ယောက်ကတော့ အိမ်စောင့်လုပ်လေ့ရှိသည်။

ယခုလည်း ဧတီးထံ သွားမည့်ဆဲဆဲ ဆောင်းဝေမှာ မိခင်ဖြစ်သူ ဒေါ်မြင့်ဆွေကြောင့် အစီအစဉ်ဖျက်လိုက်ရပြီး စူပွပွဖြင့်ကျန်ခဲ့သည်။

'အမေတို့များ ဘာမှန်းကိုမသိဘူး၊ ဟွန်း··· လူငယ်တွေကို ဦးစားမပေးဘဲ သူတို့လူကြီးတွေပဲ အပြင်ကို ထွက်ထွက်နေတယ် ဟင်း···'

ထိုသို့ ပွစိပွစိဖြင့် တစ်ကိုယ်တည်းပြောနေစဉ် အခန်းထဲမှ ချောင်းဟန့်သံကြောင့် အဘိုးဖြစ်သူ ဘာများဖြစ်သလဲဆိုသည့်အတွေးဖြင့် အထဲသို့ဝင်ပြီး···

'အဘိုး··· နေသာရဲ့လားဟင်'

'ဟေ··· အေး··· အဘိုးက အခန်းထဲမှာဆိုတော့ နေသာလား မသာလား ဆိုတာကို ဘယ်သိပါ့မလဲ မြေးရဲ့၊ မြေးသိချင်ရင် ကိုယ့်ဘာသာ အိမ်အပြင်ထွက်ကြည့်ချေလေ'





'အာ··· အဘိုးကလည်း အဲဒီနေကို ပြောတာမဟုတ်ဘူး၊ အဘိုးနေလို့ထိုင်လို့ ကောင်းရဲ့လားလို့ မေးနေတာ'

'သြော်··· ဒီလိုလား၊ အဲဒီလိုဆိုရင် သိပ်တော့မကောင်းဘူးကွ၊ ချောင်းက ဆိုးနေတော့ လိပ်ခေါင်းက ပြန့်ထပြီး သွေးယိုချင်နေတယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဧတီးပြောလိုက်သော ဆေးနည်းကို ဆောင်းဝေ လှစ်ခနဲသတိရသွားမိသည်။ ထို့ကြောင့်···

'ဒါဆို··· အဘိုး ခဏနေခဲ့ဦးနော်၊ သမီး ဆေးသွားဝယ်လိုက်ဦးမယ်'

'အင်း··· အေး အေး··· အဟုတ် ဟုတ်'

ထိုသို့ဖြင့် ဆောင်းဝေ အပြင်သို့ထွက်ပြီး လမ်းထိပ်ကွမ်းယာဆိုင်သို့သွားကာ ကွမ်းရွက်အနည်းငယ်ဝယ်ပြီး အိမ်သို့ပြန်လာသည်။

'ဒီမှာ ဆေးပါလာပြီ အဘိုး'

'ဟင်··· သမီးဟာက ကွမ်းရွက်တွေပါလား'

'ဟုတ်တယ်အဘိုးရဲ့၊ အဲ့ဒီကွမ်းရွက်ကိုပဲ ကပ်ရမှာ'

'ဟုတ်လား··· ဘယ်နားကို ကပ်ရမှာတုံး'

'အဘိုးလိပ်ခေါင်းကရော ဘယ်နားမှာဖြစ်နေတာတုံး'

'ဟ··· လိပ်ခေါင်းပါဆိုမှတော့ လိပ်ခေါင်းမှာပေါ့ မြေးရဲ့'

'ဒါဆိုလည်း အဲ့ဒီလိပ်ခေါင်းကိုပဲ ကပ်ရမှာပေါ့ ဘိုးရဲ့'

'ဒီလိုလား'

'ဒီလိုပဲ'

ထို့နောက် ဧတီးပြောသလို ကွမ်းရွက်ကို အနည်းငယ်နွမ်းသွားအောင် ကျက်ချေ၍ အဘိုးဖြစ်သူလက်ထဲသို့ ထည့်ပေးပြီး ကိုယ့်ဘာသာကိုယ် ကပ်ခိုင်းလိုက်သည်။

ကွမ်းရွက်ကပ်ပြီး သိပ်မကြာခင်မှာပင် သွေးယိုစီးမှုတန့်သွားသလို နာကျင်မှုလည်း အတန်ငယ်လျော့ပါးသွား၏။ ထို့ကြောင့် အဘိုးက···



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ငါ့မြေးဆေးနည်းက ဟုတ်လှချည်လား၊ ချက်ချင်း
သက်သာလာတယ်'

'အဟင်း… ဟုတ်ရမယ်လေ အဘိုးမြေးပဲဟာ'

'အဲ့ဒီဆေးနည်းကို ငါ့မြေးဘယ်လိုလုပ်ပြီး သိတာလဲ'

'အင်း… သမီးအသိတစ်ယောက် ပြောတာပါ'

'အေးကွာ… အဲ့ဒီသမီးရဲ့အသိကိုလည်း အဘိုးကကျေးဇူးတင်
ပါတယ်လို့ဆိုတဲ့အကြောင်း ပြောပေးပါ၊ ဒီလိုရောဂါမျိုးက အနေရ အထိုင်
ခက် အတော်ခက်တဲ့ရောဂါကွ'

ဆောင်းဝေပြုံး၍…

'စိတ်ချပါအဘိုးရဲ့ သမီးပြောလိုက်ပါ့မယ်'

(မှတ်ချက်။ ၄င်းနည်းလမ်းသည် အမှန်တကယ်ကို လိပ်ခေါင်းရောဂါအ
ပျောက်ကင်းစေသောနည်းလမ်းဖြစ်ပါသည်။ ရောဂါပြင်းထန်လွန်းပါ
တစ်လမျှ ရက်ဆက်ကပ်ပေးရပါသည်။)

ထို့နောက် ဆောင်းဝေ အဘိုးဖြစ်သူအခန်းထဲမှ ပြန်ထွက်လာ
ကိုယ့်အခန်းထဲသို့ဝင်ကာ ခုတင်ထက်တွင် လှဲလျောင်း၍ တေးအကြော
စဉ်းစားဖြစ်သွား၏။

တေးနှင့် မိမိ ဆုံတွေ့ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပတ်ကျော်ခန့်
ရှိပြီဖြစ်သည်။ ဒီရက်ပိုင်းတွေအတွင်း ဆုံတွေ့ရသလောက် တေးသည်
ရုပ်ရည်သန့်ပြန့်ပြီး ထက်မြက်လှသူဖြစ်သည်။ ထို့ပြင် ဗဟုသုတနှင့်ပြည့်
ပြီး တည်တည်ကြည်ကြည်လည်း ရှိပုံရ၏။

သူ့ငယ်ချင်းဖြစ်သူ ကေသီဘဦးပြောစကားအရ တေးသည် မိန်း
လေးပေါင်းများစွာကို ရည်းစားစကားလိုက်ပြော၍ ကိုယ့်စကားကိုယ် တာဝ
မယူဘဲ မျက်နှာလွှဲခဲပစ်လုပ်ကာ မိန်းကလေးများ၏ အရှက်နှင့်ဂုဏ်သိက္ခာ
စော်ကားသူဖြစ်သည်တဲ့။





ဆောင်းဝေ သက်ပြင်းချမိသည်။

အဘယ့်ကြောင့်ဆိုသော် ကေသီဘဦးပြောသလို လူစားမျိုး တေးက
ဟုတ်မှ ဟုတ်ပါ့မလားဆိုသည့်အတွေး ဝင်လာခြင်းကြောင့်ပင် ဖြစ်သည်။

တေး၏ ဟန်ပန်နှင့် ရုပ်ရည်သည် မိန်းကလေးတွေကို ဆွဲဆောင်မှု
ရှိတာကတော့ အမှန်ပင်။ ဒါပေမဲ့ တေး၏မျက်ဝန်းထဲတွင် ပါးရည်နပ်ရည်
ရှိမှုနှင့် ရိုးသားမှုတို့ကို ဒွန်တွဲ၍ တွေ့နေရသည်။

ဒီလိုဆိုလျှင် တေးကသာ ရိုးသားပါက ကေသီဘဦး မှားပေလိမ့်
မည်။

ကေသီဘဦးမှန်ပါက တေး မရိုးသားနိုင်ပါ။

ထိုသို့တွေးနေမိရင်း အတွေးတစ်စက ဖျတ်ခနဲ ဆောင်းဝေခေါင်းထဲသို့
ဝင်ရောက်လာသည်။ ဒါက…

မိမိဘာကြောင့် သူငယ်ချင်းဖြစ်သူအား မယုံမကြည်နှင့် တေးအား
ရိုးသားပါသည်ဟု ဘက်လိုက်အတွေးမျိုး ဝင်လာရသနည်း။

မိမိကရော တေးအပေါ် မရိုးမသားများ ဖြစ်ချင်နေလို့လား။

ထိုအတွေးက လူကို လှုပ်ခတ်သွားစေသည်။

လုံးဝမဖြစ်သင့်။

သူငယ်ချင်းဖြစ်သူ ကေသီဘဦးအား ချစ်ပါတယ်ဟု ပြောပြီး တာဝန်
မဲ့စော်ကားသွားသူအား မိမိလုံးဝရင်မခုန်သင့်။

ရင်ခုန်လို့မရ။

ရင်ခုန်မိပါက တေး၏ သားကောင်များထဲမှာ မိမိပါဝင်သွားလိမ့်
မည်။ ဆောင်းဝေ ခေါင်းကို ခပ်ပြင်းပြင်းခါပစ်လိုက်သည်။

ဒါဟာ ကစားပွဲသက်သက်သာဖြစ်ရမည်။

ရင်ခုန်သံတွေ လုံးဝမပါဝင်စေရ။

ဒီကစားပွဲသက်တမ်းကာလဖြစ်သည့် တစ်လမပြည့်ခင်အချိန်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



တေးကို စကားပြောနိုင်အောင်လုပ်ပြီး အဝေးသို့ထွက်ခွာသွားအောင် လုပ်မည်။

ဒါမှ မိမိနိုင်မည်။

ဆောင်းဝေဆိုတာက ဘယ်လိုပွဲမျိုးကိုယှဉ်ပြိုင်ယှဉ်ပြိုင် နိုင်မှဖြစ်သည်လေ။

ယခုအချိန်ထိ ကိုယ်နိုင်မည့်အခြေအနေက အရိပ်အယောင်တောင်မမြင်။

ထို့ကြောင့် ပျော့ညံ့မိတော့မလို ဖြစ်သွားသော မိမိစိတ်ကို နိုင်အောင်ထိန်း၍ တေးအား အနိုင်ယူနိုင်မည့် ပရိယာယ်တစ်ခုကို ထွင်ရန် ဆောင်းဝေစဉ်းစားရပါတော့သည်။ အချိန်ခပ်ကြာကြာ စဉ်းစားပြီးနောက်...

နှုတ်ခမ်းကို တစ်ချက်ကိုက်၍ ဖုန်းနံပါတ်တစ်ခုကို နှိပ်ကာ...

'ဟဲလို... ထင်လင်းလား၊ အေး... ငါပါ၊ ငါ့ကို အကူအညီလေး တစ်ခုလောက် ပေးစမ်းပါ၊ အဲ့ဒါကတော့...'

□



## အခန်း(၁၁)

ဒီနေ့ပါနှင့်ဆို ဆောင်းဝေ မိမိထံ ရောက်မလာသည်မှာ ၃ ရက်ခန့်ရှိပြီဖြစ်သည်။ ထို့ကြောင့် တေး ငါးရှံ့ပြာလူးဖြစ်ကာ အိမ်ထဲမှ အိမ်ပြင်သို့ လုံးဝမထွက်မိ။

ဆောင်းဝေ ရောက်လာလေမလားဆိုသော အတွေးနှင့် အိမ်ရှေ့လမ်းမပေါ်သို့ မျှော်တော်ယောင်လုပ်မိသော်လည်း လည်ပင်းရှည်လာရသည်သာ အဖတ်တင်သည်။

ဆောင်းဝေကတော့ ရောက်မလာခဲ့။

ဆောင်းဝေ ဘာဖြစ်နေသနည်း။

နေမျာ မကောင်းလို့လား။

ထိုအတွေးသည် လူတိုင်းတွေးတတ်လေ့ရှိသော အတွေးဖြစ်ပေမယ့် တေးအတွက်ကတော့ လူတိုင်းထက်ပို၍ ရင်ကိုပူလောင်သွားစေသည်။

ထိုသို့ ပူလောင်မှု၊ မွန်းကြပ်မှုတွေကြောင့် ဆူလောင်နေသော ကိုယ့်ရင်ကို လက်ဖက်ရည်တစ်ခွက်ဖြင့် ငြိမ်းရန်အတွက် တေး လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ လေးတိလေးကန်ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့သည်။

စကားမပြောရသည့်ရက်မှစ၍ တေး ဤသို့ ရပ်ကွက်အတွင်း လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ခြင်းမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်မိပါက အပေါင်းအသင်းတွေနှင့် တွေ့ပြီး သတိလက်လွတ်ဖြစ်ကာ စကားပြောဆိုမိမည်စိုးသဖြင့် ဖြစ်သည်။

သို့သော် ဒီနေ့တော့ ဆောင်းဝေကြောင့် စိတ်ပိတ်လှောင်နေခြင်းကို ထွက်ပေါက်တစ်ခုအနေဖြင့် ထွက်လာရခြင်းဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်းပင် ထင်သည့်အတိုင်း အသိတစ်ယောက်နှင့် တွေ့ဆုံတော့သည်။

ထိုသူကတော့ ငတီးအား ဟိုတစ်လောက အရက်ဖြတ်ရန်အကူအညီတောင်းထားသည့် ဆိုက်ကားသမား ကိုဝင်းမြိုင်ပါ။

ကိုဝင်းမြိုင်ပုံစံမှာ တော်တော်ပင် စိတ်ရှုပ်နေပုံရပြီး ငတီးကို မြင်လိုက်ရသောအခါ မျက်နှာဝင်းလက်သွားသည်။

'ဟာ… ငတီး ပျောက်ချက်သားကောင်းလှချည်လားကွာ၊ ငါ မင်းကို မျှော်နေတာကွ'

ထိုသို့ပြောဆိုနှုတ်ဆက်လိုက်ခြင်းကြောင့် ငတီးလည်း ကိုဝင်းမြိုင် ဝိုင်းမှာပင် ဝင်ထိုင်လိုက်တော့၏။

ထိုအခါ ကိုဝင်းမြိုင်က ငတီး ဘာများပြောမလဲဆိုသောပုံစံဖြင့် ငံ့လင့်ကာ ကြည့်နေသေး၏။

ခါတိုင်း ဒီလိုတွေ့ရင် ငတီးက 'ဟုတ်တယ်ဗျာ၊ ကျွန်တော် ဘယ်သွားပြီး ဘာလုပ်နေတာ' စသည်ဖြင့် စကားတွေ ဖောင်လောက်အောင် ပြန်ပြောနေကျမို့ပါ။

ခဏကြာသည်အထိ ငတီးထံမှ ဘာစကားမှ ထွက်မလာခြင်းကြောင့် ကိုဝင်းမြိုင် နဝေတိမ်တောင် ဖြစ်လာပြီး…

'ငတီး… မင်း ဘာဖြစ်နေတာလဲ၊ စကားလည်း မပြောပါလား'

ငတီး သက်ပြင်းကို အရင်ချ၍ မှတ်စုစာအုပ်ကိုထုတ်ကာ စာရေးပြလိုက်ရတော့သည်။





'ကျွန်တော် စကားပြောလို့မရလို့ပါ'

ထိုသို့ ရေးပြလိုက်ခြင်းကို ကိုဝင်းမြိုင် သဘောပေါက်လွဲသွားပြီး…

'ဘာလဲ အသံဝင်နေလို့လား'

ငတီး ပြီးစလွယ်ပင် ခေါင်းညိတ်ပြလိုက်မိသည်။ ကိုဝင်းမြိုင်က ဆက်၍…

'အင်း… နေကလည်းပြင်းတော့ အပူစာတွေရှောင်ကွ၊ အခန့်မသင့်ရင် ဒီလိုပဲ ဖြစ်တတ်တယ်'

ငတီး စိတ်မပါတပါဖြင့် ထပ်၍ခေါင်းညိတ်ပြလိုက်သည်။

ထိုစဉ် ထိုင်နေသော လက်ဖက်ရည်ဆိုင်ဖြစ်သောကြောင့် ငတီးမှာရသေးဘဲနှင့် သောက်နေကျလက်ဖက်ရည်ခွက်က စားပွဲပေါ် ရောက်လာသဖြင့် မသောက်ရတာကြာပြီဖြစ်သော လက်ဖက်ရည်ကို လျှာပေါ်တင်၍ အရသာခံသောက်ပစ်လိုက်၏။

ပေါ့ဆိမ့်လက်ဖက်ရည်အရသာက လျှာပေါ်မှာ ပျော်ဝင်သွားကာ စိတ်ညစ်နေမှုများလည်း တစ်ဝက်တိတိ လွင့်သွားတော့သည်။

ကိုဝင်းမြိုင်က ငတီးကို မရဲတရဲဖြင့်ကြည့်ပြီး…

'ငတီး… ငါ မင်းကိုပြောစရာတစ်ခုရှိတယ်ကွ'

လက်ဖက်ရည်သောက်နေရင်းမှ ပြောလေဆိုသည့်သဘောဖြင့် ငတီး ခေါင်းဆတ်ပြလိုက်သည်။

'ဟိုကွာ… ဟိုတစ်ခါ မင်း ငါ့ကို ဟိုဘက်ရပ်ကွက်က ဆိုင်မှာ အရက်သွားသောက်ခိုင်းတဲ့ကိစ္စလေကွာ၊ ငါ… အဲ့ဒီကိစ္စကို ပြောချင်လို့'

ထိုသို့ပြောပြီး ငတီး နားထောင် မထောင်တစ်ချက်မျှ အကဲခတ်ကြည့်ပြီးမှ ဆက်၍…

'မင်းက ငါ့ကို အဲ့ဒီဆိုင်အထိ လမ်းလျှောက်သွားပြီး တစ်နေ့လေး



www.burmeseclassic.com

www.burmeseclassic.com



အရက်သွားသောက်ခိုင်းတယ်မဟုတ်လား၊ အဲ... အဲ့ဒါ... ငါ... ငါ ဟိုမှာ သွားမသောက်ချင်တော့ဘူး၊ အဲ့ဒါကြောင့်...'

တီး ကိုဝင်းမြိုင်ကို မျက်မှောင်ကုပ်၍ လှမ်းကြည့်လိုက်သည်။ ထို့ကြောင့် ကိုဝင်းမြိုင် ပျာတီးပျာယာဖြစ်သွားပြီး...

'ဟိုကွာ... တစ်မျိုးမထင်ပါနဲ့၊ ငါ မင်းစကားကို နားမထောင်ချင်လို့ မဟုတ်ပါဘူး၊ ဘယ်လိုပြောရမလဲဆိုတော့ ဟို... အရက်တစ်ခါသောက်ရဖို့အရေး ငါ့မှာ နာရီဝက် လေးဆယ့်ငါးမိနစ်လောက် လမ်းလျှောက်သွားရတယ်၊ သောက်ပြီးတော့ ပြန်လာရတော့လည်း ဒီကိုလမ်းလျှောက်ပြီး ပြန်လာရမယ်ဆိုတော့ အချိန်က တစ်နာရီခွဲလောက်ကို ကုန်တာကွ၊ ပြီးတော့ ဒါမျိုးက တစ်ရက်ကိုလေးခေါက်တောင်မှဆိုတော့ ငါ့မှာ ဆိုက်ကားနင်းရမယ့်အချိန်ကို မရှိတော့ဘူး၊ ပြီးတော့ အရက်က ခွဲခွဲပြီးသောက်ရတာဆိုတော့ မူးလည်း မမူးတော့ဘူး၊ မူးတာ မမူးတာကထားပါ၊ ဆိုက်ကားနင်းတဲ့အချိန်က နည်းတော့ ဖောက်သည်ပျက်ပြီး ဝင်ငွေကနည်းသွားတော့ အိမ်က ကလေးတွေ စားဝတ်နေရေး ဒုက္ခရောက်ကုန်ရောကွ'

တီး ကိုဝင်းမြိုင်စကားကို သေချာနားထောင်ပြီး စာတစ်ကြောင်း ရေးလိုက်သည်။

'ဒီတော့ ခင်ဗျားက ဘာလုပ်ချင်လို့လဲ'

ကိုဝင်းမြိုင် မရဲတရဲပုံဖြင့်...

'ဟိုကွာ... ငါလေ အရက်ကို သွားမသောက်ဘဲ နေလို့ရမလား'

'ဘာလဲ... ဒီရပ်ကွက်ထဲကဆိုင်မှာပဲ ပြန်ပြောင်းသောက်ချင်လို့လား'

ထိုသို့ရေးပြလိုက်ရာ ကိုဝင်းမြိုင် ကပျာကယာခေါင်းခါပြီး...

'အာ... ဒီလိုသဘောနဲ့ ပြောတာမဟုတ်ပါဘူးကွာ၊ ဒီအရက်ကြောင့် ငါတင်မဟုတ်ဘူး၊ ငါ့မိသားစုပါ တော်တော်ဒုက္ခရောက်နေရပြီကွ၊ အဲ့ဒါ





ကြောင့် ဘယ်နေရာမှာပဲဖြစ်ဖြစ် ငါ အရက်ကို လုံးဝမသောက်ချင်တော့တာပါ'

'ခင်ဗျားဟာက သေချာလား'

'သေချာပါတယ်၊ တီးရာ... သေချာပါတယ်'

တီး... ကိုဝင်းမြိုင်မျက်နှာကို သေချာကြည့်၍ အကဲခတ်သည်။ ကိုဝင်းမြိုင် စိတ်ထဲမှ အရက်ကို အမှန်တကယ်ပင် ဖြတ်ပစ်ချင်မှန်းရိပ်မိမှ ခေါင်းညိတ်၍...

'ဒါဆို ခင်ဗျား ဒီနေ့ကစပြီး အရက်လုံးဝသွားမသောက်နဲ့တော့'

ထိုစာကြောင်းသည် ကိုဝင်းမြိုင်အတွက် သေမိန့်ကျခံပြီးကာမှ ပြန်လွှတ်စေဟု ပြောလိုက်သောစာကြောင်းသဖွယ် ဖြစ်သွားပြီး ထခုန်၍ ဝမ်းသာအားရဖြင့်...

'ဟာ... တ... တကယ် ငါအရက်သောက်စရာမလိုတော့ဘူးလား'

တီး ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

'အဟား... ကျေးဇူးတင်လိုက်တာ တီးရာ၊ ငါ ဒီအရက်ကို တော်တော်စိတ်ကုန်နေတာကွ အဟား... အခုတော့ ဒီ ကောင်းကျိုးလုံးဝ မပေးတဲ့အရက်ကို သောက်စရာမလိုတော့ဘူး'

သူ ယခင်က ကြိုက်လှပါသည်ဆိုသော အရက်ကို အခုမသောက်ရတော့ဘူးဆိုသဖြင့် ဝမ်းသာလုံးဆို့သွားသော ကိုဝင်းမြိုင်အဖြစ်ကိုကြည့်ပြီး တီး ယဲ့ယဲ့ပြုံးမိသည်။

တီးက ကိုဝင်းမြိုင် ထိုသို့ဖြစ်စေအောင် ရည်ရွယ်ချက်ဖြင့် သောက်စေခဲ့သဖြင့် တီး အကြံအစည် အောင်မြင်သည်ဟုပြော၍ ရပါသည်။ ယခုဆိုလျှင် ထိုအရက်ကို ကိုဝင်းမြိုင်တစ်ယောက် အတွင်းစိတ်ထဲထဲက



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးစိတ်ကုန်သွားပြီဖြစ်သည်။ ထို့ကြောင့် အရက်ကို ဘယ်လိုအကြောင်းနှင့်မှ ပြန်သောက်ဖို့ မရှိတော့။

ငတီး အိတ်ထဲမှ ပိုက်ဆံတစ်ထပ်ကိုထုတ်၍ ကိုဝင်းမြိုင်အား လှမ်းပေးလိုက်သည်။ ကိုဝင်းမြိုင်က ကြောင်စီစီဖြင့်···

'ဘာလဲ ငတီး··· ငါ့ကို ဘာဝယ်ခိုင်းမလို့လဲ'

ငတီး ခေါင်းခါ၍ စာရေးပြလိုက်သည်။

'ခင်ဗျားကို ပေးတာပါ'

ထိုအခါ ကိုဝင်းမြိုင်က တွန့်ခနဲဖြစ်သွားပြီး···

'အာ··· မဟုတ်တာကွာ၊ ငါက မင်းကို ကျေးဇူးဆပ်ရမှာပါကွ၊ မဟုတ်တာ၊ ငါ မယူဘူး'

'ဒီပိုက်ဆံက ခင်ဗျားကိုသုံးဖို့ပေးနေတာမှ မဟုတ်တာ၊ ခင်ဗျားမိသားစု အခုရင်ဆိုင်နေရတဲ့ ပြဿနာတွေကို လတ်တလော ဖြေရှင်းလို့ရအောင် ကျုပ်က ပေးနေတာ၊ ဒီနောက်ပိုင်းဖြစ်လာမယ့် စားဝတ်နေရေးကိစ္စတွေကိုတော့ ခင်ဗျားဘာသာခင်ဗျား အလုပ်ကိုသေချာလုပ်ပြီး ဖြေရှင်းပေါ့'

ငတီးရေးပြသောစာကိုဖတ်ပြီး ကိုဝင်းမြိုင် ငိုင်သွားသည်။

အတန်ကြာခေါင်းငုံ့၍ ငြိမ်သက်နေသေးသည်။ ပြီးမှ ဆို့နင့်လှိုက်လှဲသော လေသံဖြင့်···

'အေးကွာ ငတီးရာ၊ ငါ မင်းကျေးဇူးတွေကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး'

ထိုသို့ပြောပြီး ငတီးပေးသော ပိုက်ဆံကိုယူကာ ဆိုင်ထဲမှ ကိုဝင်းမြိုင် ထွက်ခွာသွားသည်။

ငတီး ခပ်ယဲ့ယဲ့သာ ထပ်၍ပြုံးမိသည်။





ဒီရပ်ကွက်အတွင်းတွင် ကိုဝင်းမြိုင်တို့လို ဘဝကို အောက်ခြေမှ ရုန်းကန်နေရသော မိသားစုတော်တော်များများရှိပါသည်။

ထိုအထဲမှ ကိုယ်နှင့်ရင်းနှီးသောသူတော်တော်များများကို ငတီး စေတနာစိတ်ဖြင့် အကြံအစည်ပေးခြင်းဖြင့်လည်းကောင်း၊ ငွေကြေးဖြင့်လည်းကောင်း တတ်အားသရွေ့ ကူညီပေးဖူးပါသည်။

ထိုသူများထဲမှ ငတီးကြောင့် ကိုဝင်းမြိုင်လို ပြောင်းလဲသွားသူတွေရှိသလို တချို့ခွေးမြီးကောက်ကျည်တောက်စွပ်တဲ့သူတွေလည်း ရှိသည်။ ဘယ်လိုပင်ဖြစ်ပါစေ ငတီးကတော့ တတ်အားသရွေ့ ကူညီပံ့ပိုးပေးခဲ့တာချည်းပဲ ဖြစ်သည်။ နောင်လည်း ကြုံရင် ကြုံသလို ကူညီနေဦးမှာ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ငတီးသည် ငယ်စဉ်ကတည်းက မိဘမဲ့ဖြစ်ခြင်းကြောင့် အထီးကျန်ခြင်းဒုက္ခကို အတိအကျခံစားခဲ့ရသည်။ ထိုခံစားချက်ကြောင့် မိသားစုနှင့်နေသူများအား ကိုယ်တတ်အားသရွေ့ ကူညီပြီး မိမိ၏ ဝင်္ကြေးကို ကြိုးစားဖြေဖျောက်နေခြင်းသာ ဖြစ်ပါသည်။

ထို့ပြင် ငတီးသည် မိသားစုဘဝကို လှိုက်လှဲစွာလိုချင်နေခဲ့သူတစ်ဦးသာဖြစ်သည်။

အပြင်ပန်းတွင် ငတီးတစ်ယောက် ဘယ်လောက်ပင် သွက်လက်စွာ လှုပ်ရှားပြောဆိုနေသော်လည်း အတွင်းစိတ်ထဲ၌ ထိုအထီးကျန်ဝေဒနာက အစဉ်တွဲခိုနေခဲ့တာချည်းပဲ ဖြစ်၏။

သို့ရာတွင် ငတီးဘဝထဲသို့ ဆောင်းဝေရောက်လာသည့်အချိန်မှစ၍ ငတီးထံမှ ထိုဝေဒနာတို့ အံ့အားသင့်ဖွယ်ရာ ပျောက်ကွယ်နေခဲ့ရပြီး ယနေ့ရက်ပိုင်း ဆောင်းဝေရောက်မလာသောအခါမှ ထိုဝေဒနာက ရင်ထဲသို့ တစ်ဖန်ပြန်ရောက်လာကာ အပြင်းအထန်တိုက်ခိုက်ခံနေရခြင်း ဖြစ်သည်။

'ဆောင်းဝေရယ်··· မင်း ဘယ်တွေကို ရောက်နေတာလဲ'

'ငါ့ဆီကို ဘာဖြစ်လို့များ ရောက်မလာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ရင်ထဲမှ မြည်တမ်းပြီး ခေါင်းငိုက်စိုက်ချကာ အိမ်သို့ လမ်းလျှောက်ပြန်လာစဉ်အချိန်တွင်...

'ရှင်က ဘယ်တွေလျှောက်သွားနေတာလဲ'

'ဟင်'

□



## အခန်း(၁၂)

အငိုစိသို့ရောက်နေသော ငတီး၏စိတ်တို့သည် ချက်ချင်းပင် တာဝတိံသာသို့ တက်သွားသည်။ တဖန်... တာဝတိံသာမှ ဒိုက်ဗင်ထိုး၍ ခုန်ချကာ ကိုယ်ထဲ ပြန်ရောက်လာ၏။

ထိုသို့ စိတ်နှင့်လူ ပြန်ကပ်သွားမှ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ဆောင်းဝေအစစ်လား... ဒါမှမဟုတ် ကိုယ့်စိတ်ကပဲ စွဲလန်းလို့ ထင်ယောင်ထင်မှား ဖြစ်နေတာလားဆိုတာကို ပြန်လည်ဆန်းစစ်၍ ကြည့်ရသေး၏။

'ရှင်... ကျွန်မကို ဘာတွေပြုံးပြီး ကြည့်နေတာလဲ'

ပြုံးစရာဆို၍ မျက်လုံးပဲရှိသည်။ ဒါဆို ဆောင်းဝေအစစ်ဖြစ်သွားပြီ။ ထို့ကြောင့် ငတီး သွားဖြီးပြလိုက်၏။

'ဟီး ဟီး'

'အောင်မာ... ရယ်တောင်ရယ်နေနိုင်သေးတယ်၊ နေပါဦး၊ ရှင် ကျွန်မ မရှိတဲ့ရက်တွေမှာ စကားပြောသေးလား'

'ဟင့်အင်း'

'သေချာလား'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'စကားက မပြောတာကြာလို့ ပြောနည်းတောင် မေ့နေပါပြီ'

'အခုရော ဘယ်ကပြန်လာတာလဲ'

တေး လက်မကို ပါးစပ်နားတေ့၍ လက်ဖက်ရည်သောက်သည့်ဟ လုပ်ပြလိုက်သည်။

ဆောင်းဝေက…

'လက်ဖက်ရည်သောက်ရင်းနဲ့ ဘယ်သူနဲ့တွေ့သေးလဲ'

ဒီကောင်မလေး ရဲသေလို့ ဝင်စားသည်ထင်သည်။

တေး ဆိုက်ကားနင်းသည့်ဟန် လုပ်ပြလိုက်သည်။

'ဘာလဲ… ဆိုက်ကားသမားနဲ့ တွေ့တယ်ဟုတ်လား'

'အင်း'

'ပါးစပ်က စကားမပြောခဲ့တာတော့ သေချာပါတယ်နော်'

'အင်း'

'ဒါဆိုလည်း ပြီးရော'

ထိုသို့ပြောပြီးနောက် ဆောင်းဝေမျက်နှာ မချိုမချဉ်ဖြင့်…

'သြော်… ဒါနဲ့ ရှင့်ကိုပြောရဦးမယ်၊ ဒီနေ့က ကမ္ဘာမှာ အချော ကောင်မလေးတစ်ယောက်ရဲ့ မွေးနေ့ရှင့်၊ သိရဲ့လား'

လက်စသတ်တော့ ဒင်းကလေးရဲ့ မွေးနေ့ကိုး။

ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်ရသူရဲ့မွေးနေ့ ဖြစ်ခြင်းကြောင့် တေးပျော်သွ သည်။ ဆောင်းဝေက ဆက်၍…

'အဲဒါကြောင့် ရှင့်ကို ကျွန်မ ဒီနေ့ မုန့်လိုက်ကျွေးမယ် သိလား'

တေး အားရပါးရပြုံး၍ လက်မကို သေသေချာချာ ထောင်ပြလို သည်။

ဒီလိုနှင့် မုန့်စားရန်တွက် လမ်းထိပ်တင် ကားငှားရန် နှစ်ဦးသာ တွဲ၍ လမ်းလျှောက်လာစဉ် လမ်းထိပ်ရှိ ကွမ်းယာဆိုင်မှ ကုလားလေးက…





'ဗျို့… ကိုတေး အားမပေးတော့ဘူးလားဗျ'

တေးအား လှမ်းပြော၍ နှုတ်ဆက်လိုက်သည်။

တေးက ကွမ်းယာကို စွဲစွဲလန်းလန်းကြီးမဟုတ်ပေမယ့် တစ်ခါတစ်ရံ ကူးပေါက်ပါက ဝါးတတ်သည်။

ယခုလဲ ထိုကုလားလေး လှမ်းပြောလိုက်သဖြင့် စိတ်ကူးပေါက်သွား ဆောင်းဝေကို ခဏမျှစောင့်ရန် အမူအရာပြလိုက်ကာ ကွမ်းယာဆိုင်ထဲသို့ ခဲ့သည်။

တေးစားနေကျကွမ်းယာကို ယာရင်း ကုလားလေးက အပြင်တွင် စောင့်နေသော ဆောင်းဝေကို ချောင်းကြည့်ပြီး…

'ကိုတေး… အဲ့ဒါ ကိုတေးကောင်မလေးလား'

ထိုသို့မေးလိုက်ခြင်းကြောင့် တေး ခပ်တည်တည်ဖြင့် ခေါင်းညိတ် လိုက်သည်။

'တော်တော်လန်းတယ်နော် ကိုတေး'

'ဟီး ဟီး'

အူမြူးနေသည့် တေးက ကွမ်းယာကို မစားဖြစ်သေးဘဲ အိတ်ထဲ ထည့်၍ ဆောင်းဝေနှင့်အတူ ယှဉ်တွဲကာ ကားငှားရန် စောင့်နေမိ၏။

ထိုသို့ တက္ကစီကိုစောင့်နေသောအချိန်တွင် အနီးရှိ ကားမှတ်တိုင်သို့ လိုင်းကားချောင်ချောင်တစ်စီး ထိုးဆိုက်လာ၏။ ထိုလိုင်းကားစီးပါကလည်း သူတို့ မုန့်သွားစားမည့်နေရာသို့ ရောက်သည်။

ကားကလည်း တော်တော်ချောင်ပြီး ထိုင်စရာနေရာပါ ရနိုင်သည်။

တက္ကစီငှားလျှင် ကုန်ကျမည့်ပိုက်ဆံနှင့် လိုင်းကားစီးပါက ကုန်ကျ မည့်ပိုက်ဆံအနေအထားက တော်တော်ကို ကွာသည်။

ထို့ကြောင့် တေးနှင့် ဆောင်းဝေတို့ နှစ်ယောက်သား တိုင်ပင်ထား သလို တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝေက...

'ကျွန်မတို့ လိုင်းကားပဲစီးရင် ကောင်းမလား၊ ကားက တော်တော် ချောင်တယ်'

ဝေတီး ခပ်မြန်မြန်ပင် ခေါင်းညိတ်ပြလိုက်သည်။

ထိုသို့ သဘောတူညီမှုရသွားသောအခါ နှစ်ယောက်သား ယင်းလိုင်း ကားပေါ်သို့ ပျော်ပျော်ကြီးပင် လျင်မြန်စွာ တက်လိုက်ကြ၏။ ကားပေါ်သို့ ရောက်သောအခါ မှန်းထားသည့်အတိုင်းပင် နှစ်ယောက်ထိုင်သော ထိုင်ခုံ တစ်လုံး အခန့်သင့်ပင် လွတ်နေ၏။

ကဲ... ဘာလိုသေးလဲပေါ့။

ထိုခုံတွင် ဆောင်းဝေကို ပြတင်းပေါက်ဘက်တွင် ထိုင်စေ၍ ဝေတီး ကတော့ ဆောင်းဝေနံဘေး နေရာလွတ်တွင် ထိုင်သည်။

ဝေတီးတို့နှစ်ယောက် ကားပေါ်ရောက်ပြီး သိပ်မကြာမီပင် လိုင်းကား ကြီးက စတင်ဘီးလှိမ့်၍ ထွက်ခွာသည်။ သို့ရာတွင် လူချောင်နေသော လိုင်းကားတို့၏ ထုံးစံအတိုင်း ဘီးတလိမ့်လိမ့် အိပ့်အိပ့်ဖြင့်သာ သွားသည်။ တွေ့ရာ မှတ်တိုင်တိုင်းတွင်လည်း ခဏမျှထောက်၍ လူစောင့်ပါသေး ၏။

ထိုသို့ ကားကြီးက စိတ်အေးလက်အေးဖြင့်သွားနေသလို ကားမောင်း နေသော ဒရိုင်ဘာနှင့် စပယ်ယာတို့ကပါ ကားနည်းတူ စိတ်အေးလက်အေး ပုံစံဖြင့် ကွမ်းလေးတမြုံ့မြုံ့လုပ်နေပါသည်။

ကားပေါ်ရှိ အတွင်းနံရံများတွင်တော့ ကွမ်းမစားရဆိုသည့် သတိပေး စာတန်းကြီးက အထင်အရှား။

ဒီလိုနှင့် ထိုအိပ့် အိပ့်သွားနေသော ကားပေါ်မှာ အချိန်ကြာသော အခါ ခရီးသည်တချို့ အိပ်ငိုက်သူငိုက်၊ သမ်းသူသမ်း ဖြစ်လာကြသည်။

ထို့ကြောင့် ဝေတီးလည်း အနည်းငယ် ပျင်းရိလာသည်။





နံဘေးမှ ဆောင်းဝေကို ငဲ့ကြည့်တော့ ပြတင်းပေါက်မှတဆင့် မြင်ပမြင်ကွင်းများကိုကြည့်ပြီး ဘာတွေ အတွေးနက်နေသည်မသိ။

ထို့ကြောင့် ဆောင်းဝေကို မနှောင့်ယှက်ဖြစ်တော့။ ဘာရယ်မဟုတ် ဟိုကြည့်ဒီကြည့် လိုက်ကြည့်မိသောအခါ ကွမ်းဝါးနေသော စပယ်ယာကို မြင်တွေ့သွားပြီး မိမိအိတ်ထဲတွင် ကွမ်းထုပ်ပါလာကြောင်းကို သတိရသွား သည်။

ထို့ကြောင့် ဘာရယ်မဟုတ် အိတ်ထဲမှ ကွမ်းတစ်ယာထုတ်ကာ ဝါးလိုက်မိ၏။

ထိုသို့ ကွမ်းဝါးလိုက်မိပြီးမှ ကားနံရံတွင်ရေးထားသော ကွမ်းမစားရ ဆိုသည့် စာတန်းကို သွားတွေ့သည်။

ထို့ကြောင့် ကိုယ်မှားသွားပြီဆိုတာကို သိလိုက်ရသော်လည်း စပယ် ယာလို ကားနှင့်အဓိကသက်ဆိုင်သောသူတောင် ဝါးသေးတာပဲဆိုသည့် အတွေးမျိုးဖြင့် ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်ပြီး ကွမ်းကို စိတ်အေးလက် အေး ဆက်ဝါးနေမိလိုက်သည်။

ထိုသို့သောအချိန်တွင် စပယ်ယာက ဒရိုင်ဘာကို အလန့်တကြား လေသံဖြင့်...

'ဆရာရေ... နောက်ကား ကျန်ခဲ့တဲ့မှတ်တိုင်ကို ဝင်လာပြီ'

'ဟေ... ဟုတ်လား'

ကားက လူစောင့်ပြီး အိပ့် အိပ့် မောင်းလွန်းသောကြောင့် နောက်ကား က မီလာခြင်းပါ။

ထိုမှအစပြု၍ ကားပြိုင်ပွဲကြီး ကျင်းပလေတော့သည်။

'ဝူး... ဝူး... ဂီး... ဂရီး...'

ခုနက လမ်းကြိတ်စက်ဖြစ်နေသောကားက အခုတော့ ကျည်ဆံ ရထားအသွင်သို့ ပြောင်းသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စိတ်အေးလက်အေးဖြင့် အိပ်ငိုက်၍နေသောသူ၊ အတွေးနှ
နေသော ခရီးသည်တို့မှာ ချက်ချင်းဆိုသလိုပင် ဘာသာတရားပေါ်
အာရုံညွတ်သွားကြတော့သည်။

'အမယ်လေး… ဘုရား… ဘုရား'

'ဘုရား… ဘုရား'

'ဂူး… ဂူး… ဂူး'

'လမ်းမပေးနဲ့ဆရာရေ… ရှေ့ကပိတ်မောင်း'

ထိုသို့ တဂူးဂူးဖြင့် ဝုန်းဒိုင်းကြဲမောင်းရင်း၊ မှတ်တိုင်ရပ်ရင်းဖြ
မတ်တတ်ရပ်ခရီးသည် တော်တော်များများကိုပါ တင်ဆောင်လာနိုင်ခဲ့သည်

ထိုသို့သောအချိန်တွင် ဇေါ်ထံ၌ ပြဿနာတစ်ခု ပေါ်လာ၏။ ဒါက
ကွမ်းတံတွေး ထွေးချင်လာသောပြဿနာဖြစ်သည်။ ယခုအချိန်အခါမျိုးသည
ကွမ်းတံတွေး ထွေး၍မကောင်းသော အချိန်အခါမှန်း သိခြင်းကြောင့် ပါးစ
ထဲတွင် ရှိသော အရည်များကို အောင့်အီးကာ ထိန်းထားရ၏။

အနည်းငယ်ကြာလာသောအခါ ဘယ်လိုမှကို ထိန်းထား၍မရတော့
ထို့ကြောင့် ဆောင်းဝေကို လက်ဟန်ခြေဟန်ပြသကာ သူမကိုကျော်၍ ကား
ပြတင်းပေါက်မှနေကာ နိုင်ငံကြီးသားပီသစွာ ကွမ်းတံတွေး ထွေးလိုက်
သည်။

'ထွီ'

ထိုသို့ ဇေါ်း ကွမ်းတံတွေး ထွေးလိုက်သောအချိန်တွင် ကားက
အရှိန်ပြင်းစွာ မောင်းနှင်နေသောအချိန်ဖြစ်သည်။ ထို့ကြောင့် ဇေါ်း၏ကွမ်း
တံတွေးတို့သည် လေအဟုန်ဖြင့် အနောက်ဘက်သို့ ပါသွားပြီး နောက်ဘက်
ခုံပြတင်းပေါက်ဘက် အခြမ်းတွင် ထိုင်နေသော ကောင်မလေးတစ်ယောက်
၏ မျက်နှာကို ဖြန်းခနဲ သွားစင်သည်။

'အမယ်လေး'





ထိုသို့ ကောင်မလေးအော်သံကြောင့် နံဘေးမှ မိန်းမဝဝကြီးမှာ
မအား လှမ်းကြည့်လိုက်ချိန်တွင် ကောင်မလေး၏ မျက်နှာတစ်ပြင်လုံး
မ်းတံတွေးတို့ဖြင့် ရဲရဲတောက်နေသည်ကို တွေ့လိုက်ရခြင်းကြောင့်…

'အမယ်လေး… သွေး… သွေးတွေ… ဂစ်…ဂစ်… ခွီ…ခွီ'

အော်မြည်ပြီး တက်သွားကာ သူ့နံဘေး၌ ရပ်၍နေသော ခပ်ပိန်ပိန်ခရီး
ည်အမျိုးသားတစ်ဦး၏ ခါးအောက်ပိုင်းကို ဦးခေါင်းဖြင့် ပြင်းထန်စွာ
င်ဆောင့်ပစ်လိုက်၏။

ထိုအခါ ထိုလူမှာ မျက်လုံးကြီးပြူးထွက်လာပြီး အားရပါးရအော်
ကြီး ထွက်ပေါ်လာသည်။

'အား… တက်… တက်…'

ထိုလူ၏ အော်သံကြောင့် နံဘေးတွင်ရှိသော ကုမ္ပဏီဝန်ထမ်းဖြစ်ဟန်
သည့် မိန်းကလေးတစ်ဦးမှာ လန့်ဖျပ်ပြီး လက်ထဲမှ ကိုင်ထားသော
ထမင်းချိုင့်ကို လွှတ်ချပစ်လိုက်၏။

'ဒုန်း'

ထိုထမင်းချိုင့်သည် ကားကြမ်းပြင်တစ်လျှောက်တွင် လိမ့်သွားပြီး
ဘုဉ်စီးခလိုက်ကောက်နေသော စပယ်ယာ၏ ခြေထောက်အောက်ထဲသို့
င်သွား၏။ ထိုအခါ စပယ်ယာမှာ ၄င်းထမင်းချိုင့်ကို တက်နင်းမိပြီး
ခြပစ်လက်ပစ်ပြုတ်ကျတော့၏။

'ဟာ… အား… ဝုန်း… ဒုန်း…'

ထိုသို့ပြုတ်ကျရာတွင် သူ၏ရှေ့နားရှိ ခရီးသည်တစ်ဦး၏ ဘဲဥတောင်း
ကို သွားရောက်ကန်ကျောက်ကာ တွန်းလှဲမိလျက်သားဖြစ်သွားပြီး တစ်ကား
လုံးတွင် ဘဲဥများဖြင့် ဖွေးသွားတော့သည်။

'ဟာ… ကုန်ပါပြီ၊ ကုန်ပါပြီ၊ ငါ့ဘဲဥတွေ… အီး'

ထိုဗရုတ်သုက္ခဖြစ်သွားသောအချိန်ကလေးသည် ခဏမျှအချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



လေးအတွင်းတွင် ဖြစ်ပွားသွားခြင်းဖြစ်သော်လည်း ကားထဲ၌ ကမ္ဘာပျ
သလို ဝုန်းဒိုင်းကြဲသွားလေသည်။ ထိုသို့ ဝရုန်းသုန်းကားအခြေအနေ
ကြောင့် ဒရိုင်ဘာကလည်း မိမိကားပေါ်တွင် ဘာတွေများဖြစ်ကုန်ပြီလဲ
သိချင်သောစိတ်ဖြင့် ကားရပ်နားခွင့်မရှိသောနေရာတွင် ကားကို ရပ်လိုက်
ရာ လှည့်ကင်းကားနှင့်မှ တည့်တည့်တိုးသွားရာသည်။

ယာဉ်ထိန်းရဲအရာရှိက မျက်မှန်ကိုပင့်ပြီး ဒရိုင်ဘာအား…

'ကဲ… ကိုယ့်လူ လိုင်စင်လေးတစ်ချက်လောက်ပြပါ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ကားဒရိုင်ဘာလည်း တုန်တုန်ချိချိဖြ
သူ့လိုင်ကို ထုတ်ပေးလိုက်ပြီး…

'ကျွန်… ကျွန်တော်လည်း ကားပေါ်မှာ အော်သံတွေကြားလိုက်
လို့ မထင်မှတ်ဘဲ ကားကို ရပ်… ရပ်လိုက်မိတာပါဆရာ'

'ဟုတ်လား… ကားပေါ်မှာ ဘာတွေဖြစ်နေလို့လဲ'

'အဲ့ဒါကတော့ စပယ်ယာကို ခေါ်မေးကြည့်မှပဲ သိရမယ်ဆရာ'

'ဒါဆို စပယ်ယာကိုခေါ်လိုက်'

'မောင်သင် ဒီကိုလာဦး'

စပယ်ယာ ဘဲဥနှံ့တထောင်းထောင်းဖြင့် ရောက်လာသောအ
ယာဉ်ထိန်းရဲအရာရှိ၏ အဆင့်ဆင့်စစ်ဆေးမေးကြည့်မှုကြောင့် ကားပေါ်တွ
ဖြစ်ပေါ်ခဲ့သော အမိကတရားခံအစစ်မှာ ငတီးဖြစ်ကြောင်း ပေါ်ပေါက်သွား
ပါသည်။

တရားခံဖြစ်သူ ငတီးမှာ စကားပြောဆိုနိုင်ခြင်းမရှိသည့်အတွင်း
ကြောင့် သူ့အစား ဆောင်းဝေကပင် ခေါင်းခံ၍ ဖြေရှင်းပေးရပြီ။ စည်း
ကမ်းမဲ့ ကွမ်းတံတွေး ထွေးမိခြင်းကြောင့် ဒဏ်ငွေဆောင်ရခြင်း၊ ထိခိုက်
များအား ကျေနပ်လောက်အောင် တောင်းပန်ရခြင်း၊ လျော်ကြေးပေးရခြင်း
စသည့်ကိစ္စများကို ဒိုင်ခံဆောင်ရွက်ရတော့သည်။



ငတီးကတော့ ဆောင်းဝေထံတွင် ပါသမျှပိုက်ဆံကို အထုန်အပ်၍
မျက်လုံးပေကလပ် ပေကလပ်ဖြင့်သာ လုပ်နေသည်။

အဆုံးသတ်ကျတော့ ငတီး ပိုက်ဆံတစ်သိန်းကျော်ခန့် ထွက်သွားပြီး
ဆောင်းဝေ အာအတော် ပေါက်သွားခဲ့ရသည်။

ထိုပြဿနာများပြီးဆုံးပြီး မုန့်ဆိုင်သို့ ရောက်သည်အထိ ဆောင်းဝေ
မှာ ပေါက်ကွဲပြီး ငတီးအား ဗျစ်တောက်ဗျစ်တောက်ဖြင့် ပြောနေတော့သည်။

'ဟွန်း… ရှင်ဟာလေ လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ၊ ဒီကွမ်းကို
ကားအောက်ရောက်မှ စားတော့ရော ဘာဖြစ်သွားမှာမို့လို့လဲ၊ ခု ဒီပါးစပ်
တစ်ပေါက်ကလေးကို မဆင်ခြင်မိလိုက်တာနဲ့ တက်လိုက်တဲ့ပြဿနာ၊ ကုန်
လိုက်တဲ့ပိုက်ဆံ၊ တောင်းပန်လိုက်ရတာလည်း လျှာတောင်တော်တော်တို
သွားတယ်… ဟွန်း…'

အမှန်တယ် သူမလျှာ တိုသွားသည်ဟု ငတီးလုံးဝမထင်ပါ။ ဖြစ်
ခြင်းဖြစ် ပို၍ရှည်သွားတာသာ ဖြစ်နိုင်သည်။ ဆောင်းဝေက ဆက်၍…

'တော်ပြီ တော်ပြီ နောက်တစ်ခါ လိုင်းကားဘယ်လောက်ချောင်
ချောင် နောင် ရှင်နဲ့လုံးဝမစီးတော့ဘူး၊ အို… ရှင်နဲ့မှ မဟုတ်ပါဘူး
ကျွန်မဘာသာကျွန်မလည်း လုံးဝကို မစီးတော့ဘူး… ဟွန်း'

ထိုသို့ နာရီဝက်ခန့် ဆောင်းဝေ ပေါက်ပေါက်ဖောက်လိုက်ပြီးသော
အခါ အာခြောက်လာဖြင့် တစ်ခုခုသောက်ချင်သည့်စိတ် ဖြစ်လာမှ ယခု
အချိန်ထိ ဆိုင်ထဲတွင် ဝင်ထိုင်ရုံသာ ထိုင်နေပြီး ဘာမှမမှာရသေးကြောင်းကို
သတိရတော့သည်။

'ဩော်… ဒုက္ခပါပဲ၊ ငါလည်း ဒေါသဖြစ်ဖြစ်နဲ့ ခုချိန်ထိ ဘာမှတီ
မမှာရသေးပါလား'

ထိုသို့ သတိရသွားပြီး ငတီးအား…

'ကဲ… ရှင် ဘာသောက်မှာလဲ၊ ဘာစားမှာလဲပြော'

www.burmeseclassic.com



တေီး နှုတ်ခမ်းတွင် လက်မကိုမော့၍ သောက်ဟန်ပြလိုက်သည်။

'ဟုတ်ပြီ အရည်သောက်မယ်ဆိုတော့ အပူလား၊ အအေးလား'

တေီး ခန္ဓာကိုယ်ကို တုန်ပြလိုက်သည်။

'အအေးပေါ့ ဟုတ်လား'

'အင်း'

'ဘာအအေးလဲ'

တေီး ရင်ဘတ်ကို လက်ဖြင့်ပုတ်ပြလိုက်သည်။

ဆောင်းဝေ မျက်မှောင်ကျုံ့၍ သဘောမပေါက်ဟန်ဖြင့်...

'ဘာလဲ... ဘာအအေးကိုပြောတာလဲ'

တေီး ထပ်၍ ရင်အုံကို လက်ဖြင့်ပုတ်ပြလိုက်သည်။

ဆောင်းဝေ အတန်ကြာစဉ်းစားသည်။ နောက်မှ တေီး ဘာအအေး မှာချင်သလဲဆိုတာကို သဘောပေါက်သွားပြီး မျက်နှာနီခနဲ အရှင်ဖြစ်သွားသည်။

ပြီးမှ တေီးအား မျက်စောင်းအရင်လှမ်းထိုးပြီး အနီးတွင်ရှိသော ဝိတ်တာလေးအားခေါ်ပြီး...

'ဟော့... မစ်ရှိတ်(နို့အေး)တစ်ခွက်၊ ကိုကာကိုလာတစ်ဗူးရယ်ကို အရင်ချကွာ၊ ပြီးရင် စားစရာထပ်မှာမယ်သိလား'

'ဟုတ်ကဲ့ အစ်မ'

ထိုသို့ပြောပြီး ဝိတ်တာလေးထွက်သွားချိန်တွင် ကပ်လျက်ဝိုင်းဆီမှ စကားပြောသံ တချို့ကို ကြားလိုက်ရသည်။

'ရုပ်ကလေးရော၊ အသံလေးပါ ရေလည်ဆွဲဆောင်မှုရှိတယ်ကွာ နော်'

'အေးကွာ၊ ဒါပေမဲ့ သူဝင့်နေတဲ့ ဘဲက အ,အ,ကြီးဖြစ်နေတာတော့ ဆိုးတယ်၊ ဟား... ဟား...'





'ဟုတ်ပါ့ကွာ၊ တွဲစရာရှားလို့ အ,အ နဲ့များ တွဲရတယ်လို့ ဟင်း ဟင်း'

ထိုသို့သော စကားသံတွေကြောင့် ဆောင်းဝေမျက်နှာ မာခနဲဖြစ်သွားပြီး အသံလာရာသို့ လှည့်ကြည့်လိုက်ရာ စပ်ဖြဲဖြဲရုပ်တွေဖြင့် ထိုင်နေသော လူ၄ယ်သုံးယောက်ကို တွေ့လိုက်ရသည်။

ထိုသုံးယောက်က ဆောင်းဝေကြည့်နေမှန်းသိသောအခါ ပိုကဲသွားသော မချိုမချဉ်ရုပ်တွေဖြင့်...

'အဟား... ငါတို့ကို ကြည့်နေတယ်ကွ'

'ကေန္တတော့ မှန်တာတွေပြောလို့ အနာပေါ်တုတ်ကျသွားပြီထင်တယ်'

'ကျလည်း ကျပေါ့ကွာ၊ သူ့ကောင်က အ, နေတာကိုး ဟား... ဟား...'

ဆောင်းဝေမျက်နှာမှာ ဒေါသကြောင့် နီမြန်းသွားပြီး ဝုန်းခနဲထရပ်၍...

'နင်တို့ ဘာကောင်တွေလဲ မိုက်ရိုင်းလှချည်လား ဟင်'

ထိုသို့ ဆောင်းဝေဘက်မှ တည့်တည့်ကြီးပြောလိုက်သောအခါ ထိုသုံးယောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မလုံမလဲပုံစံတွေဖြင့်...

'ဘာလဲ... ဘာတွေလာပြောနေတာလဲ'

ဟု ပြောင်ငြင်းလိုက်ရာ ဒေါသထွက်နေပြီဖြစ်သော ဆောင်းဝေက...

'ဘာအခုမှ မသိချင်ယောင် ဆောင်နေတာလဲ၊ ခုနက နင်တို့ပဲ မိန်းမလိုမိန်းမရတွေ ပြောနေတာလေ ဟင်း...'

ထိုသို့ပြောလိုက်သဖြင့် ၄င်းလူငယ်သုံးယောက်မှာ ဆတ်ဆတ်ခါ နာသွားကြပြီး ရှက်ရမ်းထရမ်းကြတော့သည်။ ဝုန်းခနဲ ထိုင်ရာမှ [illegible] ထ၍...



www.burmeseclassic.com

www.burmeseclassic.com



'တောက်… နင်… နင် စကားပြောတာ ရှင့်လှချည်လား'

'လှပါ့ဝလို့ကွာ… ဟင်း…'

'မိန်းမဖြစ်နေလို့ပေါ့ကွာ… တောက်…ဟွန်း…'

ဆောင်းဝေက ရင်ကိုကော့၍…

'အပိုတွေလျှောက်ပြောမနေနဲ့ သတ္တိရှိရင် လာစမ်းပါ လာ…'

'အာကွာ… တောက်'

လူငယ်သုံးယောက်မှာ ကြိတ်မနိုင်ခဲမရဖြစ်ကာ တောက်တခေါက်ခေါက်ဖြစ်နေပြီး ယခုအချိန်ထိ ခပ်အေးအေးပုံစံဖြင့် ထိုင်နေဆဲဖြစ်သော တေီးထံ လှည့်ရမ်းကြတော့သည်။

'ငါတို့က မိန်းမနဲ့ဖက်ပြီး ရန်မဖြစ်တတ်ဘူး၊ အေး… သတ္တိရှိရင် နင့်ကောင် အ,အ နဲ့ ချမယ်… ဒါပဲ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဆောင်းဝေရွှေ့ရွှေ့ခုန်သွားပြီး…

'သူက အ, အ မဟုတ်ဘူး၊ စကားပြောတတ်တယ်ဟဲ့'

ထိုသို့ပြောလိုက်ရာ လူငယ်သုံးယောက်က ခပ်လှောင်လှောင်လေသံတွေဖြင့်…

'အပိုတွေလျှောက်ပြောမနေနဲ့၊ ဒီကောင်မအအူးဆိုရင် ခုနက ဘာလို့ လက်ဟန်ခြေဟန်နဲ့ စကားပြောနေရတာလဲ'

'အေးလေ… ငါတို့က မမြင်တာကျနေတာပဲ ဟင်း…ဟင်း'

'အရင်ဘဝတုန်းက စကားပြောတတ်တာကို ပြောတာနေမှာပေါ့ကွာ ဟား… ဟား… ဟား'

ဟု ဝိုင်းလှောင်လိုက်ခြင်းကြောင့် ဆောင်းဝေတော်တော်ကြီးကို မခံချိမခံသာဖြစ်သွားပြီး…

'နင်… နင်တို့ တော်တော်မိုက်ရိုင်းကြပါလား၊ သူက စကားပြောတတ်တယ်ဟဲ့… ပြောတတ်တယ်'





ဟု ပြောပြီး တေီးဘက်သို့ လှည့်ကာ မခံချင်ဖြစ်နေသော လေသံဖြင့်…

'ကိုတေီး… ရှင် သူတို့ကို စကားပြောပြလိုက်စမ်းပါဦး ဟွန်း'

ငတေီး သက်ပြင်းချ၍ ခေါင်းကို ခပ်ဖြည်းဖြည်းခါပြလိုက်သည်။

ထိုအခါ ရန်စသော လူသုံးယောက်မှာ ခွက်ထိုးခွက်လန်ရယ်ကြတော့သည်။

'ဟား… ဟား… ဟား… ဟား'

'ဟား… ဟား… ဟား… ဟား'

ထို့ကြောင့် ဆောင်းဝေ၏ဒေါသတို့မှာ အဆုံးစွန်သို့ရောက်၍သွားပြီး…

'တေီး… ရှင်ဟာလေ… တောက်…'

ဟု ပြောပြီး…

'မရယ်နဲ့'

ဟု ကျိုးကာအော်ချလိုက်တော့သည်။

ထိုသို့ ဆိုင်အတွင်းတွင် ရုတ်ရုတ်သဲသဲဖြစ်နေခြင်းကြောင့် ဆိုင်မှ တာဝန်ရှိသူများရောက်ရှိလာပြီး တောင်းပန်တားမြစ်သည်။

ထို့ကြောင့် ဒေါသတို့ကို ရင်ဝယ်မြိုသိပ်လိုက်ရပြီး ဆောင်းဝေ တေီးလက်ကိုဆွဲ၍ ဆိုင်ပြင်သို့ခေါ်ထုတ်လာပြီး ပွစိပွစိပြောသည်။

'ရှင်ဟာလေ တကယ်ကိုအသုံးမကျဘူးသိလား၊ ဒီလောက်ပြဿနာဖြစ်နေတဲ့ဟာကို စကားတစ်လုံးလောက် ပြောလိုက်တော့ရော ဘာဖြစ်မှာမို့လို့လဲ ဟင်း…'

စကားပြောလိုက်ပါက စည်းဖောက်သလိုဖြစ်ပြီး ကေသီနှင့်လောင်းကြေးအရ ကိုယ်အလေးသို့ ထွက်သွားရလိမ့်မည်။ ဒါကို ဆောင်းဝေ မေ့များမေ့နေတာလား။ တေီး… ဆောင်းဝေ ဒေါသကြောင့် မေ့နေသည်ဟု ယူဆချင်ပါသည်။

www.burmeseclassic.com



ထိုသို့သောအချိန်တွင်…

'ဟော… ဟော့ ဒီလိုထွက်သွားလို့ ရကြေးလား'

ခုနက သုံးယောက် မကျေပွဲနဲ့ရန်အတွက် နောက်မှ လိုက်လာတာပါ။

□



## အခန်း(၁၃)

'ဆိုင်ထဲမှာ ငါတို့ကို ပြောချင်တိုင်းပြောပြီးမှ ဒီလိုထွက်သွားလို့ ရကြေးလား… ဟွန်း… ဟွန်း…'

ဆောင်းဝေ၏မျက်နှာ မာခနဲဖြစ်သွားပြီး…

'ဘာလဲ… နင်တို့က မကျေနပ်တော့ ဘာလုပ်ချင်လို့လဲ'

'အေး… ဟုတ်တယ်၊ အဲ့ဒါ ငါတို့မကျေနပ်ဘူး၊ နင်က မိန်းကလေးဖြစ်နေတော့ နင်နဲ့ မရှင်းချင်ဘူး၊ နင့်ကောင် အ,အနဲ့ပဲ ယောကျ်ားချင်းရှင်းမယ်'

'သူက အ,အ မဟုတ်ဘူးလို့ နင်တို့ကို ငါ ဘယ်နှစ်ခါပြောရမလဲ'

'အပိုတွေပြောမနေစမ်းပါနဲ့၊ အ,အက အ,အပဲပဲ'

'တောက်… နင်တို့တွေ တော်တော်ကို မိုက်ရိုင်းပါလား'

အခြေအနေက တော်တော်ကြီးကို တင်းမာလာသည်။

ထို့ကြောင့် ဝေးမနေသောတော့ဘဲ လက်တကာကာဖြင့် ကြားဝင်ရတော့သည်။ ထိုအခါ ပြဿနာရှာချင်နေသော ထိုလူတွေအဖို့ အကြိုက်တွေ့သွားတော့သည်။ သုံးယောက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက တော်ကောင်အကျီရင်ဘတ်ကိုဆွဲပြီး…

'ဟောကောင်… မင်းက အ,အ မဟုတ်ဘူးဆိုရင် ငါတို့ကို ဒေါ်တော် ပြောပြစမ်း'



www.burmeseclassic.com

www.burmeseclassic.com



တေး မိမိအင်္ကျီရင်ဘတ်ကို ကိုင်ဆွဲထားသောထိုသူ၏လက်ကိုသာ အသာအယာပြန်ဖြည်လိုက်ရင်း ခေါင်းကို ခပ်ဖြည်းဖြည်းခါပြလိုက်သည်။ ထိုလူက…

'အဟက်… လက်စသတ်တော့ မင်းက တကယ့်အ,အကိုး'

ထိုသို့ပြောလိုက်ရာ ဆောင်းဝေက ဝင်၍…

'သူ… အ,အ မဟုတ်ပါဘူးဆိုတာ ရှင်တို့ကို ဘယ်လိုပြောရမလဲ'

[illegible] ပြောလိုက်သဖြင့် ထိုလူက…

'သူပြောတာ ဟုတ်လားဟေ့ကောင်'

တေး ခေါင်းကို သိတ်ပြလိုက်သည်။

ထိုအခါ ထိုလူ၏မျက်လုံးအစုံတို့ ကျဉ်းမြောင်းသွားပြီး…

'အေးကွာ… လက်စသတ်တော့ မင်းက ငါတို့ကို လူပါးဝပြီး စကား မပြောတာကိုး'

ဟု ပြောပြီး ထိုလူမှာ အော်ကြီးဟစ်ကျယ်လေသဖြင့်…

'ဟေ့ကောင်တွေ ငါတို့ကို ဘာကောင်ထင်နေလို့လဲ… ဟင်'

'ဟုတ်တယ်လေ… မင်း… ငါတို့ကို ဘာကောင်တွေများထင်နေလို့ [illegible]'

[illegible]

ထိုသို့အတွင်းအကြမ်းမေးနေခြင်းကြောင့် တေး ပြောပါမယ်ဆိုသည့် [illegible] ခေါင်းကို အရင်သိတ်ပြလိုက်သည်။ ပြီးမှ ခြေဟန်လက်ဟန်[illegible] တစ်ခုကို ဖော်သွန်းပြသလိုက်သည်။

[illegible] တေး ပြောလိုက်သည့် ခြေဟန်လက်ဟန်ပုံစံမှာတော့…

ပထမ မင်းသားများ ကသကဲ့သို့ ခြေချိုးလက်ချိုးလုပ်ပြသည်။ [illegible] တစ်ရှုံးရှုံးဖြင့် မှုတ်ထုတ်ပြသည်။ ပြီးတော့ ခုနကကဲ့သို့ ခြေလက်များ ပြန်ချိုးပြသည်။ နောက်ဆုံး တဟက်ဟက်[illegible] နှာတစ်ချက်ချေပြလိုက်၏။



ထိုသို့ [illegible] ထိုလူတွေ သာမက ဆောင်းဝေပါ [illegible]

[illegible] တေးကို [illegible] ကြည့်ကြသည်။

ထိုလူတွေ [illegible]

'ဟော့ကောင် [illegible] ပြနေတာလဲ'

[illegible]

ဒီတစ်ခါလည်း ဘယ်သူမှ နားမလည်ပြန်ပါ။

[illegible]

'မင်းတို့ကို ငါက ကလေကချေကောင်တွေလို့ [illegible] ဆိုတာ'

[illegible]

ဒီတစ်ခါတော့ အဓိပ္ပာယ်ကို နားလည်သွားကြပါပြီ။

[illegible]

'ဒီကောင် [illegible]'

'ဒီကောင်ကို [illegible]'

ဒီလိုနှင့် ရန်ပွဲအသေးစားလေးတစ်ခု လူရှင်းသောလမ်းပေါ်တွင် ဖြစ်ပွားခဲ့သည်။

ဆောင်းဝေကတော့ စိုးရိမ်ပူပန်မှုတို့ကြောင့် ခုန်ဆွခုန်ဆွဖြစ်လျက်။

'ခွပ်… ခွပ်… ဒုတ်'

'အား… အိုး… အီး'

ရန်ပွဲက သိပ်ပင်မကြာလိုက်ပါ။ ခဏနှင့်ပြီးဆုံးသွား၏။

[illegible]

'ဟာ… ဒီ… ဒီကောင် ကိုယ် [illegible]'

[illegible]

www.burmeseclassic.com



ထိုသို့ တစ်ယောက်တစ်ပေါက်ပြောပြီး ဆောင်းဝေကို တစ်ချက် လှမ်းကြည့်ကာ ခပ်သုတ်သုတ် ထွက်ခွာသွားကြသည်။

ဆောင်းဝေက အံ့အားသင့်ဟန်ဖြင့် တေးအားကြည့်ပြီး---

'ရှင်--- ရှင်--- ကိုယ်လုံးငှားတာတော်တယ်ဟုတ်လား'

တေး အတီးအကျယ် ခေါင်းညိတ်ပြလိုက်သည်။

ပြီးနောက် တေး စာတိုလေးတစ်စောင်းကို ရေးပြ၍ပြလိုက် သည်။

'ငါ ဝင်နဲ့ ပြောစရာရှိတယ်၊ [illegible] သွားရအောင်'

ဆောင်းဝေ အံ့အားသင့်သွားဟန်ဖြင့် မျက်ခုံးတစ်ချက်လှမ်းကြည့် သည်။

တေး၏ မျက်နှာသွင်ပြင်က လေးနက်တည်ကြည်လွန်းနေသဖြင့် ဘာရယ်မဟုတ်တော့ဘဲ သဘောတူလိုက်မိသည်။

ထို့နောက် နှစ်ယောက်သား ကန်ဘောင်ရှိရာသို့ ထွက်လာခဲ့ကြ သည်။

ကန်ရေပြင်ကိုဖြတ်ကာ တိုက်ခတ်လာသော လေပြေသည် တေး ဆိတ်နေသော လူနှစ်ယောက်ကို ညင်သာစွာထိခတ်ပြီး ညင်သာစွာပင် ပြန်လည်ပြို့ကွဲသွားသည်။

ထိုလူနှစ်ယောက်ကတော့ တေးနှင့်ဆောင်းဝေကိုပါ။





နှစ်ယောက်သား ကန်ဘောင်ဘက်ရှိ ခုံတန်းလေးသို့ရောက်ပြီး ထိုင်နေခဲ့သည်မှာ အချိန်နာရီဝက်ခန့်ရှိပါသည်။

ယခုအချိန်အထိတော့ မည်သူမှစ၍လှုပ်ရှားခြင်း၊ စကားပြောဆိုခြင်း မရှိပေ။ ကိုယ့်အတွေးနှင့်ကိုယ် နစ်မျောနေကြခြင်းဖြစ်သည်။

ခဏကြာသောအခါမှ ဆောင်းဝေဘက်မှ လှုပ်ရှားလာပြီး စတင်၍…

'ရှင်… ကျွန်မကို စကားပြောစရာရှိတယ်ဆို၊ အဲ့ဒါပြောလေ'

ထိုသို့ပြောလိုက်ခြင်းကြောင့် တေး… ဆောင်းဝေကို တစ်ချက်လှမ်း ကြည့်ပြီး ညင်သာစွာခေါင်းညိတ်ပြသည်။

ထိုအခါ ဆောင်းဝေ၏ရင်ထဲတွင် လေးခနဲဖြစ်သွားပြီး အမျိုးအမည် မသိသော ဝေဒနာတစ်ခု တွဲခိုရှိ၍ ဝင်သွားသည်။

အဘယ့်ကြောင့်ဆိုသော် ဆောင်းဝေ… တေးအား တွေ့ခဲ့ဖူးသည့် တစ်လျှောက်တွင် တေးမျက်နှာ ဒီလောက်တည်ကြည်ပြီး လေးနက်နေသည် ကို မတွေ့ဖူးခြင်းကြောင့်ပင်ဖြစ်သည်။

ဟုတ်ပါသည်။

တေးမျက်နှာ လေးနက်လွန်းနေပါသည်။ လေးနက်သည်ဆိုရာ၌ နူးညံ့ခြင်းနှင့် မာကျောခြင်းတို့ကို အချိုးညီစွာ သွန်းလုပ်ထားသကဲ့သို့ လေးနက်နေခြင်းပင် ဖြစ်သည်။

တေး ဝမ်းနည်းခြင်းတို့ စွန်းထင်းနေသော အကြည့်ဖြင့် ဆောင်းဝေ အား ကြည့်လိုက်သည်။ ထိုအခါ တေး၏ လေးနက်မှုကို ငေးကြည့်နေသော ဆောင်းဝေ၏ မျက်ဝန်းတို့နှင့် အကြည့်ချင်းသွားရောက်ဆုံတွေ့သည်။

ဆောင်းဝေရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။

တေး၏မျက်ဝန်းများမှတစ်ဆင့် သူမထံသို့ ဝမ်းနည်းခြင်းတွေ အနှံ့ စက်ဝင်ရောက်သွားခြင်းကြောင့် ဖြစ်သည်။

'ရှင် ဘာဖြစ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ဆောင်းခြံ၏ ရင်ထဲမှ [illegible] ပြောရလိုက်မိသည်။

ဒါကို တေးက စိတ်ထဲမှ [illegible] ဖြစ်အောင် [illegible] သွားပြီး မျက်ဝန်း [illegible] တစ်ခုသော [illegible] ပြုံးပြလိုက်သည်။

ထိုသို့ [illegible] ဖြင့် [illegible] သွားသည်။

ဆောင်းဝေကတော့ [illegible] ကြောင်းအရာကို [illegible] နေသော ဆန္ဒဖြင့် တေးလက်မှ [illegible] မိသည်။ [illegible] ဆောင်းဝေ [illegible] ကို လွဲသွားသည်။

ဆောင်းဝေကို [illegible] လာပြီး ညင်သာတိုးတိတ်သော [illegible] ဆောင်းဝေကို ချစ်တယ် [illegible]

အံ့သြခြင်းတို့ လွှမ်းကဲသွား [illegible] သွားမိသည်။ နောက်မှ တေး၏ ထိုရှာတာစကားသံ [illegible] ရင်တွင်း [illegible] သို့ [illegible] သွားပြီး [illegible] ဖြစ်ပေါ် သွားစေသည်။

ထိုသို့ တဒင်္ဂ အသက်မဲ့သလိုဖြစ် [illegible] ဖမ်းဆုပ်မရ [illegible] ပြောလိုက်ပြီး တော်တော်ကြာ [illegible] ဖြစ်သည်။ ထို့နောက်မှ [illegible] တေး စကားပြောလိုက်ပြီ [illegible] သည်။ [illegible]

'ရှင်… ရှင်… [illegible]'

တေး မချိုပြုံး ပြုံး၍…





'အင်း… ဟုတ်တယ် ပြောလိုက်တယ်'

ဆောင်းဝေ ထခုန်လုမတတ်ဖြစ်သွားပြီး…

'ဒါ… ဒါဆို ရှင်… ရှင် ရှုံးသွားပြီပေါ့'

'အရှုံးပေးလိုက်တယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်'

'ဘာဖြစ်တယ်… အရှုံးပေးလိုက်တယ်… ဟုတ်လား'

'အင်း'

'ဘာ… ဘာဖြစ်လို့ ရှင် အဲ့ဒီလိုလုပ်လိုက်ရတာလဲ'

တေး လေးနက်သောလေသံဖြင့်…

'ဆောင်းဝေကို ချစ်လို့လေ'

ထိုထပ်၍ပြောသောစကားက ဆောင်းဝေရင်ထဲတွင် ထပ်၍ပျော်ဝင်သွားပြီးမှ အသိတရားက အားတင်း၍ ငြင်းဆန်လိုက်ပြီး…

'အို…အဓိပ္ပာယ်မရှိတာ'

'ဘာကိုအဓိပ္ပာယ်မရှိတာလဲ ဆောင်းဝေ'

'ကျွန်မကို ချစ်တယ်ဆိုတာနဲ့ ရှင် ဒီလိုအရှုံးခံရရောလား၊ ပြီးတော့ ရှင့်ရဲ့ ချစ်တယ်ဆိုတဲ့စကားက ပေါများလွန်းလို့ ကျွန်မ လုံးဝအယုံအကြည်မရှိဘူး'

တေးမျက်ဝန်းထဲတွင် မာခနဲတစ်ချက်ဖြစ်သွားသည်။

'မင်း ဘာကိုဆိုလိုချင်တာလဲ ဆောင်းဝေ'

'အဲ့ဒါတော့ ရှင့်ဘာသာရှင် သိမှာပေါ့'

ထိုအခါ တေး၏ ရင်ဘတ်ထဲမှ စကားများ ပွင့်အန်ထွက်လာတော့သည်။

'ဒီမှာ ဆောင်းဝေ… ငါ့ရဲ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို အရင်းအနှီးကြီးကြီးနဲ့ ချစ်တယ်လို့ပြောမိတာ မင်းတစ်ယောက်ပဲရှိတာ။ မင်းအပြင် ဘယ်သူ့ကိုမှ ငါ ဒီစကားကို ခုချိန်ထိ မပြောဖူးဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ရာ ဆောင်းဝေက အယုံအကြည်မရှိဘူးဆိုသည့် ပုံစံမျိုးဖြင့် မဲ့ပြုံးပြုံးပြလိုက်ပြီး…

'ဟွန်း… တော်တော်ယုံကြည်ချင်စရာကောင်းတဲ့ စကားပဲ'

တေးရင်ထဲတွင် နာကျင်မှုတို့ ဖြတ်ပြေးသွားသည်။

'ပြောရက်လိုက်တာ ဆောင်းဝေရာ၊ ငါ့မှာတော့ မင်းကို ချစ်လိုက်ရတာ၊ ငါပြောပြမယ် မင်းသေချာနားထောင်'

တေး ပင့်သက်ကို အရှိန်ရှိုက်လိုက်ပြီးမှ…

'ငါ့ကို အနိုင်ယူချင်လွန်းလို့ မင်း ခုနက ဟိုကောင်တွေနဲ့ပေါင်းပြီး ငါစကားပြောအောင် တမင်တကာ ရန်စတော်ကားတယ်ဆိုတာကို ငါသိပါတယ်'

ထိုသို့ပြောလိုက်ရာ ဆောင်းဝေမျက်နှာ ကွက်ခနဲပျက်သွား၏။ တေးပြောတာ 'တကယ်လည်း ဟုတ်ပါသည်။

ခုနက ရန်စသောသုံးယောက်မှာ ဆောင်းဝေရဲ့သူငယ်ချင်းတွေပါ။ ထိုသူငယ်ချင်းများအကူအညီဖြင့် တေး မခံမရပ်နိုင်ဖြစ်ပြီး စကားပြောရအောင် တမင်တကာလုပ်ဇာတ်ခင်းထားတာပါ။

ဒါပေမဲ့ ဆောင်းဝေတို့ အကြံအစည် မအောင်မြင်သည့်အပြင် ယခု ပါးရည်နပ်ရည်ရှိလှသော တေးပါ ရိပ်မိသွားပြီဖြစ်သည်။

ဒါသည် ကိုယ့်အမှားမို့ ဆောင်းဝေ ဘာမှပြောနိုင်ခြင်းမရှိတော့ဘဲ မျက်နှာနီနီဖြင့်သာ တေးထံမှ စကားတွေကို ဆက်နားထောင်ဖြစ်သည်။

တေးက ဆက်၍လှိုက်လှဲသောလေသံဖြင့်…

'မင်း ဘာဖြစ်လို့ ငါ့အပေါ်ကို ဒီလောက်ထိ အနိုင်ယူချင်နေမှန်းတော့ ငါ စဉ်းစားလို့ လုံးဝမရဘူး ဆောင်းဝေ၊ ခက်တာက မင်း ငါ့ကို အနိုင်ယူချင်နေမှန်းသိသိကြီးနဲ့ကို ငါက မင်းကို အရမ်းချစ်မိသွားတယ်ကွာ၊ အဲ့ဒီတော့ ငါ့မှာ လုပ်စရာတစ်ခုပဲ ကျန်တော့တယ်လေ၊ အဲ့ဒါက 'မင်းသိပ်လိုချင်နေတဲ့ အနိုင်ကို ကြည်ဖြူစွာနဲ့ပဲ ပေးလိုက်ဖို့ပေါ့'





ဆောင်းဝေ ဝိုင်းစက်သောမျက်လုံးများဖြင့် တေးကို လှမ်းကြည့်သည်။ တေး နာကျင်စွာဖြင့် ဟက်ခနဲ တစ်ချက်ရယ်၍…

'အခု ငါ လောင်းကြေးထပ်ထားတဲ့ ရက်မတိုင်ခင် စကားတွေပြောလိုက်တဲ့အတွက် ကေသီကိုပြောထားတဲ့အတိုင်း ငါ အဝေးကို ထွက်သွားပါမယ်၊ ဒါပေမဲ့ ငါကျေနပ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါသိပ်ချစ်မိသွားတဲ့ချစ်သူ သိပ်လိုချင်နေတဲ့အနိုင်ကို ပေးလိုက်နိုင်တဲ့အပြင် ငါ့နှုတ်က ပထမဆုံး စပြောမိတဲ့စကားကလည်း မင်းကိုချစ်ပါတယ်ဆိုတဲ့စကားလုံး ဖြစ်နေတဲ့အတွက် ငါ အရမ်းကို ကျေနပ်မိတယ်'

ထိုသို့ပြောပြီး တေး စကားကို ခဏဖြတ်၍ ဆောင်းဝေကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ပြီး…

'ငါ… မင်းကို အရမ်းချစ်တယ် ဆောင်းဝေ'

ဟုပြောကာ ထိုင်ရာမှ ထ၍ ကျောခိုင်းကာ ထွက်သွားတော့သည်။ တေး၏ ခြေလှမ်းများက ကမ္ဘာတစ်ဖက်စွန်းဆီသို့…

တခြားဆန့်ကျင်ဘက်ကမ္ဘာတစ်ဖက်စွန်းတွင် ရှိနေခဲ့သော ဆောင်းဝေကတော့ ထိုင်ရာမှ မထဖြစ်ဘဲ ရှုပ်ထွေးစွာဖြင့် ငြိမ်သက်နေသည်။

'ဘာလဲ'

'ဘာတွေဖြစ်ကုန်တာလဲ'

တေးက မိမိကို အနိုင်ပေးခဲ့သည်တဲ့။

ဒါဆို မိမိက အောင်နိုင်သူပေါ့။

ဆောင်းဝေဘဝတွင် နိုင်ပွဲများစွာ တွေ့ကြုံခဲ့ဖူးသည်။ ဆောင်းဝေက အနိုင်ကို သဘောကျသည်။ ကိစ္စတစ်ခုခုတွင် မိမိနိုင်ပါက ပျော်သည်။

ယခုလည်း မိမိ ကစားပွဲတစ်ခုတွင် အနိုင်ရနေပါပြီ။

ထုံးစံအရ အနိုင်ရလျှင် ပျော်ရမည်ပေါ့။

အခု ကိုယ့်ကိုကိုယ် ပြန်၍ဆန်းစစ်ကြည့်တော့ ပျော်မနေသည့်အပြင် ဝမ်းပါနည်းနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဘာကြောင့်လဲ…

ကိုယ် တကယ်များ မနိုင်လို့လား…

တေးရှုံးသွားတာကတော့ မျက်မြင်အရ သေချာလွန်းလှသည်။

တေးရှုံးတာ သေချာသဖြင့် ကိုယ်က အနိုင်ရမှာ သဘာဝပင်။

ဆောင်းဝေ တော်တော်စိတ်ရှုပ်သွားသည်။

နောက်တော့ ဘာပဲဖြစ်ဖြစ် ကိုယ်နိုင်ရင် ပြီးတာပဲဟုတွေးပစ်လိုက်သည်။ ထိုအနိုင်ကို သူငယ်ချင်းဖြစ်သူကေသီ ဝမ်းသာသွားအောင် ပြောပြရန်အတွက် ထွက်လာခဲ့တော့သည်။

ညနေကတော့ ဆောင်းဝေ၏ နောက်ဘက်တွင် လှပဝမ်းနည်းစွာ ကျန်ရစ်ခဲ့လျက်။

ထိုညနေထဲတွင် ဆောင်းဝေ၏ ရင်ထဲမှ တစ်စုံတစ်ခု ကျန်ရစ်ခဲ့မှန်းကို ဆောင်းဝေတစ်ယောက် မရိပ်မိခဲ့ပါ။

□



## အခန်း(၁၄)

'ဘုရားရေ… နင်… နင်… တကယ်ပဲ ပြောနေတာလား ဆောင်းဝေ'

ထိုသို့ အလန့်တကြား ထအော်ဟစ်လိုက်သော ကေသီဘဦးကို ဆောင်းဝေ မျက်မှောင်ကုပ်ကြည့်ရင်း…

'ဟဲ့… ငါက နင့်ကို လိမ်စရာလား… တကယ်ပေါ့'

'ဒါ… ဒါဆို တေးက နင့်ကို ရည်းစားစကားပြောလိုက်တဲ့အတွက် ရှုံးသွားပြီး သူနေတဲ့နေရာကနေ ထွက်သွားရမှာပေါ့ ဟုတ်လား'

'ဒါပေါ့၊ နင့်သူငယ်ချင်းဆောင်းဝေလေ သိတယ်မဟုတ်လား၊ မနိုင်ရင် နိုင်အောင်ကျဲခဲ့တာ ဟင်း… ဟင်း'

ထိုစကားကို ဆောင်းဝေ ဂုဏ်ယူစွာဖြင့် ရင်ကော့၍ပြောလိုက်ခြင်းပါ။

သို့ရာတွင် ကေသီဘဦးကတော့ စိတ်ညစ်သွားသည့်ဟန်ဖြင့်…

'ဩော်… ဒုက္ခပါပဲနော်… ဟင်း'

'နင်က ဝမ်းမသာတဲ့အပြင် အဲ့ဒါ ဘာဖြစ်နေတာလဲ'

ကေသီဘဦး ခေါင်းကိုလက်ဖြင့် စုံကုတ်၍…

'ဒုက္ခပါပဲ ဆောင်းဝေရယ်၊ ငါ နင့်ကို ဘယ်လိုပြောပြရမှန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မသိတော့ဘူး၊ အဲ့ဒီပြဿနာဖြစ်ပြီးကတည်းက နင်ကလည်း ငါ့ဆီကို တစ်ခေါက်မှ ရောက်မလာဘူးဆိုတော့ ငါလည်း နင် တကယ်မလုပ်လောက်ဘူးလို့ထင်ပြီး ဒီလိုပဲ နေပစ်လိုက်တာဟ'

ဆောင်းဝေ တော်တော်စိတ်ရှုပ်သွားသည်။ ကေသီဘဦး မိမိကို ဘာတွေလာပြောနေသနည်း။

ထို့ကြောင့်…

'ကေသီ… နင် ငါ့ကို ဘာတွေပြောနေတာလဲ၊ သေချာပြောစမ်း'

ထိုအခါမှ ကေသီဘဦး သက်ပြင်းချ၍…

'တကယ်တမ်း ဇော်နဲ့ငါ ဖြစ်ခဲ့တဲ့အကြောင်းက ဒီလိုဟ၊ ငါ့ကို ဇော်က နေ့စဉ်ရက်ဆက် စကားတွေလိုက်ပြောခဲ့တယ်ဆိုတာကတော့ မှန်တယ်၊ ဒါပေမဲ့ သူ့စကားတွေထဲမှာ ငါ့အပေါ်မှာ မရိုးသားတဲ့စကားမျိုးတော့ မပါဘူးဟ၊ ဘယ်လိုပြောရမလဲ၊ သာမန်ပဲမိတ်ဆွေတစ်ယောက်ကို စကားလိုက်ပြောနေသလိုမျိုးပဲ၊ ဒါပေမဲ့ ငါ့အနေနဲ့ သူ ငါ့ကို ကြိုက်လို့လိုက်စကားပြောနေတာလို့ ယူဆပြီး တစ်ဘက်သတ်မျှော်လင့်မိခဲ့တယ်၊ နောက်မှ သူက တကယ်ကို ငါ့အပေါ် ရိုးသားမှန်းလည်းသိရော ငါလည်း ရှက်ရမ်းရမ်းပြီးတော့ ခုလိုပြဿနာမျိုးတွေ တက်တော့တာပဲဟာ… ဟင်း…'

ကေသီဘဦးစကားကို နားထောင်ပြီး ဆောင်းဝေ ဇဝေဇဝါဖြင့်…

'ဒါဆို နင့်ကိုသူက ချစ်တယ်ဆိုတဲ့အကြောင်းကို မပြောခဲ့ဘူးပေါ့'

'အေး… ဟုတ်တယ်၊ ငါတင်မတုတ်ဘူး၊ နင့်ကို ငါပြတဲ့စာရင်းထဲက ဘယ်ကောင်မလေးကိုမှ သူ ဒီလိုမလုပ်ခဲ့ဘူး'

'ဒါ… ဒါဆို နင် ငါ့ကို ဘာဖြစ်လို့ အဲဒီလိုတွေ မဟုတ်တာပြောပြီး နိုင်းခဲ့ရတာလဲ'





'သြော်… ငါ ခုနကပြောသားပဲ ဆောင်းဝေရယ်၊ အဲ့ဒီအချိန်တုန်းက ရှက်စိတ်နဲ့မွှန်ထူပြီး လက်စားပြန်ချေချင်နေတာကိုးဟ၊ နောက် သွေးအေးသွားတော့မှ ဒီကြားထဲ နင်က ရောက်မလာတော့ ငါလည်း နင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီလို့ ထင်တာပေါ့'

ကေသီဘဦးစကား ဆုံးသွားချိန်တွင် ဆောင်းဝေ အရိုက်ကို အထိုးခံလိုက်ရသူလို ခြေပစ်လက်ပစ် ဖြစ်သွားသည်။

'ဇော်က ဘာအပြစ်မှ မရှိဘူးတဲ့'

ထိုအတွေးက တော်တော်ကို ခံရခက်သွားစေသည်။

မိမိသည် ဇော်ကို အသားလွှတ် ရန်လိုစော်ကားမိသူတစ်ယောက်အလိုအလျောက်ပင် ဖြစ်သွားခဲ့ပြီ။

ထို့ထက်ပိုဆိုးသည်က ဇော်၏အချစ်ကို မိမိယုံကြည်မှုကင်းမဲ့ခဲ့သည့်အပြင် လှောင်ပါ လှောင်ပြောင်ခဲ့မိသည်။

'ငါ… ငါ တော်တော်ကြီးကို မှားသွားတာပါလား'

သူကတော့ မိမိကို ချစ်လွန်းသောကြောင့် အနိုင်ပေးပြီး ရက်မစေ့ခင် စကား တမင်တကာပြောခဲ့သည်။

ဘာတဲ့… ဆောင်းဝေကို ချစ်တယ်တဲ့…

ထိုကားလေးတစ်ခွန်း ပြောဖို့အတွက် ဇော် ရင်နီးခဲ့ရတာတွေက တော်တော်များသည်။

သူ၏ ယောကျ်ားတစ်ယောက်၏သိက္ခာ ပြီးတော့မာန၊ နောက်… နောက်… ဆောင်းဝေ ဝုန်းခနဲ ထရပ်လိုက်မိ၏။

ထို့ကြောင့် ကေသီဘဦး လန့်သွားပြီး…

'ဟဲ့… ဟဲ့ ဘာလဲ… ဘယ်သွားမလို့လဲ'

ဆောင်းဝေ ဆုံးဖြတ်ချက်ချထားသော လေသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'မကြာခင် နှင်သီရမှာပါ'

သို့ရာတွင် . . .။

တေးအိမ်သို့ရောက်သောအခါ ပိတ်ထားသောခြံတံခါးနှင့် သော့ခလောက်ကြီးကသာ ဆောင်းဝေကို ကြိုဆိုနေသည်။

ထို့ကြောင့် ဆောင်းဝေ . . . တေးခြံရှေ့မှာ ငုတ်တုတ်ထိုင်၍ တေးပြန်အလာကို စောင့်နေမိသည်။

တစ်နာရီ

နှစ်နာရီ

သုံးနာရီ

×××××

×××××

နာရီလက်တံတွေ ရွေ့လျားသွားပြီး မိုးသာချုပ်လာသည်။ တေးကတော့ သူ့အိမ်သို့ ပြန်ရောက်မလာခဲ့။

ဆောင်းဝေ ကျလုဆဲဆဲမျက်ရည်ကို ခေါင်းခါရမ်း၍ ရှင်းထုတ်ပစ်လိုက်သည်။

ပြောထားသောကတိအတိုင်း တေး တကယ်ပဲ တစ်နေရာသို့ထွက်သွားပြီလား။

ဆောင်းဝေ အံကိုတင်းတင်းကြိတ်ပစ်လိုက်သည်။

တေး တကယ်ပဲ ထွက်သွားပြီဆိုပါက ဒီအိမ်သည် သူပိုင်ဆိုင်သော





အိမ် ဖြစ်ခြင်းကြောင့် တစ်နေ့နေ့တော့ အကြောင်းအရာတစ်ခုဖြင့် ဒီအိမ်သို့ ပြန်လာရမည်မှာ မလွဲ။

ထိုသို့ပြန်လာပါက ဒီတစ်ခါ မိမိနှင့်လွဲမသွားအောင် ဒီအိမ်ရှေ့တွင် နေ့တိုင်းလာစောင့်မည်ဟု ဆောင်းဝေ ဆုံးဖြတ်ချက်ချလိုက်ပြီး အိမ်သို့ပြန်လာခဲ့သည်။

နောက်နေ့တွေတွင် ဆောင်းဝေ မိုးလင်းတာနှင့် တေးအိမ်ရှေ့သို့ ရောက်လာပြီး တေးပြန်အလာကို စောင့်သည်။ မိုးချုပ်လျှင်တော့ သူ့အိမ်သူ ပြန်သည်။

အဲ . . . နောက်နေ့မိုးလင်းပါက ပြန်ရောက်လာပြီး တေးကို စောင့်သည်။

ဒီလိုဖြင့် ဆောင်းဝေ သံသရာလည်နေရင်း အချိန်အားဖြင့် . . .

တစ်ရက်

နှစ်ရက်

သုံးရက်

×××××

ရှစ်ရက်မြောက်နေ့တွင် နေ့စဉ်ရက်ဆက် မိုးလင်းမှ မိုးချုပ် အပြင်ထွက်နေသည့် ဆောင်းဝေကို သူ့အမေ သတိထားမိသွားပြီး ပြဿနာရှာတော့သည်။ အပြင်ထွက်ခွင့် ကန့်သတ်လိုက်ရုံမက သူမတို့ပိုင် စတိုးဆိုင်၏ တာဝန်ခံအဖြစ် တာဝန်ပေးလိုက်သဖြင့် ဆောင်းဝေတစ်ယောက် ခြေချုပ်မိသွားရှာတော့သည်။

သို့သော်လည်း တစ်ရက်လျှင် တစ်ခေါက်တော့ တေးအိမ်ရှေ့သို့ လစ်သည့်အချိန်တွင် မရောက်ရောက်အောင်သွားသည်။

ဤသို့ဖြင့် . . .

တစ်လ



www.burmeseclassic.com

www.burmeseclassic.com



နှစ်လ

သုံးလ··· မှသည်

တစ်နှစ်···

နှစ်နှစ်··· တိုင်အောင် ဆောင်းဝေတစ်ယောက် ဖွဲ့ရှိခဲ့သည်။

❒



## အခန်း(၁၅)

ရန်ကုန်မြို့၏ အနော်ရထာလမ်းမပေါ် တစ်နေရာတွင် ဖြစ်သည်။

'ဟာ··· ဘဦး··· ဘဦးမဟုတ်လား'

မိမိရှေ့ ရပ်နေသူကို ကေသီဘဦး မော့ကြည့်လိုက်သည်။ သိသည်လေ။ မိမိကို ဒီလိုခေါ်မည့်လူ တစ်ဦးတည်းသာရှိသည်။ ဒါပေမဲ့ အရင်လို ရန့်စွယ်ငေါ်ငေါ်နှင့် မတုံ့ပြန်ဖြစ်တော့။

'ဩော်··· ကိုငတီးပါလား၊ ကိုငတီးကို မတွေ့တာတောင် တော်တော်ကြာနေပြီ ကိုငတီးရယ်၊ ကိုငတီးကို ကျွန်မကလည်း တွေ့ချင်နေတာ၊ ပြီးတော့ ကိုငတီး···'

ပလက်ဖောင်းအလယ်ရပ်ပြီး ကိုငတီးတွေ ထပ်နေသည့် ကေသီဘဦး၏ ထူးခြားသည့် အခေါ်အဝေါ်ကြောင့် လမ်းသွားလမ်းလာများ ကွက်ကြည့်ကွက်ကြည့် ပြုံးစိစိဖြစ်ကုန်သဖြင့် ငတီး အနည်းငယ်ရှက်သွားသည်။

'ငါ အခု··· အဲ့ဒီနာမည်ကို မသုံးတော့ဘူးဟ၊ နာမည်ရင်း ဘုန်းကံရှင်ကိုပဲ သုံးတော့တယ်'

'ဒါဆို ကျွန်မသိထားတဲ့ ကိုငတီးကို ကိုငတီးလို့ မခေါ်ရတော့ဘူးပေါ့'

'ရော်··· ဒီကလေးမ··· ဘဦးနဲ့တော့ ခက်နေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်... ဆောရီးနော် ကိုဘုန်းကံရှင်... အမလေး နာမည်က လည်း ရှည်လိုက်တာ၊ ကိုဘုန်းလို့ခေါ်ရင်လည်း ကျွန်မနဲ့ရှင်က ဘာလိုလို နဲ့ တစ်မျိုးကြီးဖြစ်ဦးမယ်၊ ဒီတော့...'

ကေသီဘဦးမျက်နှာ မချိုမချဉ်ဖြစ်သွားသည်။ ပြီးမှ ဆက်၍...

'ကိုတီးကို အဖျားဆွတ်ပြီး၊ ပြီးတော့ နားထောင်ကောင်းအောင် ဘုန်းဘုန်းလို့ပဲ ခေါ်တော့မယ်နော်'

'အာ... ဒီဘဦးနဲ့တော့ ပေါက်တတ်ကရ၊ ငါ ငရဲကြီးတော့မှာပဲ'

ကြာလျှင် ကိုယ့်ကို ပလက်ဖောင်းအလယ် ထိုင်ကန်တော့နေမည် စိုးရသဖြင့် အနီးအနားတွင် အသင့်တွေ့ရသည့် ကော်ဖီဆိုင်ထဲသို့ ကေသီ ဘဦးလက်ကို အတင်းဆွဲခေါ်ခဲ့ရသည်။ ဆိုင်ထဲတွင် ထိုင်မိကြတော့မှ...

'အဟီး... ကျွန်မကို လမ်းမှာ ဘဦး... ဘဦးနဲ့ ခေါ်တာ ကျေ လောက်ပြီလား'

'အေးပါ... ငါဝန်ခံလည်တယ်ပဲ ထားပါမယ် ဘဦးရာ'

'လုပ်ပြန်ပြီ'

'သြော်... အေး... အေး ဟုတ်ပါပြီ၊ ဒါနဲ့ နင်တစ်ယောက်တည်း လား၊ ယောက်ျားမရသေးဘူးလား'

ကေသီဘဦး ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး...

'အောင်မယ်... ရစရာလား'

'ဒါဆို ငါ့ကိုစောင့်နေတာများလား'

'အောင်မယ်.... စောင့်စရာလား'

'အောင်မယ်... မေးစရာကုန်ပြီ... ဒါဆို'

နှစ်ယောက်လုံး ရယ်လိုက်မိကြသည်။

'နေပါဦး၊ ရှင့်ကြည့်ရတာ အသားအရောင်တွေဘာတွေပြောင်းပြီး ညှိမောင်းလို့ပါလား'





'ဘယ်သူ့ကြောင့်လဲမသိ၊ မြိုင်ရပ်ကို အနှင်ခံခဲ့ရတာတိုးဗျာ'

ကေသီဘဦး မျက်နှာအနည်းငယ် တည်သွားပြီးမှ...

'ကိုတီး... အဲ... ကိုဘုန်းကံရှင်ကို အဲ့ဒါပြောမလို့၊ အကြောင်း အရာတွေပြောင်းကုန်တာနဲ့ မေ့သွားတာ၊ အဲ့ဒီကိစ္စအတွက် ကျွန်မ တောင်းပန် ပါတယ်၊ ကျွန်မ အဲ့ဒီတုန်းက စိတ်ထဲနည်းနည်း... ဘယ်လိုပြောရမလဲ... တသိကအောက်ဖြစ်သွားလို့ ဆိုပါတော့၊ အဲ့ဒါ... အဲ့ဒါတွေကို မေ့လိုက်ပါ တော့ရှင်'

'ထားလိုက်ပါတော့ အဲ့ဒါလည်း ငါ့အတွက် ကောင်းသလိုလိုဖြစ် သွားတယ်၊ နယ်မှာရှိတဲ့ ငါ့ရဲ့တစ်ဦးတည်းသောဆွေမျိုး အဒေါ်ကြီးက သီလရှင်ဝတ်သွားတော့ သူ့ရဲ့ခြံလုပ်ငန်းကို ငါပဲ ဦးဆောင်လုပ်နေရတယ်၊ ပြန်မလာဖြစ်တော့ပါဘူး၊ ဒီရန်ကုန်က အိမ်ကိုတောင်ပြန်ရောင်းဖို့ ပွဲစားတစ် ယောက်ကို စပ်ခိုင်းထားတယ်'

'ဟောတော်... တကယ်... မရောင်းပါနဲ့ဦးရှင်၊ ရှင်မရှိတော့ တတည်းက ကျွန်မတို့ရပ်ကွက်ထဲက ကောင်မလေးတွေက စကားလိုက် လိုက်ပြောမယ့်သူမရှိလို့ ပျင်းနေကြတာရှင့်'

'တော်ပါတော့ ဘဦးရယ်၊ မချွန်ပါနဲ့တော့၊ ငါ့ဘဝလေး အေးချမ်းနေ တာပါ'

'အင်း... ဒါဆိုရင်တော့ ပြောရဦးမှာပေါ့လေ၊ ပြီးခဲ့တဲ့အပတ်က ရှင့်မိတ်ဆွေ ဆိုက်ကားဆရာ ကိုဝင်းမြိုင်နဲ့တွေ့လို့ ရှင့်ကိုမေးနေသေးတယ်၊ နောက်ပြီး ရှင်နဲ့တွေ့ရင် ပြောပြပေးပါဦးတဲ့၊ ရှင့်အိမ်ရှေ့မှာ ကောင်မလေး တစ်ယောက် စောင့်စောင့်နေတာ မကြာမကြာတွေ့ရတယ်တဲ့'

'ဟား... ဟား... အဲ့လိုမျိုးစောင့်မယ့်လူ ငါ့မှာ လုံးဝမရှိ၊ အဲ့ဒါ တော့ ဘုန်းကံရှင်တို့ ကင်းပြီးသား'

'စဉ်းစဉ်းစားစားပြောပါရှင်၊ အဲ့ဒီကောင်မလေး ဘယ်သူ့ဆိုတာဆေ့ မသိချင်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'မသိချင်တော့ပါဘူး၊ နက်ဖြန် အိမ်ပွဲစားနဲ့တွေ့ပြီးရင် နယ်ပြန်တော့မှာ'

'ကိုဝင်းမြိုင်ပြောတဲ့ ပုံစံအတိုင်းဆိုရင် အဲဒီကောင်မလေးဟာ ကျွန်မသူငယ်ချင်းဖြစ်ဖို့များတယ်'

'အဲ့ဒီတော့… ဘာဖြစ်လဲ'

တေးလေသံ နည်းနည်းပျော့လာသည်။

'ကျွန်မသူငယ်ချင်းဆိုရင်တော့ အင်း… သူက ချစ်ဖို့ကောင်းပါတယ်၊ နည်းနည်းစွာတာနဲ့ အနိုင်ယူချင်စိတ်များတာလေးတစ်ခုပဲ ရှိပါတယ်'

'အင်…'

တေးလေသံ ပိုပျော့လာပြီး မျက်လုံးအစုံပါ အရောင်လက်လာသည်။

'ကျွန်မထင်ရင် လွဲခဲပါတယ်၊ ရှင့်အိမ်ရှေ့မှာ လာလာစောင့်နေတဲ့ကောင်မလေးဟာ…'

ကေသီဘဦးက စကားကို ခဏရပ်ထားပြီး တေးမျက်နှာကို အကဲခတ်နေသည်။ ပြီးမှ တေး စိတ်ဝင်စားလာပြီကိုသိသွားသဖြင့်…

'ဟင်း… ပြောပြလို့လည်း မထူးတော့ပါဘူးလေ၊ ရှင်လည်း မနက်ဖြန်ဆို နယ်ပြန်တော့မှာပဲ'

'ပြောပြပါဟာ၊ ဘာရယ်မဟုတ်ပါဘူး၊ သိထားတော့လည်း အဟဲ… ကောင်းတာပေါ့'

ကေသီဘဦးက တေးဖြစ်နေပုံကိုကြည့်ပြီး မျက်စောင်းပြေပြေတစ်ချက်ထိုးလိုက်သေးသည်။

'အဲဒါ… ကျွန်မသူငယ်ချင်း ဆောင်းဝေဖြစ်မယ်ထင်တယ်'

**'ဆောင်းဝေ…'**

**တေးထံမှ အသံအကျယ်ကြီး ထွက်လာသည်။** အံ့သြဝမ်းသာသွားမှုက **အထင်းသား** သိသာသည်။ သို့သော်…





ခဏအကြာတွင် တေးမျက်နှာက လေလျော့သွားသည့် ရာဘာပူဖောင်းလို တွန့်ညိုးငယ်သွားပြီး ငိုင်တွေသွားသည်။ ပြီးနောက်… **တော်မီဓိုးကို** ပွဲပေါ်တင်ခဲ့ပြီး ဘာမပြောညာမပြောနှင့် ကော်ဖီဆိုင်ထဲမှ **တစ်ယောက်**တည်း ထွက်ခွာသွားသည်။

ကေသီဘဦးမှာတော့ အံ့သြမှင်တက်မိစွာနှင့် ပြူးကြောင်ကြောင်လေး တစ်ယောက်တည်း ကျန်ခဲ့သည်။

♦

မြို့ထဲရှိ တည်းခိုနေရာမှ မိမိအိမ်ရှိရာသို့ တေး စောစောစီးစီး ထွက်လာခဲ့သည်။ ဒါမှ အိမ်ရှေ့ကို အချိန်မရွေးရောက်လာနိုင်သည့် ကောင်မလေးကို ဆောင်းဝေ ဟုတ်မဟုတ် သိနိုင်မည်လေ။

ဆောင်းဝေနှင့် ဆုံစည်းရန် ဘယ်လိုမှမဖြစ်နိုင်မှန်းသိပေမယ့် တွေ့ချင်တော့တွေ့ချင်နေမိသည်။ အနည်းဆုံး မျက်နှာလေးတော့ တစ်ချက်လောက် မြင်တွေ့လိုက်ချင်သည်။ ဒီအခွင့်အရေးက နောက်တစ်ခါရရန် မလွယ်တော့။ ဒီနေ့ အိမ်ရောင်းထွက်သွားလျှင် ဒီရပ်ကွက်ထဲသို့ပင် နောက်တစ်ခေါက် ပြန်လာရန် မဖြစ်နိုင်တော့။

ခြံတံခါးကို သော့ဖွင့်ဝင်လိုက်သည်။

ခြံဝင်းအတွင်း သန့်ရှင်းသပ်ရပ်နေသည်ကို မြင်ရသည်။ ကိုဝင်းမြိုင် ထံတွင် ခြံဝင်းသော့အပိုတစ်ချောင်း ပေးထားခဲ့သဖြင့် ကိုဝင်းမြိုင် သန့်ရှင်းပေးထားတာပင် ဖြစ်ရမည်။

အိမ်တံခါးကို ဖွင့်လိုက်ပြီး အနံ့အသက်ကင်းစင်စေရန် ပြတင်းပေါက်…တော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် လူရောက်နေမှန်းသိနေစေရန် ပြတင်းပေါက်အားလုံးကို ဖွင့်လိုက်သည်။

ထို့နောက် အိမ်တွင်းရှိ ဖုန်များကို လှည်းကျင်းနေလိုက်သည်။ အကြည့်ကိုတော့ ခြံတံခါးထံမှ မပြတ်စေခဲ့။

နေ့လယ် ၁၂ နာရီကျော်မှ အိမ်ပွဲစားဒေါ်မြင့်နှင့် အိမ်ဝယ်မည့်သူ လင်မယားရောက်လာသည်။

အိမ်ဝယ်မည့်သူများက စေ့စပ်သေချာသည်။ အိမ်တွင်းရှိ ပရိဘောဂများပါ ပူးတွဲရောင်းမည်ဆိုသဖြင့် ပရိဘောဂအားလုံးကအစ၊ အိမ်တွင်း အိမ်ပြင်ကို အသေးစိတ်စစ်ဆေးသည်။ ခြံတွင်း သီးပင်စားပင်၊ ခြံစည်းရိုးနှင့် တကွ ခြံတံခါးပါ အတိအကျစစ်ဆေးသည်။

ပြီးမှ အိမ်ထဲတွင် ထိုင်ပြီး ဈေးစကားပြောကြသည်။

အလျှော့အတင်းနှင့် အပြန်အလှန်ဈေးညှိနှိုင်းကြရာ အချိန်နှစ်နာရီခန့် ကုန်သွားသည်။ နောက်ဆုံးတွင် ဆယ်သိန်း ဟနေသည်။ ဝယ်သူဘက်က တိုးမပေးချင်တော့သလို တေးကလည်း လျှော့မပေးချင်တော့။ ထို့ကြောင့် နှစ်ဘက်စဉ်းစားဆုံးဖြတ်ပြီးမှ ဒေါ်မြင့်မှတစ်ဆင့် အကြောင်းပြန်ကြရန် သဘောတူညီကြသည်။ ဝယ်ယူမည့်သူများ ပြန်ကြမည်ဖြစ်သဖြင့် ခြံဝအထိ လိုက်ပို့ရန် တေးလည်း အိမ်ထဲမှ အတူလိုက်ထွက်သည်။

အိမ်အပြင်ရောက်မှ ဝယ်ယူမည့်သူယောကျ်ားက အိမ်ကို နောက်တစ်ကြိမ်ပြန်လှည့်ကြည့်ကာ…

'အိမ်က အတွင်းအပြင် ဆေးပြန်သုတ်ဖို့ လိုမယ်ဗျ၊ ကျွန်တော်တို့ကြားမှာ ဟနေတာ ဆေးသုတ်စရိတ်လောက်တောင် မရှိပါဘူးဗျာ'

တေးကလည်း…

'ကျွန်တော်လည်း မလျှော့နိုင်လို့ပါဗျာ၊ အစ်ကိုပြောတာလည်း မှန်ပါတယ်၊ ကျွန်တော် နောက်ဆုံးဆေးသုတ်ခဲ့တာ သုံးနှစ်လောက်ရှိပြီဆိုတော့ အရောင်နည်းနည်းမှိန်နေပြီပေါ့၊ ဒါပေမဲ့ ကြည့်ကောင်းနေတုန်း ရှိပါသေးတယ်'

စကားပြောရင်း ဆက်လျှောက်လာခဲ့ရာ ခြံတံခါးအနီးသို့ရောက်လာကြသည်။ ထိုအခါမှ ပို၍စေ့စပ်သေချာသည့် ဝယ်ယူမည့်သူမိန်းမက…

'ဘာပဲဖြစ်ဖြစ် ဆေးပြန်သုတ်ဖို့ လိုတာပါပဲ၊ ဥပမာ ဒီနေရာတွေဆိုရင် မဖြစ်မနေ ပြန်သုတ်ရမှာ'

ပြောပြောဆိုဆို ထိုမိန်းမက ခြံတံခါးအုတ်တိုင်ကို ညွှန်ပြသည်။

ထိုအခါမှ သတိထားမိသွားပြီး တေးလည်း အနီးကပ်၍ သေသေချာချာကြည့်မိရာ…

□

www.burmeseclassic.com

## အခန်း(၁၆)

ခြံတံခါးအုတ်တိုင်နှစ်လုံး အတွင်းဘက်နံရံပေါ်၊ သံပန်းခြံတံခါးအပြင်မှ လက်လှမ်းမီသည့် နေရာအနှံ့တွင် ခဲတံ၊ ဘောပင်၊ ဆော့ပင်များဖြင့် ရေးထားသည့် စာများကို တွေ့ရသည်။

တချို့စာများကို ရေးထားခဲ့သည့် အချိန်ကာလကြာမြင့်ခဲ့ပြီထင်ရသည်။ အရောင်အဆင်းမှေးမှိန်လှပြီ။ ဖတ်၍ရရုံသာ ရှိတော့သည်။ စေ့စေ့စပ်စပ်ကြည့်မိမှ ရေးထားသည့်စာများအားလုံးမှာ အကြီးအသေးသာ ကွာသော်လည်း တစ်မျိုးတည်းသာ ရေးထားကြောင်းတွေ့ရသည်။

'ဟေမာန်'…တဲ့

ထိုစာလုံးနှင့်တွဲလျက် ရက်စွဲအသီးသီးကို မတူကွဲပြားစွာ တွေ့ရသည်။ သေချာသည်ကတော့… ထိုစာများအားလုံးကို လူတစ်ဦးတစ်ယောက်တည်းမှ ရေးထားမှန်း သိသာလောက်အောင် လက်ရေးက တူညီလွန်းလှသည်။

ငတီးအတွက် အတွေးပွားစရာ များလေပြီ။

ထို့ကြောင့် ဒေါ်မြင့်နှင့် အိမ်ဝယ်မည့်သူများ ပြန်ခါနီးနှုတ်ဆက်ကြသည်ကိုပင် မကြားနိုင်တော့။ ဘယ်အချိန် ပြန်ထွက်သွားကြသည်ကို သတိမထားမိနိုင်တော့။





'ဟေမာန်'ဆိုတော့ မိန်းကလေးဖြစ်ဖို့များသည်။ ဒါပေမဲ့ ဒီနေ့ထိတိုင် မိမိအသိမိန်းကလေး တစ်ယောက်မှမရှိ။ အသိယောက်ျားလေးများထဲတွင်လည်း မရှိတာသေချာသည်။

သေသေချာချာ ချုံ့ကားတွေးကြည့်လျှင်…

ဒီလိုမျိုး လျှို့ဝှက်အတွေးများကို ပွားစေသူမိန်းကလေး…

ငတီး တစ်ခုခုကို သိသလိုလိုရှိသွားသည်။ ထို့ကြောင့် ရေးထားသည့် ရက်စွဲများကို အပြေးအလွှား ပြန်ရှာမိသည်။ အစီအစဉ်တကျရေးထားခြင်းမျိုးမဟုတ်သဖြင့် အချိန်ယူပြီး စေ့စေ့စပ်စပ်ဖတ်ကြည့်ရသည်။

ထိုအခါမှ ပထမဆုံးရေးထားသည့်နေ့သည် သူ ရန်ကုန်မြေမှ ထွက်ခွာပြီးနောက်တစ်နေ့ ဖြစ်နေကြောင်း တွေ့ရသည်။

ကေသီဘဦးကလည်း မိမိအိမ်ရှေ့တွင် မိန်းကလေးတစ်ယောက် နေ့စဉ်ရောက်ခဲ့ကြောင်း ပြောခဲ့သည်။ မယုံခဲ့။ ဖြစ်နိုင်မည်ဟုလည်း လုံးဝမထင်ခဲ့။ ဒါဆို…

'ဟေမာန်'ဆိုတော့ 'ဆောင်း'

'ဆောင်း'ဆိုမှတော့ 'ဆောင်းဝေ'ပေါ့။

မထင်ခဲ့ပါ။

အနိုင်ယူလိုစိတ်သာ ပြင်းထန်ပြီး တစ်ပါးသူ၏ ရင်ထဲက ခံစားချက်အစစ်အမှန်ကို ဥပေက္ခာပြုရက်ခဲ့သော မိန်းကလေးသည် ၂ နှစ်တာကာလအတွင်း မိမိကို နေ့စဉ်ရက်ဆက် လာရှာခဲ့မည်ဟု…။

ဒါဆိုရင်…

ပွဲစားဒေါ်မြင့်ရေ ခင်ဗျားတော့ ကျွန်တော့်ဆီက ပွဲခရဖို့ လုံးဝလုံးဝ မဖြစ်နိုင်တော့ဘူးဗျို့…။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာမှ ငတီး၏ ဝမ်းဗိုက်တွင်းမှ အသံမျိုးစုံအော်မြည်သံထွက်ပေါ်လာသည်။ နာရီကို ကြည့်မိတော့ ညနေငါးနာရီထိုးတော့မည်။ နေ့လယ်စာပင် မစားမိသဖြင့် ဆာလောင်လွန်းနေပြီ။

နံရံပေါ်ရှိ စာများအရ ဒီနေ့လည်း ဆောင်းဝေရောက်လာမှာ သေချာသည်။ လမ်းထိပ်ထွက်၍ ထမင်းဆိုင်မှာ ထမင်းစားနေတုန်း ရောက်လာခဲ့သော်…

ငတီး အလုပ်ရှုပ်သွားတော့သည်။

နံရံပေါ်ရှိ စာများအားလုံး ဖုံးအုပ်သွားသည်အထိ စာရွက်အဖြူများဖြင့် ကပ်လိုက်သည်။ ၎င်းအပေါ်တွင်မှ…

'ကိုယ်ပြန်လာပြီ'

၎င်းစာအောက်တွင် ဝတုတ်တုတ်ကလေးတစ်ယောက်က ရှေ့တွင် ထမင်းဇလုံကြီးကြီးကိုချလျက် ပါးနှစ်ဖက်ဖောင်းကားနေသည်အထိ ထမင်းကို အားရပါးရ စားနေသည့်ပုံလေး ဆွဲလိုက်သည်။

ဒါဆို စိတ်ချသွားရပါပြီ၊ ဟိုကလေးမ… အပြုံးမြမြနဲ့ သိသွားမှာ သေချာသည်။

ထိုအခါမှ လမ်းထိပ်တွင် ထမင်းသွားစားရန် အလျင်အမြန်ထွက်သည်။

ထမင်းဆိုင်သို့ ရောက်ပြီးသည့်အခါတွင်လည်း အချိန်ကုန်မည်စိုးသဖြင့် ဆိုင်တွင် ထိုင်မစားတော့ဘဲ ပါဆယ်ထုပ်ခိုင်းလိုက်သည်။

ထမင်းဆိုင်မှအထွက် လမ်းပေါ်ရောက်ရောက်ချင်းပင်…

'ဟာ… ငတီး…မင်း ဘယ်တုန်းကပြန်ရောက်…'

ကိုဝင်းမြိုင် စကားမဆုံးလိုက် ငတီးက ဆိုက်ကားပေါ် ဆွဲခနဲတက်ထိုင်ပြီး…

'ကိုဝင်းမြိုင်… ခင်ဗျား ဆိုက်ကားကို ဘယ်လောက်မြန်မြန်နင်းနိုင်လဲ'





'အဲ…အဲ့ဒါတော့…'

'ခင်ဗျားနင်းနိုင်တာထက် အဆပေါင်းများစွာသာအောင် နင်းပေးရော ကျွန်တော့်အိမ်ရှေ့ကို စက္ကန့်ပိုင်းအတွင်းရောက်ရင် ပိုကောင်းတယ်'

'ဘာ… ဘာဖြစ်လို့…'

'သူ…အကြာကြီးစောင့်နေရမှာစိုးလို့'

'ဟော… ပေါက်ပြီ၊ ဝင်းမြိုင်သိသွားပြီ၊ ဟုတ်တယ်… စောင့်နေခဲ့ရတာ အရမ်း…အရမ်းကို ကြာနေခဲ့ပြီကွ'

'ကိုဝင်းမြိုင်… ခင်ဗျား မဝေးတော့ဘူး'

'အိုကေ… မင်းပြောတာထက် ပိုမြန်စေရမယ်ဟေ့'

◆



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

"ငါလာနေပါပြီ
နွမ်းလျနေတဲ့ မင်းရင်ခွင်ဆီကိုပေါ့
နောက်ကျသွားတဲ့အတွက်
ပိုပြင်းထန်တဲ့အချစ်တွေနဲ့
လျော်ကြေးပေးပါ့မယ်
ဆောင်းဦးလေပြေရနံ့တွေလည်း ရနေပြီဆိုတော့
ငါတို့တစ်တွေ
နှင်းစက်တွေကြားမှာ အတူတွဲခိုရင်း
လမ်းလျှောက်ကြမယ်...
နည်းနည်းတော့ ချမ်းမှာပေါ့...
ဒါပေမဲ့...
ငါ ထွေးပွေ့ထားပါ့မယ်..."

◆



အလင်းရောင်တွေ ကမ္ဘာမြေအနှံ့ ပျံ့ကြဲထားဆဲအချိန်တွင် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

နှစ်ဦးစလုံး၏ မျက်ဝန်းတွေထဲတွင်လည်း မျက်ရည်တွေ ဝေ့သီနေခဲ့ကြ၏။

တစ်ဦးမျက်ဝန်းထဲက အလွမ်းငွေ့တွေကို နောက်တစ်ဦးကလည်း အတိအကျခံစားလို့ရနေသည်။

ကောင်လေးက ဆို့နင့်သောလေသံဖြင့်...

'ငါ အရမ်းကို နောက်ကျသွားတယ် ထင်တယ်'

ကောင်မလေးက...

'လုံးဝရောက်မလာတာထက်စာရင် တော်သေးတာပေါ့'

ပြီးတော့ နှစ်ယောက်သား မျက်ရည်များအကြား ပြုံးလိုက်မိသည်။

ကောင်မလေးက...

'ရှင်... ကျွန်မကို ရည်းစားစကားပြောပြီး အဖြေပြန်မတောင်းရသေးဘူးနော်'

ကောင်လေး ဝန်ခံသည်။

'ဟုတ်ပါ့... အချိန်ပါးပါးလေးလောက်တော့ ရှေ့ကို ကိုးခဲ့သင့်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ဘယ်တော့ ဒီအဖြေကို ပြန်တောင်းမယ်စိတ်ကူးလဲ'

'အခု…'

ကောင်မလေး ခပ်ယဲ့ယဲ့ပြုံးသည်။

ကောင်လေးက အပြုံးနွေးနွေးဖြင့်…

'ငါ့ကို အဖြေပြန်ပေးပါတော့ ဆောင်းဝေ'

ကောင်မလေး မိုရှ်ပြုံးသည်။

နောက်တော့…

မိုးက တဖွဲဖွဲရွာသွန်းလာသော်လည်း

သူတို့ချစ်သူနှစ်ယောက်အကြား

လုံးဝပင်စိုစွတ်ခြင်းမရှိတော့…။

ငတီးတစ်ယောက်…

ထမင်းနှင့် ရုပါဂလူးကို မှားပြီးဝယ်ခဲ့မိလေပြီလား မသိ…။

▢

ချစ်မှုများရှင်



www.burmeseclassic.com